www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက် · · · · · · ၅၀၁၄၆၉၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက် · · · ၅၀၁၅၂၉၁၀၀၉
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၀၉ နိုဝင်ဘာလ
အုပ်ရေ - ၁၀၀၀-အုပ်
တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးသန်းချို -အောင်နိုင်

စီစဥ်သူ -ဒေါ်ငွေးငွေးမော်

၈၉၅ ·၈၃

ခင်သုဇာ
ရွှေဖူးစာ/ ခင်သုဇာ။ - ရန်ကုန်
ဉာဏ်ဝင်း စာပေ ၂၀၀၉။
၂၄၈ - စာ ၊ ၁၂· ၅ X ၁၇· ၅ စင်တီ။
(၁) ရွှေဖူးစာ

ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ်၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီ ပုံနှိပ်တိုက်
အမှတ်(၁၂၇)၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁ ]

စီးပွားရေးတက္ကသိုလ် ပုရဝုဏ်အတွင်းမှာ ကျောင်းသား ကျောင်းသူတွေ ဥဒဟို လှုပ်ရှားသွားလာနေသော်လည်း စိုင်းနှင့် မဒီတို့ နှစ်ယောက်မှာတော့ အတွေးကိုယ်စီဖြင့် ငြိမ်သက်တိတ်တိတ်နေကြပါသည်။

နောက်ဆုံးနှစ် စာမေးပွဲကြီးဖြေ၍ ပြီးတော့မည်မို့ ချစ်သူနှစ်ဦးအတွက် နောက်ဆုံး နှုတ်ဆက်ခွဲခွာကာ ရှေ့ရေးအတွက် အချိတ်အဆက် လုပ်ရတော့မည် မဟုတ်ပါလား။

ပြဿနာက စိုင်းနှင့် မဒီတို့က နီးနီးနားနား နေထိုင်ကြရသော ချစ်သူတွေ မဟုတ်။

www.burmeseclassic.com



စိုင်းက တောင်ကြီးဇာတိဖြစ်ပြီး မဒီက ထားဝယ်ဇာတိ ခရီးက ဝေးကွာလှပါသည်။

တော်ရုံတန်ရုံမျှနှင့် တွေ့ဆုံနိုင်ဖို့ အခွင့်အရေးက နည်း သွားပြီဖြစ်၏။

အထူးသဖြင့် စိုင်းတစ်ယောက် ကြွေ မဆည်နိုင်အော ပင် မျက်နှာပျက်နေပါတော့၏။

"မဒီ"

"ဟင်"

"ဘယ်လိုလုပ်ကြမလဲ ဟင်"

"စိုင်းရယ်. . . မဒီ ပြောပြီးပြီလေ၊ အချိန်တွေ အများကြ ရှိပါသေးတယ်လို့"

"ဟာကွာ. . . အဲဒီအချိန်တွေအများကြီးအထိ ကို မစောင့်နိုင်ဘူး မဒီရာ"

"ဟင်"

"လက်ထပ်ကြရအောင်ကွာ . . . နော်. . . မဒီ"

"ဟင်"

"တကယ်ပြောတာ. . . ကိုယ် မဒီကို သိပ်ချစ်တာ အဝေး မခံနိုင်ဘူးကွာ"





"စိုင်း"

"ဟင်. . . မဒီ"

"ဘယ်သူက ဝေးမှာလဲလို့"

"ခု ကျောင်းပိတ်ရင် ကိုယ်တို့ခွဲခွာရတော့မယ် မဒီ၊ ပြန်ဆုံ ဖို့ဆိုတာ မလွယ်ဘူး ဟုတ်လား"

ချစ်သူကို ကြည့်ပြီး မဒီ သနားသွားရရှာ ပြုံးမိပါတော့ ၏။

ဖြူစင်ရိုးသားသော စိုင်းကို မဒီလည်း အလွန်ချစ်ရပါ သည်။

မဒီ့အပြုံးကြောင့် စိုင်းက ဘဝင်မကျဟန် မျက်မှောင် လေးကြုတ်ကာ မေးတော့၏။

"မဒီ ဘာပြုံးတာလဲ၊ ကိုယ့်ရင်ထဲမှာ တကယ်စိုးရိမ်နေပြီ သိလား၊ မဒီက ပြုံးနိုင်သေးတယ်ကွာ၊ ဘာလဲ ခွဲရတော့မှာကို မဒီက ပျော်နေလို့လား ဟုတ်လား"

စိုင်းအမေးကြောင့် မဒီ ပြုံးရာမှ ရယ်မိရပါတော့၏။

"အဟင်း. . . ဟင်း. . . ဟင်း စိုင်းရယ်၊ ဖြစ်ရလေ တောက်ညှင်းက မစေးရဘဲနဲ့ ဆန်ကြမ်းက စေးနေပြန်ပြီနော်"

"ဟင်. . . ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"မဒီက မိန်းမသားရှင့်၊ ချစ်သူကို လွမ်းရ တမ်းတရ ပူပ... သောကတွေနဲ့ စိုးရိမ်ရမှာကိုလည်း ထည့်တွက်ပါဦး စိုင်းရယ်... တာကတဲ သူချည်းပဲ ချစ်တတ်တာ ကျနေရော"

မဒီ မျက်စောင်းလှဲလှဲလေး ချိတ်ပြောတော့မှ စိုင်းလည်း... ပြုံးယောင်မျက်နှာလေးဖြင့် မဒီ့လက်နှစ်ဖက်ကို စုကိုင်ကာ. . .

"မဒီလည်း ကိုယ့်လိုပဲလား. . . ဟုတ်လား"

"အင်းပေါ့. . ."

"ဒါဖြင့် ဘယ်လိုလုပ်မလဲကွာ၊ မဒီ ဘာတွေ စဉ်းစား... လဲဟင်၊ ပြောစမ်းပါဦး"

"စိုင်း"

"ဟင်"

စိုင်းရယ်. . . လက်ကို အသာဆုပ်ကိုင်ထားမိပြီး... သက်မ ဖွဖွလေးချကာ မဒီ ခေါ်လိုက်၏။ စိုင်းကလည်း မ... ပြောလာမည့် စကားတွေကို ငံ့လင့်နေလေသည်။

စိုင်းကို ပြောရန် မဒီ စကားလုံးဝါကျတွေ ရွေးချယ်နေ... ပါသည်။ အထူးသဖြင့် ဖေဖေ့အနေအထားကို စိုင်း ကြိုသိအောင်... ပြောပြချင်သော်လည်း မဒီ့ရင်ထဲမှာ စကားလုံးတွေ ပျောက်ဆုံး... နေရ၏။





အဘယ်ကြောင့်ဆိုသော် စီးပွားရေးသမားပီသလွန်းသော ဖေဖေ့ခံယူချက်က လောကမှာ ငွေသာ အဓိကအကျဆုံး ငွေရှိမှ လူရာဝင်ဆန့်ကာ အရာရာကို ဖန်တီးပြီးမြောက်စေနိုင်ဟု စွဲမှတ်ထားသည် မဟုတ်ပါလား။

ပို၍ မွန်းကြပ်စေရသော အချက်တစ်ခုက ဒေသ၏ မလေ့စရိုက်ဟုပင် ပြောရမလား မသိပါလေတော့။

သားပေး၊ သမီးယူ မင်္ဂလာအခမ်းအနားတွေမှာ သတို့သားဖက်က တင်တောင်းရမည့် ကြေးစရိတ်က သူ့ထက်ငါသာ ဇုဏ်တုဂုဏ်ပြိုင်တွေ လုပ်ကြကာ သိန်းဆယ်ဂဏန်းတွေ ချိတတ်သည့် တင်တောင်းကြေးတွေက တော်ရုံတန်ရုံ ငွေကြေးမတတ်နိုင်သူများအဖို့ တတယ်ပင် အားငယ်ကြေကွဲစရာ ကောင်းလှပါသည်။

ဖေဖေကလည်း တရားဝင်ကြီးကို ပြောထားပါ၏။

"ကျုပ်မှာ ဒီသမီးလေး တစ်ယောက်တည်းရှိတာ၊ တော်ရုံတန်ရုံလောက်နဲ့တော့ မပေးစားနိုင်ပါဘူး၊ သူများထက်သာတဲ့လူမှ သာအောင်လည်း တင်တောင်းနိုင်မှ၊ အဟွန်း. . ဟွန်း ဈေးတွက်တွက်ရင် ကျုပ်တို့သေရင် ဒီသမီးပဲ ရှိသမျှစည်းစိမ်တွေကို အမွေခံရမယ် မဟုတ်လား၊ ဒီတော့ ကျုပ်စည်းစိမ်တွေထက် မနည်းတဲ့လူဖြစ်မှ စဉ်းစားနိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ ဦးနှောက်ထဲမှာ စေတနာ၊ မေတ္တာ၊ အကြင်နာတရားတွေ ခေါင်းပါးလွန်းလှသည် မဟုတ်ပေမယ့် မဒီကို အလွန်ချစ်သော ဖေဖေ့ဆန္ဒတွေက အစွန်းရောက်လှပါသည်။

မေမေကလည်း ဖေဖေ့သဘောထားတွေကို မထောက်ခံပါ။

သို့သော် ဖေဖေ့အရိပ်အောက်မှာ ကြွယ်ဝပြည့်စုံချမ်းသာစွာ နေထိုင်ရသဖြင့် မေမေရော မဒီပါ ဖေဖေ့ တစ်သွေးတစ်သံ တစ်မိန့် ဟူသော ဝါဒနှင့်အညီ ကျင့်သုံးနေထိုင်ခဲ့ရပါ၏။

ကမ်းရိုးတန်းသွား ငါးဖမ်းစက်လှေကြီးများစွာကို ပိုင်ဆိုင်သော ဖေဖေ့ကို စီးပွားရေးလုပ်ငန်းရှင်အများစုက လေးစားအတုယူရလောက်အောင် စည်းစနစ်ကျန စေ့စပ်သေချာလှပါသည်။

ဖေဖေက လုပ်ငန်းခွင်မှာ တိကျစေ့စပ်သလောက် ဇနီးနှင့် သမီးအပေါ် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားတာလျှမ်းလျှမ်းတောက် နေထိုင်စေခဲ့ပါ၏။

မဒီတို့ တက္ကသိုလ်ပို့သောနှစ်မှာ ဖေဖေက ပြတ်သားတိကျစွာ မှာလိုက်သော စကားက. . .

“ကဲ . . . သမီး ဖေဖေ့လုပ်ငန်းမှာ အားကိုးနိုင်အောင် သမီးကို စီးပွားရေးဘွဲ့တစ်ခု ယူခိုင်းမယ် ဟုတ်ပြီလား၊ အစစ





အရာရာ လိုလေသေးမရှိစေရအောင် ဖေဖေ ပံ့ပိုးဖြည့်ဆည်းပေးမယ်၊ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနဲ့ကို သမီး တက္ကသိုလ်တက်ရမယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ ရည်းစားသနာကိစ္စတွေ ရှိလာခဲ့ရင်တောင်မှ ဖေဖေ့စိတ်ကြိုက် မဖြစ်တဲ့လူကို သမီး ရွေးချယ်ခွင့် မရှိဘူးဆိုတာ မြဲမြဲမှတ်ထားပေတော့”

ထိုစဉ်တုန်းက စိုင်းနှင့်လည်း မတွေ့ရသေးတာမို့ မဒီ ဖေဖေ့စကားကို ပြုံး၍သာ ငြိမ်နေခဲ့ပါ၏။

အချစ်ဆိုသည်မှာ ဆန်းကြယ်လွန်းလှပါသည်။ စိုင်းနှင့်တွေ့ရချိန်မှာတော့ မဒီခေါင်းထဲမှာ ဖေဖေ့အမှာစကားတွေ လုံးဝသတိမရတော့ပါ။

စိုင်းကို ချမ်းသာသလား၊ ဆင်းရဲသလားဆိုတာလည်း မဒီ စိတ်မဝင်စားပါ။ ရိုးသားဖြောင့်မတ်တည်ကြည်သော စိုင်း၏စိတ်ဓာတ်ကို မဒီ တကယ်လေးစားမြတ်နိုးပါ၏။

အထူးသဖြင့် မဒီကို အလွန်မြတ်မြတ်နိုးနိုးရှိလှသော စိုင်း၏ရင်တွင်းမှ နက်ရှိုင်းသော မေတ္တာအကြင်နာကို မဒီ ဘယ်လိုမှ ဥပေက္ခာ မပြုနိုင်ခဲ့တာမို့ ဖိုင်နယ်နှစ်စပိုင်းလောက်မှာမှ စိုင်းကို ခေါင်းညိတ်အဖြေပေးခဲ့ပါသည်။

ခုတော့ နှစ်ဆုံးတော့မှာမို့ ခွဲခွာချိန်ရောက်ပြီဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



စိုင်း၏ခံစားချက်ကို မဒီ တကယ်ပင် စာနာနားလည်မိပါ၏။

"မဒီ"

"ဟင်"

အတွေးဖြင့် ငေးငေးလေးရှိသွားသော ချစ်သူကို စိုင်းက လက်ကလေးကိုင်ကာ လှုပ်ကာ မေးလိုက်တော့မှ မဒီ ဆတ်ကနဲ ဖြစ်သွားရရှာ ယဲ့ယဲ့လေးပြုံး၍ ပြောလိုက်ရ၏။

"စိုင်းရေ. . . မဒီတစ်ခု ပြောမယ်နော်"

"အင်း. . . ပြောလေ မဒီ၊ ကိုယ်က မဒီ ပြောမယ့်စကားကို နားထောင်နေတာ၊ မဒီက ခေါ်ပြီး ဘာမှမပြောဘဲ ငေးနေတော့ ဘာတွေ စဉ်းစားနေလဲကွာ"

"စိုင်း မဒီ့ကို ချစ်တယ်နော်"

"ဟာကွာ. . . မဒီရာ၊ ဒီစကားမေးတာ စိုင်းအချစ်ကို မယုံလို့လားဟင်"

"ယုံပါတယ်. . . စိုင်းရယ်၊ မဒီချစ်တာကိုရော ယုံတယ် ဟုတ်လားဟင်"

"ယုံတယ် . . . ၊ ဘာလဲ မဒီ ဘာပြောမလို့လဲဟင်"

"စိုင်း"

"ဟင်"





"မဒီတို့က အခုမှ ကျောင်းပြီးကြတာဆိုတော့လေ အိမ်အတွက် တစ်လှည့်ပြန်ပြီး အထောက်အကူဖြစ်အောင် ကူညီပေးရဦးမှာ မဟုတ်လား"

"အင်း. . . မဒီဆိုလိုတာက. . ."

"တောင်ကြီးနဲ့ ထားဝယ်ဆိုတာ မဝေးပါဘူး စိုင်းရယ်"

"ဘာ. . . ဘာရယ် မဝေးဘူး ဟုတ်လား မဒီရယ်၊ အမလေးဗျာ. . . ပြောရက်လိုက်တာကွာ၊ ဒီကောင့်ရင်ထဲ ခင်ဗျား ဝင်ကြည့်စေချင်တယ် သိလား၊ အဆက်အသွယ်ပြတ်ပြီး ဝေးသွားမှာ စိုးလွန်းလို့ ဂွမ်းပြန်အောင် ရင်ပူနေရပြီသိလား မဒီ၊ ကိုယ် မဒီနဲ့ အဝေးမခံနိုင်ဘူးကွာ၊ အမြန်ဆုံး လက်ထပ်ချင်ပြီ၊ မိဘကို လုပ်ကျွေးတာကလည်း လက်ထပ်ပြီးမှ နှစ်ယောက် အတူတူ လုပ်ကျွေးမယ်လေ၊ ပိုတောင် ကောင်းသေးတယ်၊ စိတ်ချ မဒီ့ မိဘတွေကို ကိုယ့်မိဘတွေလို သဘောထားပြီး ရိုရိုသေသေ လုပ်ကျွေးမှာပါ၊ ကိုယ်တို့ လက်ထပ်ရအောင်နော် မဒီ"

"မဖြစ်သေးဘူး စိုင်းရယ်"

"ဟင်"

"ကျောင်းပြီးပြီးချင်း မဒီ အိမ်ထောင်ပြုလိုက်ရင် ဖေဖေနဲ့ မေမေတို့ စိတ်မကောင်း ဖြစ်သွားကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာလို့လဲ မဒီ"

"ဟို. . . စိုင်းနဲ့လည်း သူတို့မရင်းနှီးသေးဘူးလေ၊ အချိန်ကာလတစ်ခုတော့ မဒီတို့ ပေးရလိမ့်မယ် စိုင်းရယ်"

"အချိန်"

"ဟုတ်တယ် . . စိုင်း၊ ဒီကြားထဲမှာ မဒီတို့ ဖုန်းနဲ့ အမြဲတမ်းဆက်သွယ်ရတယ်ပဲလေ၊ စိုင်းလည်း ထားဝယ်ကို လာလည်ပေါ့"

"ဟာ. . . အဲဒီအတွက်တော့ စိတ်ချ၊ စိုင်းက မဒီ မခေါ်လည်း လာကိုလာမှာ၊ မဒီ့ဆီမှာ လာတည်းမှာနော်"

"အဟင်း. . . မလုပ်ပါနဲ့ စိုင်းရယ်၊ တည်းခိုခန်းတွေ ရှိပါတယ်၊ စိုင်း ဖုန်းဆက်လိုက်ရင် မဒီ ကြိုတင်ပြီး ဘွတ်ကင်ချိတ်ထားပေးမှာပေါ့"

"အိုကေ. . . ကိုယ့်ချစ်သူဇာ လိမ္မာတယ်ကွာ၊ စိတ်ချ စိုင်း သေချာလာပြီး မဒီ့မိဘတွေနဲ့ ရင်းနှီးအောင် နေမယ်၊ ပြီးမှ နားဖောက်မယ်၊ ဟုတ်လား"

"အင်း"

ခေါင်းသာ ညိတ်လိုက်ရပေမယ့် မဒီ့ရင်ထဲမှာ လေးသွားရတာ အမှန်ပင်။



## အခန်း [ ၂ ]

"နင့်အစား ငါ ရင်မောတယ် မဒီရာ"

"ဟင်"

စုစု၏စကားကို မဒီ နားမလည်။

"ဘာကိုလဲ စုစု"

"နင်က စိုင်းကို လက်တွဲဖော်အဖြစ် ဆုံးဖြတ်ထားတာလား"

မဒီ့မျက်နှာပေါ်မှာ အလိုမကျရိပ်တွေ ချက်ချင်းသန်းလာရစ္စာ စုစုကို မကျေမနပ်လေး ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စုစု . . . နင်ဟာ ငါ့ အခင်ဆုံးသူငယ်ချင်းမို့သာ ငါ သည်းခံလိုက်တယ် မှတ်ပါ၊ ဒီစကား မေးရအောင် ငါက စိုင်းကို အပျော်ကြိုက်တာလို့ နင် ထင်နေလို့လား ပြောစမ်းပါဦး"

စုစုပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောလေသည်။

"မထင်တော့ မထင်ပါဘူးဟာ၊ နင်တို့နှစ်ယောက် အရမ်းချစ်ကြတာ၊ ငါမပြောနဲ့ တက္ကသိုလ်တစ်ခုလုံးက သိတယ်"

"ဒါနဲ့များ နင် ဒီလို ပြောရလားလို့"

"အကြောင်းရှိတယ်လေ. . . မဒီ"

"အကြောင်းဟုတ်လား. . . စုစု"

"အင်းပေါ့. . . အကြောင်းက တစ်ခုတည်းတောင် မဟုတ်ဘူး၊ နှစ်ခု ရှိတာ"

"ဘာလဲ ဘာနှစ်ခုလဲ"

"တစ်ခုက. . . နင့်အဖေ"

"ဟင်"

စုစုစကားကြောင့် မဒီ့ရင်ထဲ ဒိန်းကနဲ တုန်သွားရ၏။

"နင့်အဖေအကြောင်း နင်ပိုသိမှာပေါ့ မဒီရာ၊ လောကမှာ ငွေသာအဓိကလို့ ခံယူထားတဲ့လူက စိုင်းလို သာမန်လူတစ်ယောက်နဲ့နင့်ကို သဘောတူပါ့မလားပဲ"





မဒီ ဘာမှမပြောနိုင်တော့။

စုစုပြောသလိုပင် စိုင်းပုံစံက ငွေကြေးချမ်းသာသော သုံးနိုင်ဖြုန်းနိုင် အနေအထားမဟုတ်။

ရိုးရိုးအေးအေး တည်ကြည်ဖြောင့်မတ်သော သာမန် အဆင့်အတန်းလောက်သာခန့်မှန်းရ၏။

သို့သော် စိုင်းကို မဒီချစ်တာ ငွေကြေးဓနဥစ္စာနှင့် တိုင်းတာ၍ ချစ်ခဲ့တာ မဟုတ်သဖြင့် မဒီ့အချစ်က ပကာသန လုံးဝ မဖက်ပါ။

"မဒီ"

"ဟင်"

"စိုင်းရဲ့မိဘတွေ ဘာစီးပွားရေးလုပ်သလဲ၊ နင်သိသား"

မဒီ တစ်ခါမှ မမေးဘူးပါ။

စိုင်း တစ်မျိုးထင်မှာစိုး၍ မေးရန်လည်း ဆန္ဒမရှိခဲ့ပါ။

ခေါင်းသာ ရမ်းပြလိုက်ရ၏။

"ဟင့်အင်း . . . စုစု၊ ငါ . . . မသိဘူး"

"ငါ . . . မေးဖူးတယ်၊ သူ့မိဘတွေက လိုမ်ိုးခြံနဲ့တဲ့"

"ဪ. . ."

"ကြည့်ရတာ မဆင်းရဲပေမယ့် အချမ်းသာကြီးထဲတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးပေါ့ဟာ၊ အဲဒီတော့ နှင့်အဖေက သူ့ကို လက်ခံနိုင်ပါ့မလား"

"ဖေဖေ့ကို ငါ တဖြည်းဖြည်း စည်းရုံးရမှာပေါ့ စုစုရယ်၊ အချိန်တော့ လိုမှာပေါ့လေ"

"လွယ်မယ်ထင်လား. . . မဒီ"

"ဟင်"

"စိတ်မရှိနဲ့ဟာ. . . နှင့်အဖေက ငွေအရမ်းမက်တာ၊ မြို့မျက်နှာဖုံးဆိုပြီး ရင်ကော့ခေါင်းမော့ လက်မထောင်နေတဲ့လူက သူ့သမီးကို တော်ရုံတန်ရုံနဲ့ မပေးစားနိုင်ဘူးလို့ ကြေငြာထားတာ မကြားချင်မှ အဆုံးပဲဟာ"

"ဟုတ်တယ် စုစုရယ်၊ အဲဒီအတွက် ငါ ရှက်လည်း ရှက်တယ်၊ စိတ်လည်းညစ်တယ် သိလား၊ ဒါပေမယ့် ဖေဖေက ငါ့ကို သိပ်ချစ်တာပါ"

"တစ်ဦးတည်းသော သမီးလည်းဖြစ်၊ ရှိသမျှ အမွေတွေ နင်ပဲ ဆက်ခံရမှာဆိုတော့ နှင့်အဖေက ခြေဗလာ လက်ဗလာ သိုက်တူးသမားတွေနဲ့ တွေ့မှာစိုးတာ ဖြစ်မှာပေါ့၊ ဒါပေမယ့် နှင့်ကို သူ အော်ပြီးရောင်းနေသလို ဘယ်သူမှ မဝယ်ရဲအောင် ဈေးက အရမ်းမြင့်နေတော့ ဘယ်သူကပ်ရဲတော့မှာလဲလို့၊ နှင့်အဖေက





လည်း လွန်ပါတယ်ဟာ၊ အင်းလေ. . တစ်မျိုးစဉ်းစားတော့လည်း နှင့်ကို ကောင်းစားစေချင်လွန်းတဲ့ စေတနာမေတ္တာတွေဖြစ်မှာပေါ့"

"စုစု"

"အင်း"

"ဖေဖေက ငွေစကားပြောလွန်းလို့ မေမေလည်း စိတ်ရှုပ်တယ် သိလား"

"ဖြစ်မှာပေါ့၊ ဒါပေမယ့် နှင့်အမေက တကယ်အေးဆေးဝါတယ်ဟာ၊ နှင့်အဖေကလည်း သူများတွေအပေါ် သာ သူ ကုတ်တတ်စေးနဲ့ စစ်စီတတ်သလောက် သူ့ဇနီးနဲ့ သမီးကိုတော့ အပျံစား ထားတာနော်၊ လိုလေသေး မရှိဘဲ"

"အင်း. . . ဟုတ်တယ်၊ အဲဒါကြောင့်လည်း ဖေဖေ့ကို လေးစားအားကိုးမှုတွေနဲ့ မေမေရော ငါပါ ဖေဖေ့ဩဇာအတိုင်း နေလာခဲ့တာပဲလေ"

"အေး. . . အဲဒီဩဇာက အခု နင် စိုင်းနဲ့ တွေ့တဲ့အချိန်မှာ သမီးအလိမ္မာ ဖြစ်နိုင်ဦးမလား မဒီရယ်"

"ဖေဖေ နားဝင်အောင်. . ."

"အဟင်း. . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မဒီ့စကားမဆုံးခင် စုစုက သဘောကျစွာ ရယ်လိုက်ပြီးမှ. . .

“မဒီရယ်. . . နင့်အဖေ နားထဲဝင်အောင်ဆိုတဲ့နေရာမှာ ဖေဖေရေ. . . သမီးမှာ ချစ်သူရှိနေပြီ၊ အဲဒီလူက သမီးကို သိန်းတစ်ရာနဲ့လာပြီး တင်တောင်းမယ်တဲ့လို့သာ ပြောလိုက်ကြည့် တစ်ခါတည်း နားထဲတန်းဝင်ရော. . . ကဲ”

“အဟင်း. . .”

မချိုပြုံးလေးဖြင့်သာ မဒီ ဘာမှမပြောနိုင်တော့။

စုစု ပြောလည်းပြောစရာ။

“နောက်တစ်ခု ရှိသေးတယ် မဒီ”

“ဟင် . . . ဘာလဲ”

“ညီလေ. . . ညီ”

“ဟင်”

ညီဆိုသော မင်းခန့်ညီက မဒီနှင့် စုစုတို့၏ သူငယ်ချင်းအရင်းခေါက်ခေါက်။

ဆယ်တန်းအောင်ကတည်းက ညီတစ်ယောက် စီးပွားရေး အဆင်မပြေသဖြင့် တက္ကသိုလ် ဆက်မတက်နိုင်၊ မိခင်မုဆိုးမ မုန့်ဟင်းခါးရောင်းသော ဝင်ငွေလေးဖြင့် သားအမိနှစ်ယောက် ချို့တဲ့ကြပ်တည်းစွာ ရုန်းကန်ခဲ့ကြရ၏။





ညီ့ကို ပညာတတ်ဖြစ်စေချင်လွန်း၍ မိခင်ဒေါ်လုံးက ဆယ်တန်းအောင်သည်အထိ အကြပ်အတည်းများကြားမှ ကျောင်းထားပေးခဲ့လေသည်။

ညီ့ကို မဒီရော စုစုပါ စာအုပ် စာရေးကိရိယာကအစ ကျောင်းအဝတ်အစားတွေပါ အလျှင်းသင့်သလို ကူညီထောက်ပံ့ပေးခဲ့ရသည့် ငယ်သူငယ်ချင်း ဖြစ်၏။

“ညီ. . . ဘာဖြစ်လို့လဲဟင် စုစု၊ နင်နဲ့ အဆက်အသွယ်ရှိပြီလားဟင်”

မဒီတို့ တက္ကသိုလ်စတက်ကတည်းက ညီတစ်ယောက် ထားဝယ်မှာ မရှိတော့။ ကျောင်းပိတ်၍ ပြန်တိုင်း မဒီရော စုစုပါ ညီ့အမေ ဒေါ်လုံးဆီသို့ ရောက်ခဲ့ကြ၏။

ဒေါ်လုံးက မျက်ရည်လေး တလည်လည်ဖြင့်. . .

“သမီးတို့ သူငယ်ချင်းလေ၊ ဟိုဖက်ရောက်နေတယ်တဲ့ အဒေါ်လည်း မသိပါဘူးကွယ်၊ အဖော်ကောင်းလို့ လိုက်သွားတာတဲ့လေ၊ အဒေါ့်ကိုတောင် မဆက်သွယ်ပါဘူးကွယ်၊ ချမ်းသာတဲ့တစ်နေ့ ပြန်လာမယ်တဲ့၊ ဆင်းရဲတဲ့ဘဝကို သူ စိတ်နာလွန်းလို့ အလုပ်ကြိုးစားလုပ်ပြီး ငွေစုနေတယ်တဲ့လေ”

ပြောရင်း ဒေါ်လုံး မျက်ရည်ကျတော့ မဒီတို့ပါ မျက်ရည်ဝဲကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



“အဒေါ်က သူ့ကို ပညာတတ်ကြီး အရာရှိအရာခံဖြစ်စေချင်တာ၊ သူ့ဆန္ဒက တစ်မျိုးဖြစ်နေတာကိုး၊ ဟိုဖက်သွားတာ လူတစ်ရာမှာ တစ်ယောက်၊ ကြီးပွားချမ်းသာဖို့ ခက်ပါတယ်ကွယ်၊ ဒုက္ခဖြစ် ဘဝပျက်ပြီးပြန်လာကြတာ မြင်လေ၊ အဒေါ် စိတ်ဆင်းရဲလေပဲ သိလား”

“အဒေါ်ရယ် ညီက အတွေးအခေါ် အရည်အချင်းရှိတဲ့လူပါ၊ သူ့ကိုယ်သူ ကျောင်းတတ်မှာပါနော်၊ ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ သူ့စကားအတိုင်း အောင်မြင်တဲ့တစ်နေ့ သူ ပြန်လာမှာပါ”

“အင်း. . . အဒေါ်လည်း အဲဒီတစ်နေ့ကိုပဲ ဘုရားမှာ ဆုတောင်းရင်းနဲ့ စောင့်နေတာပါကွယ်”

ခုတော့ စုစု အစဖော်လိုက်သဖြင့် မဒီ လှုပ်လှုပ်ရှားရှား ဖြစ်သွားရရှာ မေးလိုက်တာကို စုစုက ခေါင်းအသာယမ်း၍. . .

“အဆက်အသွယ်မရပါဘူး မဒီရာ၊ ငါ ပြောတာက သူ ခုလို အလုပ်သွားလုပ်တဲ့ ရည်ရွယ်ချက်က အမိက နင့်ကြောင့်ပဲလေ”

“ဘာ. . . ဘာရယ် စုစု. . . ငါ့ကြောင့်”

“အင်း”

“ဟာ. . . ဘာဆိုင်လို့လဲ”

“ညီက နင့်ကို စိတ်ဝင်စားနေတာ မဒီ”





“အို. . . မဟုတ်တာ”

မျက်နှာတစ်ခုလုံး ရှိန်းကနဲ နွေးသွားရရှာ မဒီ စုစုကို အထိတ်တလန့်ကြည့်ကာ ခေါင်းခါပြလိုက်ရ၏။

စုစုက. . .

“အေး. . . နင်တော့ ဘယ်သိမလဲဟာ၊ သူက ငါ့ကို ရင်ဖွင့်ဖူးတာ”

“ဟင်”

“သူငယ်ချင်းမို့ သူ ဘယ်လိုမှ ပြောမထွက်ဘူးတဲ့၊ တစ်မျိုးဖြစ်ပြီး သူငယ်ချင်းစာရင်းကပါ အပယ်ခံရမှာစိုးလို့တဲ့လေ”

“ဟာ မဟုတ်တာ စုစုရယ်၊ ညီ့ကို ငါ သူငယ်ချင်းလိုရော ဆွေမျိုးမောင်နှမလိုပါ ဖြူဖြူစင်စင်လေးကို ခင်မင်ရတာပါဟာ၊ သူ ငါ့အပေါ် ဒီလိုစိတ်မျိုး မထားသင့်ပါဘူး”

“အေး. . . အဲဒါ ငါသိလို့ နင် စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ တမင်ကို မပြောပြတာ၊ နောက်တစ်ခုက နင့်အဖေကြောင့်လည်း ပါတာပေါ့လေ”

“ဟင် . . . ဖေဖေ့ကြောင့်”

“အင်း. . . ညီက ဆင်းရဲတာကို စိတ်နာပြီး အလုပ်ကြိုးစားလုပ်ချင်တဲ့ စေ့ဆော်မှုဟာ နင့်အဖေက သူ့သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတဲ့သူနဲ့မှ သဘောတူနိုင်မယ်လို့ ဟစ်ကြွေးထားတာ မဟုတ်လားလို့"

"သြော်. . . ဖြစ်ရလေနော်"

"အဲ့ဒါကြောင့် ညီက စွန့်စားပြီး ထွက်သွားတာနေမှာ"

"ဟုတ်ပါပြီ. . . စုစုရယ်၊ အဲဒါနဲ့ အခု ငါ့ကိုစွနဲ့ ဘာများ ပတ်သက်နေလို့လဲ"

"အေးပေါ့လေ. . . ပတ်သက်တယ်လို့တော့ ငါ မဆိုလိုပါဘူး မဒီရယ်၊ ဒါပေမယ့် ညီဟာ နင့်ကိုလိုချင်လို့ နင့်အဖေ သဘောတူနိုင်အောင် ကြိုးစားနေတယ်ဆိုတာ နင် သိထားစေချင်လို့ပါ"

"ဟင့်အင်း. . . ငါ့အနေနဲ့ စိုင်းကလွဲပြီး ဘယ်သူ့ကိုမှ မယူနိုင်ပါဘူး စုစုရယ်"

"တကယ်လို့ စိုင်းနဲ့နင့်ကို နင့်အဖေက သဘောမတူဘူး ဆိုရင်တော့ ငါ ဖြစ်နိုင်ချေကို ပြောတာနော်"

"အဟင်း. . . စုစုရယ်၊ အဲဒီလိုဆိုရင်လည်း ဖေဖေနဲ့ငါ အပေးအယူ တစ်ခုခုတော့ လုပ်ရတော့မှာပဲ"

"ဘယ်လို အပေးအယူလဲ"

"ဖေဖေ သဘောမတူတဲ့လူကို သမီး မယူရဘူးဆိုရင်





တော့ သမီး ဘယ်သူ့ကိုမှ လက်မထပ်ဘဲနဲ့ အပျိုကြီးဘဝနဲ့ နေသွားဖို့ သဘောတူ ကတိပေးရမယ်လို့ပေါ့"

"ဟင်. . . တကယ်ပဲ အဲဒီလိုလား"

"အင်း. . . ဒါပဲ ရှိတော့တာ"

"ညီက နင့်ကို တကယ်ချစ်နေတာပါ မဒီရာ"

"သြော်. . . စုစု"

"ဟင်. . . ဘာလဲ"

"နင် . . . ငါ့ကို တကယ်ခင်တယ်နော်"

"အံမယ်. . . မေးဖို့လိုသေးလား"

"အကူအညီတောင်းချင်လို့"

"ပြော"

"စိုင်းလေ. . . ထားဝယ် လာလည်မယ်တဲ့"

"အင်း. . ."

"အဲဒီကျရင် ဟိုဟိုဒီဒီ လည်ပတ်ဖို့ နင် ငါ့ကို အဖော်လုပ်ပေးရမယ်နော်"

"အင်းပါ. . . စိတ်ချ၊ ကူညီရမှာပေါ့၊ စိုင်းကို ငါလည်း ခင်ပါတယ်ဟာ"

"ကျေးဇူးပဲ စုစုရယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃ ]

အိမ်ပြန်ရောက်တော့လည်း မေမေ့ကို ချက်ပြုတ်ရေးမှာ ဝင်ကူရင်း စိုင်း၏ဖုန်းကို ကြိတ်၍ မျှော်နေမိ၏။

စိုင်းထံမှ ဖုန်းမလာပါ။ နေမကောင်း၍များလားဟု မဒီ စိုးရိမ်နေရ၏။

စိုင်းဆီ ဖုန်းဆက်တော့လည်း အပြင်ထွက်နေပါတယ်ဟူသော အဖြေသာ ကြားနေရသဖြင့် စိုင်းတစ်ယောက် ဘာတွေများ အလုပ်များနေပါလိမ့်ဟူသော အတွေးဖြင့်သာနေလိုက်ရ၏။

ထမင်းစားခန်းထဲ ရှိနေစဉ် ဖုန်းမြည်လာသဖြင့် မဒီ ကမန်းကတန်းလေး ပြေးထွက်လာတော့ မေမေက ဖုန်းခွက်ကို ကိုင်ထားရာမှ ပြုံးပြုံးလေး လှမ်းပြော၏။





"စုစုတဲ့ သမီး"

"ဩော် . . . ဟုတ်ကဲ့ မေမေ"

ဖုန်းကိုယူကာ မဒီ နားထောင်လိုက်၏။

"စုစု ငါပါ ပြော"

"အေး . . . နင် အားလား မဒီ"

"ဘာလုပ်မလို့လဲ"

"ညီ့အမေဆီ သွားရအောင်ဟာ"

"ဟင်"

"အဒေါ် မုန့်ဟင်းခါးလည်း စားချင်လို့ဟာ၊ သွားမယ်နော် စောင့်နေ၊ ငါ အခု ထွက်လာခဲ့မယ်"

"ဟို . . ."

မဒီ ဘာမှ ပြောချိန်မရလိုက်တော့။

စုစုက ဖုန်းချသွားလေပြီ။

မေမေက အကဲခတ်ဟန် မျက်ဝန်းများဖြင့် ကြည့်နေပြီးမှ မေးတော့၏။

"ဘာလဲဟင် သမီး"

"စုစုက ညီတို့အိမ်သွားရအောင်တဲ့၊ ဒေါ်လုံး မုန့်ဟင်းခါး စားချင်လို့တဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မလုံးနဲ့တောင် မေမေ မတွေ့တာကြာပြီကွယ်၊ ခါတိုင်းဆို ဈေးမှာ တွေ့တွေ့နေတတ်တယ်လေ၊ မေမေလည်း ဈေးမရောက်တာကြာပြီဆိုတော့ ကြားရတာ ဟုတ်မဟုတ်တော့ မသိပါဘူးကွယ်၊ မလုံး မုန့်ဟင်းခါး မရောင်းတော့ဘူးတဲ့"

"ဟင်. . . ဘာဖြစ်လို့လဲ မေမေ"

"မေမေလည်း သေချာမသိပါဘူးကွယ်"

"နေထိုင်မကောင်းလို့များလား မေမေရယ်"

"အင်း. . . မပြောတတ်ဘူး၊ အကြောင်းကိစ္စမရှိဘဲနဲ့လည်း မေမေ ဘယ်မှမသွားတတ်တာ သမီး သိသားပဲလေ တစ်နေ့တစ်နေ့ သမီးဖေဖေ ဝေယျာဝစ္စတွေနဲ့ မေမေ့မှာ လုံးချာလည်နေရတာ၊ အဟင်း. . . အပြင်လည်း သိပ်မထွက်ဖြစ်ပါဘူးကွယ်၊ မသွားမဖြစ်တဲ့ လူမှုရေးကိစ္စတွေလောက်ပဲ ထွက်ဖြစ်တာ"

မေမေ့ကိုကြည့်ပြီး မဒီ သနားသွားရ၏။ မှန်ပါသည်။

မေမေ့ဘဝမှာ လင်သားအပေါ် အလွန်ဝတ္တရားကျေပွန်သော ဇနီးကောင်းတစ်ယောက်အဖြစ် သိမ်မွေ့အေးဆေးစွာ နေထိုင်လာခဲ့ပါ၏။

အသက်လေးဆယ်ကျော်ဟုဆိုသော်လည်း အရွယ်တင်ကာ မပူမပင် မကြောင့်မကြ မတောင့်မတ နေထိုင်ရသော ဘဝမို့





မေမေ့အလှက မဒီနှင့် ညီအစ်မဟုပြောလျှင်တောင်မှ ယုံလောက်ပါသည်။

ဖေဖေကလည်း မေမေ့အတွက်ဆိုလျှင် ရာသီဥတုနှင့်လိုက်ဖက်သော အဝတ်အစား အသုံးအဆောင်အမျိုးမျိုးကို ရက်ရောစွာ ဝယ်ကာ ဆင်ပေးတတ်သဖြင့် အိမ်နေဝတ် ချင်းမိုင်အကျီတွေဆိုလျှင် ဒီဇိုင်းစုံ အရောင်စုံ ရှိနေ၏။

နောက်ဆုံးပေါ် ပါတိတ်ဆိုလျှင်လည်း ဒါဇင်လိုက်ဝယ်ပေးတတ်တာမို့ မေမေ့အိမ်နေဝတ်တွေက လှလှပပ ရှိနေတော့၏။

စက်လှေသူဌေးကြီး ဦးတက်နေထွန်း၏ဇနီးမယားအဖြစ် မေမေ့အိမ်နေဝတ် အခေါက်လက်ကောက်ဆွဲကပင်လျှင် ငါးကျပ်သားခန့် ရှိနေလေသည်။ ရင်ညွန့်ကျော်အထိရှည်သော အမ်မီဆွဲကြိုးကြီးနှင့် စိန်နားကပ်၊ စိန်လက်စွပ် တဝင်းဝင်းနှင့် မေမေ့ကို အများတကာတွေ အားကျရသလောက် မေမေ အမြဲစိတ်ကသိကအောက်ဖြစ်စွာ ဝတ်ထားရသည်ဆိုပါလျှင် အံ့သြစရာ ဖြစ်မည်ထင်ပါသည်။

အမှန်ပင်. . .။ မေမေ ထိုအရာတွေကို မဝတ်ချင်ပါ။ လွတ်လပ်ပေါ့ပါးစွာ နေချင်ပေမယ့် ဖေဖေ ခွင့်မပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



“ဝတ်ထားစမ်းပါကွာ. . . လူမှာအဝတ် တောင်းမှာ အကွပ်တဲ့၊ တက်နေထွန်းရဲ့ဇနီးပီပီ မော့မော့ကြော့ကြော့လေး **နေစမ်းပါ မေထားရာ၊** ရွှေထည်တွေကို အိမ်မှနေဝတ်ဟုတ်လား၊ **သွားစရာ** ရှိရင်တော့ ကျန်ကျောက်မျက်စုံ ရတနာဆက်တွေ **အဆင်**ပြေသလို ဝတ်ပေါ့ကွာ၊ လိုချင်တာရှိသေးရင် ပြော ဟုတ်**လား၊** ဝယ်ပေးမယ်၊ လုံးဝ မပူနဲ့၊ ကိုယ်ရှာဖွေထားသမျှ မင်းတို့သားအမိ လှလှပပနဲ့ စတိုင်လ်ကျကျလေး နေရင်၊ ကိုယ် ကျေနပ်ပြီ”

ထိုသို့သော ဖေဖေမှ မဒီကိုလည်း သုံးချင်သလောက် သုံးခွင့်ပေးထားလေသည်။

“သမီး လိုချင်တာမှန်သမျှ ဝယ်သာဝယ်နော်၊ အများကြားမှာ ဘယ်တော့မှ မျက်နှာအငယ်ခံပြီး ချို့ချို့တဲ့တဲ့ မနေနဲ့ စိတ်တိုင်းကျသာသုံး . . . ဟုတ်လား”

ဖေဖေက စီးပွားအရှာတော်သလို အနေအထိုင်လည်း စမတ်ကျကျ အဆင့်မြင့်မြင့်လေး နေထိုင်တတ်သူမို့ ဖေဖေ့ဆို စီးပွားရေးလောကရော၊ လူမှုရေးလောကပါ လေးစားအားကျကြပါသည်။

တစ်ခုပဲ ရှိ၏။





ဖေဖေက ငွေနှင့် ပတ်သက်လျှင် လုံးဝ တင်းစီးတာ၊ ကြောတာမျိုး မခံတတ်သလို အလွန်ပင် စေ့စပ် တိကျတတ်သဖြင့် ငွေကြေးကိစ္စတွေနှင့် ပတ်သက်လျှင် ဖေဖေ့ကို ရှုံ့ကြပါသည်။

ငွေ အလွန်မက်သူ၊ ငွေစကား ပြောသူဟူ၍ပင် နောက်ကွယ် အတင်းပြောတတ်ကြလေသည်။

“သမီး. . . ဘာတွေ စဉ်းစားနေတာလဲ”

မေမေ့အသံကြားမှ မဒီ ဆတ်ကနဲ ဖြစ်သွားရစွာ မေမေ့ကို ပြုံး၍ ခေါင်းခါပြလိုက်ရ၏။

“ဘာရယ် မဟုတ်ပါဘူး မေမေရာ၊ မေမေ့ကို ကြည့်ပြီး မဖေဖေ့အကြောင်းတွေ စဉ်းစားမိလို့ပါ”

“အဟင်း. . . ဘာလဲ၊ ဖေဖေက ငွေနဲ့ ပတ်သက်လာရင် အားမနာတတ်၊ အလျှော့မပေးတတ်လို့လား၊ ဒါပေမယ့် သမီးရယ် သမီးဖေဖေက မေမေနဲ့ သမီးကို အရမ်းချစ်၊ အရမ်း ဂရုစိုက်ပါတယ်နော်”

မေမေ့ကို ချစ်စနိုး ဖြစ်သွားရစွာ ဖက်ထားမိပြီးမှ မဒီ မြုံးပြုံးလေး ပြောလိုက်ရ၏။

“မေမေရယ်. . . သမီးကလည်း ဖေဖေ သမီးတို့အပေါ် ကောင်းတဲ့အကြောင်းတွေပဲ တွေးနေတာပါနော်၊ ဖေဖေ့ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တိစ္ဆတွေက သမီးတို့နဲ့မှ မဆိုင်တာ၊ သူများတွေ ဘယ်လိုပဲ ဝေဖန်ဝေခွဲစိုက်ပါဘူး မေမေရယ်. . ."

"အင်း. . . အင်း. . . ကောင်းတယ် သမီး၊ ဖေဖေက စီးပွားရေး လုပ်တဲ့နေရာမှာ အားနာပျော့ညံ့နေရင် မအောင်မြင်ဘူးတဲ့လေ၊ အဲဒါကြောင့်ပါ. . . သမီး နားလည်ရင် ပြီးတာပါပဲကွယ်"

"တီ. . . တီ. . . မဒီရေ"

ထိုစဉ် စုစု ဆိုင်ကယ်နှင့် ရောက်ချလာပြီး မဒီကို တကြော်ကြော် အော်နေသဖြင့်. . .

"လာပြီ. . . လာပြီ. . .၊ မေမေ. . . သမီး သွားမယ်နော်"

"အင်း. . . အင်း"

စုစု၏ ဆိုင်ကယ်နောက်မှာ မဒီ အသာထိုင်ကာ လိုက်လာခဲ့၏။

ညီ့အိမ်က မြို့အစွန်ဖက်ကျတာမို့ အတန်ငယ်တော့ လှမ်းပါသည်။ စုစုက ဆိုင်ကယ် မောင်းနေရင်းမှ. . .

"မဒီ"

"အင်း. . ."





"ငါ သိချင်လှပြီဟ သိလား"

"ဟင် . . . ဘာလဲ"

"နင် ဘာမှ မကြားသေးဘူးလား"

"ဟင်. . . ဘာကိုလဲ စုစု၊ ဘာကို ကြားရမှာလဲ"

ဆိုင်ကယ် လေတိုးသဖြင့် ခပ်ကျယ်ကျယ်လေး ပြောနေရ၏။

"ညီ့အကြောင်းလေ. . ."

"အင်း. . . ပြော၊ ညီ ဘာဖြစ်လဲ"

"အရှမ်း ကောင်းစားနေတယ်တဲ့ သိလား"

"ဟုတ်လား. . . ကောင်းတာပေါ့"

"ဒေါ်လုံးတောင် မုန့်ဟင်းခါး မရောင်းတော့ဘူးတဲ့ဟ"

"အင်း. . . အင်း၊ မေမေ ခုပဲ ပြောတယ်၊ ဘာဖြစ်လို့ မရောင်းတော့မှန်း မေမေ မသိဘူး စုစုရဲ့"

"ညီ့ဆီက ငွေတွေ ပို့ပေးနေတယ်တဲ့"

"ကောင်းတယ်. . . အဒေါ်က သူ့သား အဲဒီသွားတာ မကြိုက်ဘူး ဟုတ်လား၊ ဝညာတတ်ကြီး ဖြစ်စေချင်နေတာလေ ခုလို ငွေပို့နိုင်တော့ အဒေါ်လည်း ကျေနပ်လောက်ရောရောင်ဘာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်ရုံတင် ဘယ်ကမလဲဟာ၊ အဒေါ်က ခုမှ သူ့သား တော်တဲ့အကြောင်းတွေ တဖွဖွ ချီးမွမ်းမဆုံး၊ ဂုဏ်ယူမဆုံးတဲ့ သိလား"

"အင်းပေါ့. . . အဆင်ပြေသွားတော့ စိတ်ထဲ ချမ်းသာကြည်နူးသွားတာနေမှာပေါ့"

"အဆင်ပြေတာမှ တော်ရုံတန်ရုံပြေတာ မဟုတ်ဘူးတဲ့ဟာ"

"ဟင်. . . ဘယ်လို"

"တိုက်တောင် ဆောက်ထားပြီတဲ့ သိလား"

"ဟုတ်လား. . ."

"အဲဒါကြောင့် ငါ အူထဲက ယားနေတာ"

"ဘာကိုတုန်း"

"ဟုတ်မဟုတ်. . . သိချင်လို့လေ"

"အဟင်း. . . စုစုကလည်း ဟုတ်လို့ ပြောတာဖြစ်မှာပေါ့၊ နင်က မယုံလို့ သွားကြည့်မှာလား"

"ဒါပေါ့"

"ဖြစ်ရလေ"

"ဟုတ်နေရင်တော့လား၊ ညီ့ကို အပြုတ်နွှာပစ်ရမယ် သိလား"





"ဟင် . . . အခု ညီ ရှိနေပြီလား"

"မရှိပါဘူး. . . ပြန်ကို ပြန်မလာတော့တာတဲ့၊ သူ့အမေဆီ ငွေတွေပဲ ပို့ပို့နေတာတဲ့လေ"

"ဩော်. . ."

"ဟော . . . ဟော ရောက်တော့မယ်၊ တွေ့ပြီ . . . ဟာ အစစ်ပဲ မဒီရေ၊ အရင်အိမ် မဟုတ်တော့ဘူး၊ နှစ်ထပ်တိုက်လေးဟ . . . ချစ်စရာလေး"

မှန်ပါသည်။ ကြွေပွတ်လုံး ဝရံတာ ခုံခုံလေးနှင့် နှစ်ထပ်တိုက်လေးက နေချင့်စဖွယ် လှလှပပ ဝင့်ဝင့်ထည်ထည်ပင်. . .

မဒီတို့ ရောက်သွားတော့ ဒေါ်လုံးက ဝမ်းသာအားရ ကြိုဆို နှုတ်ဆက်ပါသည်။

"ဟင် . . . သမီးတို့ပါလား၊ လာ. . .လာကြ၊ ဝင်ထိုင်ကြပါကွယ်၊ ခဏလေးနော်. . . ပန်းသီးနဲ့ ပျားလိမ္မော်တွေ ရှိတယ်၊ ကျွေးမယ်. . . ဟုတ်လား"

ဒေါ်လုံး ပျာပျာသလဲ အထဲဝင်ကာ သစ်သီးတွေ သွားယူတော့။ စုစုက တိုးတိုးလေး ကပ်ပြော၏။

"ဟဲ့. . . အဒေါ်ပုံစံတောင် ပြောင်းသွားတယ်နော်၊ ဩော်. . . ငွေ. . ငွေ သက်တောင့်သက်သာနေရတော့ အဒေါ်တောင် လှလာသလိုပဲ. . . အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးများနှင့်အတူ မားပါးရော. . . ရေခွက်တွေပါ ယူလာသဖြင့် စုစုက . . .

"ပေး. . . ပေး၊ အဒေါ် စုတို့ဘာသာ ခွဲစားပါ့မယ်"

"အင်း. . . အင်း၊ စားနော်. . . အားမနာနဲ့ သမီးတို့"

"အဒေါ်. . . နေကောင်းတယ်နော်၊ ညီရော. . ဘယ်လို အခြေအနေရှိလဲဟင်၊ အခြေအနေ ကောင်းနေပြီပေါ့"

စုစု အမေးကို ဒေါ်လုံးက ပြုံး၍. . .

"ဟုတ်တယ်ကွယ့်. . . သားကောင်းစားတော့ အမေ နားရတာပေါ့ကွယ်၊ ဟိုကနေပြီး အားလုံး သူ့အစီအစဉ်တွေနဲ့ စီမံဖန်တီးပေးတာလေ၊ အဒေါ်လည်း ခုမှပဲ ဘုရား,တရားအလုပ် စိတ်အေးလက်အေး လုပ်နိုင်တော့တယ်"

"သူ မလာဘူးလားဟင်. . . အဒေါ်"

မဒီအမေးကို ဒေါ်လုံးက ခေါင်းယမ်း၍ ပြုံးယဲ့ယဲ့လေး ပြောလိုက်၏။

"မလာနိုင်သေးဘူးတဲ့ကွယ်. . . သူ့ရည်ရွယ်ချက်တွေ မအောင်မြင်ရသေးဘူးတဲ့၊ သူ လိုချင်တဲ့ အနေအထားရောက်မှ ပြန်လာတော့မယ်တဲ့၊ ဟိုမှာ အရမ်းကို အဆင်ပြေပါတယ်တဲ့လေ"

"သြော်. . . ဟုတ်လား၊ ဝမ်းသာပါတယ် အဒေါ်ရယ်"



## အခန်း [ ၄ ]

"စိုင်းခမ်းအောင်ဆိုတာ ဘယ်သူလဲ သမီး"

"ဟင်"

အိမ်ရောက်ရောက်ချင်း မေမေ့အမေးကြောင့် မဒီ ထိတ်ကနဲ ဖြစ်သွားရတော့၏။

စုစုက မဒီ့ကို အိမ်ရှေ့မှာ ချပေးခဲ့ပြီး ထွက်သွားလေပြီ။

"သမီးတို့ မိတ်ဆွေလို့ ပြောတယ်၊ သူ ခရီးလွန်နေလို့ ဖုန်းမဆက် ဖြစ်တာပါတဲ့"

"သြော်. . . ဟုတ်ကဲ့ မေမေ၊ ကျောင်းက အသိမိတ်ဆွေပါ၊ စုစုနဲ့လည်း ရင်းနှီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . သူ့ဆီ ဖုန်းဆက်ပါဦးလို့ မှာလိုက်တယ်"

"ဟုတ်ကဲ့. . ."

ကျောင်းပိတ်၍ နေရပ်ဆီ အသီးသီး ပြန်သွားပြီးကတည်းက အဆက်အသွယ် မလုပ်ခဲ့သော စိုင်း၏ ဖုန်းကို မဒီ နေ့စဉ်ပင် ကြိတ်၍ မျှော်နေခဲ့ပါသည်။

ခု လာမယ့်လာတော့လည်း မဒီ အပြင်ထွက်ချိန်မှာမှ လာသဖြင့် မေမေနှင့် တန်းတိုးသွားရခြင်း ဖြစ်၏။

ဖေဖေက မြိတ် ရောက်နေ၏။

ဖေဖေ့ရုံးခန်းက မြိတ်မှာမို့ ထားဝယ်နှင့် မြိတ်ကို ဖေဖေ တစ်ယောက် အိမ်ဦးနှင့် ကြမ်းပြင်လိုပင် ကူးလူးသွားလာနေလေသည်။

ခရီးလမ်း ဆက်သွယ်ရေးကလည်း ကောင်းမွန်အဆင်ပြေနေပြီမို့ မနက်သွား၊ ညနေပေါက်သော မြိတ်၊ ထားဝယ် ခရီးကို ဖေဖေ ကားတစ်စီးဖြင့် အချိန်မရွေး သွားလာနေပါသည်။

"ဖုန်းဆက်လိုက်လေ သမီး၊ မေမေက သမီး ပြန်လာရင် ဆက်ခိုင်းလိုက်မယ်လို့ ပြောထားတယ်ကွယ့်"

အဲဒါမှ ဒုက္ခ. . .





မေမေ့ရှေ့မှာ မဒီ ဘယ်လိုမှ စိုင်းနှင့် စကားမပြောချင်ပါ။

မေမေ ရိပ်မိသွားမှာ စိုးရ၏။

မဒီ့ဖာသာ မေမေ့ကို အေးအေးဆေးဆေး ဖွင့်ပြောရန် စဉ်းစားထား၏။ ထို့ကြောင့် မေမေမရိပ်မိအောင် ပြောလိုက်ရလေသည်။

"နေပါစေ မေမေ အရေးမကြီးပါဘူး၊ ညဥ့်မှပဲ အေးအေးဆေးဆေး ဆက်လိုက်တော့မယ်"

"ဟုတ်လား. . . ပြီးရောလေ၊ ဒါနဲ့ သမီးတို့ မလုံးနဲ့ တွေ့ခဲ့ရဲ့လား"

"ဟုတ်ကဲ့. . တွေ့ခဲ့တယ် မေမေ၊ ဒေါ်လုံးက မုန့်ဟင်းခါး မရောင်းတော့ပါဘူး ကောင်းစားနေပါပြီ"

"ဟင်. . . ဒါဖြင့် မေမေကြားတာ မှန်နေပြီပေါ့၊ သူ့သားဟာ ဟိုဖက်မှာ အတော်လေး အဆင်ပြေနေတယ်ဆိုပဲ"

"ဟုတ်တယ် မေမေ၊ ညို့ အစီအမံတွေနဲ့ ခုဆို တိုက်ဆောင် ဆောက်ထားပြီလေ၊ ဒေါ်လုံးကြည့်ရတာ စိတ်ချမ်းသာနေပြီ။ သား ကောင်းစားတော့ အမေ နားရတာပေါ့တဲ့၊ ခုမှပဲ ဘုရား ဘုရားအလုပ်တွေ ကောင်းကောင်းလုပ်ရတော့တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



မဒီစကားကို မေမေ အံ့ဩဝမ်းသာဟန် ခေါင်းတညိတ်ညိတ် နားထောင်နေပြီးမှ. . .

"ဩော်. . . ကောင်းလိုက်တာကွယ်၊ လူ့ကုသိုလ်ကံတရားဆိုတာ အဲဒါပဲကြည့်တော့ သမီးရယ်၊ မုဆိုးမ သားအမိဘဝနဲ့ ဆင်းဆင်းရဲရဲ နေခဲ့ကြရတာ ခုတော့ သူ့သားက အားကိုးလို့ရနေပြီပေါ့၊ ကောင်းတယ် ကောင်းတယ်၊ မလုံးက ဒီ့ဇာတာ ကောင်းတယ်လို့ ပြောရမှာပဲ၊ ဒါနဲ့ သူ့သားကရော ပြန်လာပြီလား သမီး"

"မလာသေးပါဘူး မေမေ၊ ဒေါ်လုံး ပြောတော့ ညီက သူ့ရည်ရွယ်ချက်ပြည့်မှ ပြန်လာမှာတဲ့"

"အင်း. . . အင်း တော်ရှာတာပေါ့၊ လူငယ်ပေမယ့် အတွေးအခေါ် အရည်အချင်းလေးက မဆိုးဘူးဘဲ၊ နေထိုင်ဖို့ တိုက်တစ်လုံးဆောက်ပြီးရင် ရင်းနှီးစားသောက်ဖို့ ငွေ အရင်းအနှီးရအောင် ထပ်ရှာနေတာ ဖြစ်လိမ့်မယ်၊ ဟိုဖက်သွားတယ်ဆိုတိုင်း သူ့လို အဆင်ပြေချင်မှ ပြေတာလေ၊ တချို့ဆို ဒုက္ခတွေ ရောက်နေလို့ ပြန်လာဖို့စရိတ်မရှိတာ၊ အိမ်က ပြန်ပို့ပေးရတယ်ကြားတယ်၊ တချို့ကျတော့လည်း ရသလောက် သုံးလို့ကုန်ရတာနဲ့ မစုမိဘဲ လုံးချာလည်နေတာတွေလည်း မနည်းပါဘူးကွယ်၊ သူ့ကျတော့ ကံကောင်းတယ် ဆိုရမှာပေါ့လေ"





"မေမေ. . . အဲဒီလို ထင်လားဟင်"

"ဟင်. . . ဘာကိုလဲ သမီး"

"ညီ့ကို ကံကောင်းတယ် ပြောလို့ပါ"

"အင်းလေ. . . မဟုတ်ဘူးလား သမီးရယ်၊ သူ့အရွယ် သူ့အခြေအနေနဲ့ ခုဆို တင့်တင့်တယ်တယ်လေး နေနိုင်ပြီ မဟုတ်သားလို့"

"ဒါပေမယ့် ညီက ဆယ်တန်းအောင်ပေမယ့် ကျောင်းပြီးအောင် ဆက်မတက်ဘူးလေ၊ သူ့ခေါင်းထဲမှာ ငွေရဖို့ တစ်ခုကလွဲပြီး ဘာမှ ရှိပုံမရဘူး၊ သူ့အတွေးအခေါ် ခံယူချက်တွေဟာ အားလုံး ငွေနောက်ပါကုန်ပြီ ထင်ပါရဲ့"

"သမီး. . . ဘာဖြစ်လို့ ဒီလို ပြောရလဲဟင်"

"သမီးတို့ ပတ်ဝန်းကျင်မှာ လက်တွေ့မြင်နေရတာပဲ မေမေရယ်"

"ဟင်"

"ဟိုဖက်သွား အလုပ်လုပ်ပြီး ငွေကို ရေလိုသုံး၊ ချင့်ချိန်တွေးခေါ်နိုင်တဲ့ ဦးနှောက်မရှိတဲ့ သူတွေဆို ငွေနောက်ပါပြီး ဆောင်းတဲ့ရောဂါဆိုးတွေနဲ့ ဘဝပျက်ကြတာလေ၊ ကြောက်စရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . သမီး ပြောတာလည်း မမှားပါဘူးကွယ်၊ ဒါပေမယ့် သမီးရယ် ဘာမှ ကျောထောက်နောက်ခံအင်အား မရှိတဲ့ ဆင်းရဲသားတစ်ယောက်အဖို့တော့ ခုလို ခွေးဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ် ထွက်ပြီး စွန့်စားတော့မှပဲ ရလဒ်တစ်ခုခုက ရှိလာမယ်လေ၊ ကောင်းကောင်းဆိုးဆိုးပေါ့၊ ကြည့်ရတာ ဒီကောင်လေး ခံယူချက် ပြင်းပုံရတယ်၊ တိုက်တွေ ဘာတွေ ဆောက်နိုင်လောက်အောင် သူ့အမေကို ထောက်ပံ့နိုင်တာဟာ ဟိုမှာ သူ စည်းကမ်းတကျ နေထိုင် သုံးစွဲတတ်လို့ ဖြစ်လိမ့်မယ်"

"ညီက အင်မတန် ချမ်းသာချင်တာ မေမေရဲ့"

"ဟုတ်လား"

"နောက်ဆုံး သမီးတို့ ကျောင်းတက်ဖို့ ရန်ကုန်သွားတော့မယ်ဆိုတော့နဲ့ သူ ဘာပြောသလဲ သိလား မေမေ"

"ဟင်. . . ဘာလဲ"

"နင်တို့တော့ မိဘပိုက်ဆံတွေ အလကား ထိုင်ဖြုန်းတော့မယ် မဟုတ်လားတဲ့၊ ငါကတော့ အမေကလည်း မတတ်နိုင်တဲ့အတွက် ပညာရေးခရီးကို ဒီမှာပဲ ရပ်လိုက်တော့မယ်တဲ့လေ"

"ဩော်. . . သနားပါတယ်ကွယ်"

"မသနားနဲ့ဦး မေမေ"





"ဟင်"

"သူ နောက်ထပ်ပြောလိုက်တဲ့စကားက နင်တို့လည်း ပညာ သွားသင်ကြ၊ ငါလည်း အလုပ်သွားလုပ်တော့မယ်၊ နင်တို့ ဘွဲ့ရတဲ့ အချိန်မှာ ငါ သူဌေးဖြစ်နေလောက်ပြီတဲ့လေ. . . တဲ့"

"ဩော်. . . ဩော် သူ့မှာ အဲဒီကတည်းက ခံယူချက်ကြီးက ရှိထားပြီးသားကိုး"

"ဒေါ်လုံးကပြောတယ် ညီ ပြန်မလာသေးဘူးတဲ့၊ သူ့ ရည်ရွယ်ချက်တွေ မပြည့်သေးဘူးတဲ့လေ"

"အင်း. . . သူ့မှာ အကြံအစည်ကြီး တစ်ခုခု ရှိနေလားမှ မသိဘဲကွယ်"

"ဟုတ်မှာပေါ့ သူ မရှိတာလည်း ကောင်းပါတယ်လေ"

"ဟင်. . . ဘာလို့လဲ သမီး"

"ရှိနေရင်လား သမီးတို့ကို မခံချိမခံသာဖြစ်အောင် သူ ပြောမှာ သေချာတယ်"

"ဘာကိုလဲ"

"မိဘငွေတွေ ဘယ်လောက် ဖြုန်းခဲ့လဲလို့ပေါ့၊ သူ့မှာတော့ တိုက်ကြီးက ဟီးနေပြီ မဟုတ်လားလို့"

"အဟင်း. . . သမီးရယ်၊ သူငယ်ချင်းတွေနဲ့သူ ရင်းရင်း



www.burmeseclassic.com

ချိုချို ချောင်လည်း စမှာပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ် မလုံးအတွက်တော့ ဝမ်းသာစရာပဲကွယ်”

“ဒေါ်လုံးအတွက်တော့ ဝမ်းသာပါတယ် မေမေရယ်၊ ဒါပေမယ့် သမီးတော့ ညီ့လိုလူကို အထင်မကြီးနိုင်ပါဘူး”

“ဟင်”

“ဟိုဖက်သွား အလုပ်လုပ်ပြီဆိုကတည်းက နှစ်ရှည်လများဆိုတော့ သူ့မှာ အတတ်စုံ၊ စရိုက်စုံ၊ ပညာစုံ ရလာတော့မှာပဲလေ မသဒီပါဘူးနော်”

“သမီးကလည်း လူတစ်ယောက်အပေါ် သေချာတိကျ မသိရဘဲနဲ့ ချိုးဖွဲ့ မထင်ကောင်းဘူးကွယ်”

“မေမေ”

“ဟင်”

“သူက သမီးကို စိတ်ဝင်စားလာရင်တောင်မှ ဆောရီးပဲ သိလား၊ သူငယ်ချင်းအဆင့်လောက်ပဲ သူ့ကို သမီး ခင်နိုင်မှာ”

မဒီ့စကားကြောင့် မေမေ ပြုံးပြုံးလေး ခေါင်းညိတ်လိုက်ပြီးမှ ပြောတော့၏။

“မေမေ့ကို မှန်မှန်ဖြေစမ်း သမီး”

“ဟင်. . . ဘာကိုလဲ မေမေ”





“သမီးမှာ ချစ်သူ ရှိနေပြီ ဟုတ်လား”

“ဟင်”

မျက်နှာ မသိမသာပျက်သွားရစွာ မဒီ မေမေ့ကို စိုင်းအကြောင်း ပြောလိုက်တော့ရန် ဆုံးဖြတ်လိုက်၏။ မဒီ မပြောခင် မေမေက. . .

“စိုင်းခမ်းအောင်ဆိုတာ သမီးချစ်သူ မဟုတ်လား”

“အို”

မျက်နှာလေး နီသွားရစွာ မဒီ ခေါင်းငုံ့သွားရတော့ မေမေ သက်ပြင်းဖွဖွချ၍. . .

“အင်း. . . တက္ကသိုလ်တက်ပြီး ချစ်သူရှိလာတာ မဆန်းပါဘူး သမီးရယ်”

“မေမေ. . . စိုင်းက အရမ်းကို ရိုးသားရည်မွန်တဲ့ လူတစ်ယောက်ပါ၊ လူတော်လူကောင်းပါ မေမေ”

မဒီ့စကားကို မေမေ သဘောကျစွာ ပြုံး၍. . .

“အင်းပါ. . . သမီးရယ်၊ မေမေ နားလည်ပါတယ်”

“ရှင်”

“လောကမှာ ကိုယ့်ချစ်သူကို ကိုယ် အထင်ကြီးတော့ သဘာဝကျပါတယ်ကွယ်၊ မေမေ့အနေနဲ့ သမီးကို ချစ်တဲ့သူနဲ့ သမီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာရင် ဘာမဆို လိုက်လျှောပေးဖို့ အသင့်ပါလေ၊ ဒါပေမယ့် သမီးရင်ဆိုင်ရမှာက သမီးဖေဖေကိုနော်"

"ဟင်"

"သမီးချစ်သူကို ဖေဖေက လက်ခံရင်တော့ ပြဿနာမရှိဘူးသမီး၊ စိုင်းခမ်းအောင်ဆိုတဲ့ သူငယ်က သမီးဖေဖေ သဘောကျ လက်ခံနိုင်မယ့် အနေအထားရှိရဲ့လား သမီး"

မဒီ မဖြေနိုင်ပါ။

ခေါင်းအသာယမ်း၍ တိုးတိုးလေး ဖြေလိုက်မိ၏။

"သမီး မသိဘူး မေမေ"

"ဟင်"

မေမေ အံ့သြသွားရပြီးမှ တွေးဆဆလေး မေး၏။

"သူက ဆင်းရဲလို့လား သမီး"

"အဲဒါလည်း သမီး မသိပါဘူး မေမေ"

"ဟင်. . . ဖြစ်ရလေ သမီးရယ်၊ အဲဒါလေးတောင် မခန့်မှန်းတတ်ဘူးလားကွယ်၊ မေမေဆိုလိုတာက သမီးဖေဖေဟာ ဘယ်လိုလူနဲ့မှဆိုတဲ့ ဆန္ဒရှိထားတာ သမီး သိတယ်ဟုတ်လား။ ဒါဟာလည်း သမီးဘဝ ကောင်းစားဖို့အတွက်ပါကွယ်"

"မေမေ"





"ဟင်. . . ဘာလဲသမီး"

"စိုင်းက မချမ်းသာရင် ဖေဖေ သဘောမတူဘူးလို့ နားလည်ရမှာပေါ့နော်"

"သူ့မိဘတွေက ဘာအလုပ်လုပ် လုပ်သလဲ သမီးသိလား"

"လိမ္မော်ခြံ ရှိတယ်တဲ့၊ စုစု ပြောတာပါ"

"အင်း. . . အင်း ရိုးရိုးသားသား ဥယျာဉ်ခြံသမားတွေ ဖြစ်မှာပေါ့ကွယ်၊ သူက သမီးကို"

"ဟုတ်တယ် မေမေ၊ လက်ထပ်ပါရစေတဲ့"

"သမီးကရော"

"သမီး သူ့ကို ချစ်တယ်မေမေ၊ လက်ထပ်ချင်တယ်၊ ဒါပေမယ့် ဖေဖေနဲ့ မေမေတို့ဆန္ဒလည်း ပါစေချင်တယ် မေမေရယ်"

"သဘောတူစေချင်တာလား သမီး"

"ဟုတ်ကဲ့"

"မေမေတော့ ဘာပဲဖြစ်ဖြစ် သဘောတူပေးဖို့ အသင့်ပါ သမီးရယ်၊ သမီး ဖေဖေအကြောင်း သမီး သိတယ်ဟုတ်လား"

"မေမေ. . . ဖေဖေ့ကို ပြောပေးပါလားဟင်"

"ဒီကိစ္စက ထင်သလောက် မလွယ်ဘူး သမီးရယ်၊ တော်ကြာ မေမေ့ကိုပါ အပြစ်တင်နေဦးမယ်၊ သမီးဖေဖေက ဘယ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆို စနစ်၊ ဇယားချပြီး စီမံကိန်းနဲ့ ဆုံးဖြတ်လုပ်ကိုင်တတ်တဲ့လူ ဆိုတော့ သမီးအိမ်ထောင်ရေးအတွက် သူ့ခေါင်းထဲမှာ အစီအစဉ် တွေ ချထားတာမျိုးလည်း ရှိချင်ရှိမှာပါ”

“အို . . . ဟင့်အင်း မေမေ ဟင့်အင်း၊ သမီး အိမ်ထောင် ရေးအတွက် သမီးစိတ်ကြိုက်ပဲ ဆုံးဖြတ်ခွင့် ပေးစေချင်တယ်နော်၊ ကိုယ်မချစ်တဲ့လူကိုတော့ သမီး မယူနိုင်ဘူး မေမေရယ်၊ ယူလည်း မယူပါရစေနဲ့”

“အင်းပါ သမီးရယ်၊ မေမေလည်း အတတ်နိုင်ဆုံး စေ့စပ် ဖျောင်းဖျပေးရမှာပေါ့၊ အဲဒီသူငယ်ကို သမီးဖေဖေနဲ့ အရင် တွေ့ ခိုင်းကြည့်ရအောင် မကောင်းဘူးလား၊ သူ ဒီကို လာနိုင်ပါ့မလား”

“ဟုတ်ကဲ့ . . . မေမေ၊ စိုင်းက ထားဝယ်ကို အရမ်း လာ လည်ချင်တာပါ၊ လာလည်ဖို့ အစီအစဉ်လည်း ရှိပါတယ်”

“ဟုတ်ပြီ . . . လာလည်ခိုင်းလိုက်ပါ သမီး၊ အိမ်မှာတော့ တည်းလို့ မဖြစ်ဘူးနော်”

“ဟုတ်ကဲ့ပါ . . . မေမေ၊ တည်းခိုခန်းမှာပဲ တည်းမှာပါ”

“ကောင်းတယ် သမီး၊ ဒါဖြင့် ဖုန်းဆက်ရင် တစ်ခါတည်း ပြောလိုက်ပေတော့”

“ဟုတ်”



## အခန်း [ ၅ ]

မှောင်းမကန် . . . ။

ပြန့်ပြူးညီညာသော ကျယ်ပြောလှသည့် သဲသောင်ပြင် ပေါ် လမ်းလျှောက်ရင်း စုစုက . . .

“ကဲ . . . ကဲ ကျုပ်တော့ ခြေထောက်ညောင်းပြီ၊ ဆက် မလျှောက်နိုင်တော့ဘူး၊ ရှင်တို့နှစ်ယောက် ဟိုး . . . မိုးကုတ်စက် ဝိုင်းထိ လျှောက်ပေတော့ ဟုတ်လား၊ ဟောဟိုက အုန်းပင် အောက် အအေးဆိုင်မှာ အေးအေးဆေးဆေး မှေးပြီးပဲ စောင့် တော့မယ်၊ ကျုပ်ကို ထားခဲ့ပြီး ပြန်မသွားကြနဲ့ဦးနော် . . . အဟဲ”

စုစုစကားကြောင့် မဒီရော စိုင်းပါ ရယ်မိကြပါတော့၏။ စိုင်းတ . . .

www.burmeseclassic.com



"ကျေးဇူးပဲပါဗျာ. . . ကျေးဇူးအများကြီး တင်ပါတယ် မစုစုရာ"

"အံမယ်. . . မယ် ရှင့်ကျေးဇူးက စားလို့ရတာမှ မဟုတ်တာ လုပ်မနေနဲ့ သွား. . . သွား ပြန်လာမှ ပင်လယ်စာ ကျောက်ပုစွန်နဲ့ ပလာတူးရော ပြည်ကြီးငါးဟင်းတွေပါ ကျုပ်က အပြတ် ဟဲမှာနော်၊ ကျွေးဖို့သာ ပြင်ထား၊ တစ်ခါတည်း မှာထားတော့မယ်"

"မှာပါဗျာ ကြိုက်တာသာ မှာထားပါ၊ ကျွန်တော် ရှင်းပါ့မယ်"

"ကဲပါ. . . စုစုရယ် ငတ်ကြီးကျနေလိုက်တာ၊ စားချင်တာသာမှာပါ စိုင်းအတွက်လည်း ဒေသအစားအစာလေးတွေ စားဖြစ်အောင်ပေါ့၊ ငါတို့ ဟိုဖက်ကျောက်ဆောင်တွေနားအထိ လျှောက်လိုက်ဦးမယ်နော်၊ လာ. . . စိုင်း သွားရအောင်"

"သွားမယ် မစုစု"

"သွား. . . သွား ရှေ့ရေးအတွက် သေချာ ဆွေးနွေးကြ ဟုတ်လား"

"အဟင်း"

ကျောက်ဆောင်တွေဖက်ဆီ မဒီတို့ ဆက်လျှောက်လာခဲ့ကြ၏။ စိုင်းက. . .





"သာယာလိုက်တာကွာ သဘာဝရှုခင်းအလှတွေဟာ စာဖွဲ့လို့ မကုန်နိုင်ဘူးဆိုတာ မှန်တယ်နော် မဒီ၊ ကြည့်စမ်း ပင်လယ် ပြာပြာ လှိုင်းလုံးဖွေးဖွေးနဲ့ သောင်ပြင်ပြန့်ပြန့် ကျောက်ဆောင် လှလှတွေနဲ့ လူကို လန်းလန်းဆန်းဆန်း ရှိသွားတာပဲကွာ"

"ဟုတ်တယ်. . စိုင်း၊ လတ်ဆတ်တဲ့ လေကောင်းလေသန့်တွေ ဝဝရှူနိုင်တယ်လေ၊ မောင်းမကန်ကို စိုင်း သဘောကျလားဟင်"

"ဟာ. . . ကျတာပေါ့၊ ကိုယ်က ပင်လယ်ဆိုတာကို တစ်ခါမှ မမြင်ဖူးဘူး မဒီ"

"အင်း"

"တောင်ပေါ်မှာ ကြီးတဲ့ကောင်ဆိုတော့ ပင်လယ်နဲ့ ဝေးတာပေါ့ကွာ၊ ဟို. . . မှာ မြင်နေရတာက ဘုရားနော် မဒီ"

"ဟုတ်တယ်. . စိုင်း၊ ပါးစပ်ရာဇဝင်အရတော့ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရာမှာ အဲဒီမှာ မိဖုရားလေး တစ်ပါး ကျန်ရစ်ခဲ့လို့ ဘုရင်ကြီးကို မျှော်တဲ့နေရာ ဘုရားတည်ခဲ့လို့ မျှော်ရစ်ဘုရားလို့ အမည်တွင်ခဲ့သလိုလိုတော့ ပြောကြတာပဲလေ၊ ဟုတ်. . . မဟုတ်တော့ မဒီလည်း သေချာမသိပါဘူး၊ ဒါပေမယ့် အရမ်းကို အေးချမ်းဆိတ်ငြိမ်တဲ့နေရာလေး၊ ကျောက်ဆောင်တွေကလည်း သိပ်လှတယ် စိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဒီ"

"ဟင်"

မဒီ့လက်ကို ဆွဲပြီး ပြုံးစိစိလေး ပြောလိုက်၏။

"စိုင်းကတော့ မဒီ့ကို အဲဒီလို မျှော်ခိုင်းမှာ မဟုတ်ဘူး နော်၊ တစ်ခါတည်း ခေါ်သွားမှာ"

"အဟင်း. . ."

ယှဲ့ယှဲ့လေး ပြုံးကာ မဒီ ခေါင်းလေးညိတ်၍. . .

"ယုံပါတယ်. . . စိုင်းရယ်"

နှစ်ယောက်သား ကျောက်ဆောင်ပေါ်မှာ အသာထိုင် လိုက်ကြ၏။

စိုင်းက. . .

"မဒီ. . . ကိုယ်တို့ လက်ထပ်ဖို့ကိစ္စ ဘယ်လို စီစဉ်ရမလဲ မဒီ့ မိဘတွေကို"

"စိုင်း"

စိုင်း လက်ကို အသာဆုတ်ကိုင်ကာ မဒီ ခေါ်လိုက်ပြီးမှ ပြောလိုက်ရ၏။

"နေပါဦးနော်. . မဒီ လူကြီးတွေကို ဘာမှ မပြောရသေး လို့ပါ"





"ဟော့ဗျာ. . . မဒီရာ၊ ကိုယ်တော့ အမေနဲ့ အမေတို့ အားလုံး ဖွင့်ပြော ခွင့်တောင်းပြီးပြီ မဒီ"

"ဟင်"

"သား. . . သဘောတဲ့၊ သားနှစ်သက်တဲ့ မိန်းကလေး ဆိုရင် အမေတို့ သမီးပေါ့တဲ့ သိလား၊ ဖြစ်နိုင်ရင် ကိုယ်က မဒီ့ကို တစ်ခါတည်း ခေါ်သွားလိုက်ချင်တာကွာ"

"စိုင်းရယ်"

ရင်ထဲ လှိုက်ခုန် တုန်ယင်သွားရစွာ မဒီ့မှာ စိုင်း၏ ပခုံး စွန်းလေးမှာ ခေါင်းအသာမှီလိုက်မိ၏။

စိုင်းဖက်မှ အခက်အခဲမရှိ အားလုံး အဆင်ပြေပေမယ့် မိမိဘက်မှာတော့ ထင်သလောက် မလွယ်တာ တိုယ့်ဖာသာကိုယ် အသိဆုံး. . .

စိုင်းက မဒီ့ပခုံးကို အသာသိုင်းဖက်ထားလိုက်ပြီးမှ. . .

"ဘာလဲ. . . မဒီ၊ ကိုယ် အဆက်အသွယ်မလုပ်ဖြစ်လို့ စိတ်ကောက်တာလားကွာ၊ တကယ်တော့ ကိုယ်လေ အိမ်ရောက် ရောက်ချင်း အရင်ကတည်းက စိတ်ကူးထားတဲ့ လုပ်ငန်းတစ်ခုကို အကောင်အထည် ဖော်နေရလို့ပါ၊ မဒီနဲ့ လက်ထပ်ပြီးရင် တင့်တင့် တယ်တယ် နေနိုင်အောင်လေ၊ ခုတော့ အားလုံး အဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး လက်ထပ်ရအောင်ကွာ နော်၊ ကိုယ်. . မဒီကို ခုလို အဝေးကြီးမှာ အကြာကြီးခွဲပြီး မနေချင်တော့ဘူးကွာ သိလား၊ လက်ထပ်ကြပါစို့ အချစ်ရယ်”

မဒီပခုံးလေးကို မချင့်မရဲ ဖျစ်ညှစ်လိုက်ပြီးမှ စိုင်းက မဒီဆံစတွေကို မြတ်နိုးချစ်မက်စွာ နမ်းရှိုက်၏။

မဒီ မျက်လုံးလေးမှိတ်ကာ ငြိမ်သက်နေသော်လည်း ရင်ထဲမှာ ဖြောင်းဆန်အောင် လှုပ်ရှားနေရလေပြီ. . .

ဩော်. . . မဒီဖက်မှ အခြေအနေကို စိုင်း ဘာမှ မသိပါ။

ဖေဖေ့အကြောင်းကိုလည်း စိုင်းအား မပြောချင်. . .

စိုင်း တစ်မျိုးထင်သွားမှာ စိုး၏။

ခုတော့ ချစ်သူက လက်ထပ်ရန် တတွတ်တွတ် တောင်းဆိုနေလေပြီ. . . သက်ပြင်းကိုသာ စိုင်း မသိအောင် ကြိတ်ချနေရတော့၏။

“မဒီ”

“ဟင်”

ရုတ်တရက်မို့ မဒီ ဆတ်ကနဲ ဖြစ်သွားရာ စိုင်းက သဘောကျစွာပြုံး၍. . .

“ဟောဗျာ. . . လန့်သွားလား မဒီရာ၊ ဘာတွေများ စဉ်းစားနေလဲကွာ၊ ဘာလဲ စိုင်းနဲ့ အတူတူနေဖို့ စိတ်ကူးလေးနဲ့ ငြိမ်နေလို့လား အဟင်း. . . ပြောစမ်းပါဦးဗျာ၊ ခုတစ်ခါတည်း လိုက်ခဲ့တော့နော်. . . ချစ်”

“စိုင်း”

“အင်း”

မဒီပခုံးလေးပေါ် သူ့မေးလေး အသာတင်ကာ စိုင်းကြည်နူးပျော်ရွှင်နေသလောက် မဒီမှာ ဘယ်က စပြောရမှန်းမသိ။

ဟန်မပျက် အားတင်းကာ ပြောလိုက်ရ၏။

“လက်ထပ်ဖို့ကိစ္စက စိုင်း ထင်သလို မြန်လို့မရဘူး စိုင်းရယ်”

“ဟင်. . . ဘာဖြစ်လို့လဲ မဒီ”

“စိုင်းကို မဒီမိဘတွေနဲ့ ရင်းနှီးအောင် အရင် ဖန်တီးရမယ်လေ၊ ဖေဖေ မေမေတို့က သူတို့သမီးကို သူတို့စိတ်ချတဲ့လူနဲ့မှ လက်ထပ်ဖို့ သဘောတူမှာမို့ပါ စိုင်းရယ်. . . နော်၊ အခု ချက်ချင်းကြီးတော့ မဖြစ်နိုင်သေးပါဘူး”

“ဟင်. . . မဒီရာ၊ ကိုယ်က အရမ်းကို အားခဲပြီး စွန့်စွန့်စားစား လာခဲ့ရတာပါကွာ၊ ကိုယ့်မှာ စိတ်မချစ်ရာ ဘာများ ရှိနေလို့လဲဟင်၊ မဒီ့ကို လှလှပပလေး ကိုယ်ထားမှာပါ၊ မဒီပြောတာနဲ့







www.burmeseclassic.com

www.burmeseclassic.com



တင် ကိုယ် စိုးရိမ်လာပြီကွာ၊ ဘာလဲဟင် သဘောမတူနိုင်ဘူးဆို တာမျိုး ဖြစ်နေလို့လား မဒီ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း ပါကွာ. . . နော်"

စိုင်း၏ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသော အမူအယာကို ကြည့်ပြီး မဒီ့ရင်ထဲ နင့်ကနဲ သနားသွားရတော့၏။ စိုင်းလက်ကို ကိုင်ကာ ပြောလိုက်ရလေသည်။

"အဲဒီလိုလဲ မဟုတ်ပါဘူး. . . စိုင်းရယ်၊ ဟို. . ဘယ်လို ပြောရမလဲ၊ မဒီတို့ နေရာဒေသရဲ့ ထုံးစံလို့ပဲ ပြောရမလားပဲလေ"

"ဘာများလဲ. . . မဒီ"

"မိန်းမသားတစ်ယောက်အတွက် တစ်သက်မှာ တစ်ခါ ဂုဏ်ယူစရာ မင်္ဂလာဆောင်တဲ့ အခမ်းအနားကို ခမ်းခမ်းနားနားနဲ့ လှလှပပလေး လုပ်လေ့လုပ်ထ ရှိတယ် စိုင်းရဲ့"

"ဟုတ်လား. . . လုပ်တာပေါ့ မဒီ၊ ကိုယ်သိပ်ချစ်တဲ့ မဒီ့ အတွက် အကောင်းဆုံး မင်္ဂလာပွဲဖြစ်အောင် မဒီ စိတ်တိုင်းကျသာ လုပ်စမ်းပါကွာ. . . ဟုတ်လား၊ ကိုယ်က ရိုးရိုးလေးပဲ တွေးထား တာလေ၊ အဟင်း. . . မိဘတွေကို အသိပေးပြီး ရုံးမှာ လက်မှတ် ထိုး လက်ထပ်မယ်လို့ စဉ်းစားထားတာ၊ အဟား. . . ကိုယ့် အတွေးက လုံးဝ ချော်သွားတာပေါ့နော်၊ ဆောရီး. . . မဒီရှာ





တဲ. . အဲဒီတော့ မဒီဖြစ်ချင်တာတွေသာ ပြောပေတော့၊ အားလုံး ဖြစ်စေရမယ်. . . ဟုတ်လား"

"စိုင်းရယ်"

မဒီ့မှာ ခုမှ ဘေးကြပ်နံကြပ် ဖြစ်နေရလေပြီ. . .

စိုင်းက ပွင့်ပွင့်လင်းလင်းပြောရန် ဘယ်လိုပဲ လမ်းဖွင့်ပေး ပေး မဒီ ပြော၍မထွက်နိုင်တာ အမှန်ပါ။ ရင်ထဲမှာ စိတ်ကူးလေး နှင့် ပြောကြည့်တာကိုပင် လုံးဝအဆင်မပြေ၊ ပြောမည့်စကားက. .

'စိုင်းရေ. . . မဒီ့ကို ဘယ်လောက် တင်တောင်းနိုင်မှာ လဲဟင်၊ သိန်းတစ်ရာလား၊ နှစ်ရာလား၊ စိုင်းမှာရော ကျောထောက် နောက်ခံ ဘာစီးပွားရေးလုပ်ငန်းတွေ ရှိလဲ. . . ဟင်၊ မင်္ဂလာ မောင်ပိတ်က အရမ်းကို အကုန်အကျများမှာ၊ ဖေဖေက တော်ရုံတန်ရုံ လုပ်ငန်းလောက်နဲ့ သဘောတူမှာ မဟုတ်ဘူး. . . စိုင်းရယ်'

"မဒီ"

"ဟင်"

"ငြိမ်လှချည်လား၊ ဘာတွေများ တွေးနေတာလဲ ချစ်ရာ"

"စိုင်းရေ. . . ဖေဖေနဲ့ မေမေက မဒီ့ကို သိပ်ချစ်တာ"

"အမလေးဗျာ. . . ဟောဒီကောင်ကလည်း ခင်ဗျား တို့ အရမ်းချစ်ရတာပါ မဒီရာ၊ စိတ်ချ မဒီ့ ဖေဖေနဲ့မေမေ



www.burmeseclassic.com

www.burmeseclassic.com



ထက်မလျော့တဲ့ အချစ်တွေနဲ့ ကိုယ် ချစ်ပါမယ်ဗျာ. . ဟုတ်လား"

"မဒီပြောချင်တာကလေ မဒီ့ကိုချစ်တဲ့ ဖေဖေတို့အတွက် လက်ထပ်တဲ့ကိစ္စကိုလည်း ကျေကျေနပ်နပ် သဘောတူပေးတဲ့ အနေအထားလေး ဖြစ်စေချင်လို့ပါ စိုင်းရယ်"

"ဪ. . . ကိုယ် သဘောပေါက်ပြီ မဒီ၊ မဒီဆိုလိုတာက မဒီ့မိဘတွေနဲ့ ကိုယ် အဆင်ပြေဖို့ပဲ မဟုတ်လား"

"ဟုတ်တယ်. . . စိုင်း၊ ဖေဖေနဲ့တွေ့ပြီး စကားပြောကြည့်ရင် ဖေဖေ့ သဘောထားဆန္ဒတွေကို စိုင်း နားလည်မှာပါ"

"မဒီ. . . သူတို့မှာ မဒီ့အတွက် ရည်ရွယ်ထားတဲ့လူများ ရှိနေလို့လား"

"ဟင့်အင်း. . . မရှိပါဘူး စိုင်းရယ်"

"အိုကေ. . . ဒါဆိုရင် ကိုယ် စိတ်အေးပြီ၊ ဘာမှမပူနဲ့ မဒီရာ၊ ယောက္ခမကြီးကြိုက်အောင် ကိုယ် ကြိုးစားပါမယ်ကွာ"

"အဟင်း"

အပြုံးယဲ့ယဲ့လေးဖြင့် မဒီ သက်ပြင်းဖွဖွ ချမိရ၏။ ရင်ထဲမှာတော့ ကြိတ်၍ ပြောနေမိတာတ. . .

"စိုင်းရယ်. . . လိမ္မော်ခြင်းလောက်ပဲရှိတဲ့ စိုင်းရဲ့ ဓနအင်အားကို ဖေဖေ လက်ခံနိုင်ဖို့ မဒီ မမျှော်လင့်ရဲပါဘူးနော်"



## အခန်း [ ၆ ]

"မေထား. . . မေထား"

"ရှင်"

ခင်ပွန်းဖြစ်သူ ဦးတက်နေထွန်း၏ ခေါ်သံကြောင့် ဒေါ်မေထား ဒိန်းကနဲ တုန်သွားရတာ အမှန်ပင်. . .

နကိုကပင် အသံကျယ်ကျယ်နှင့် စကားပြောတတ်သော ဦးတက်နေထွန်း၏ အသံက ဟိန်းဩစွာ အောင်မြင် ရှင်းကြည်ပီသသော အနေအထားဖြင့်၏။

သာမန်ပြောလျှင်ပင် ကြည်လင်ပီသ အောင်မြသော အသံက တစ်စုံတစ်ခု စိတ်တိုင်းမကျဖြစ်လာပြီ၊ စိတ်တိုစရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ရှိလာပြီ ဆိုပါလျှင် ပို၍ ကျယ်လောင်ကာ တစ်အိမ်လုံး လွှမ်းသွားရမတတ်ပင်တည်း။

ခုလည်း သေချာပါပြီ. . .

ဇနီးဖြစ်သူ ဒေါ်မေထားကို အော်ခေါ်နေသောအသံက ဒေါသ၊ အငွေ့အသက်လေးတွေပါကာ မာမာဆတ်ဆတ်ဖြစ်၏။

ပျာပျာသလဲ ထွက်လာသော ဒေါ်မေထားက ပေါ်တီကို အောက် ကားရပ်ပြီး အိမ်ထဲဝင်လာသော ဦးဘက်နေထွန်းနှင့် ဧည့်ခန်းထဲမှာပင် ဆုံကြတော့၏။

"ဟင်. . . ကိုနေ၊ ဘာလဲ၊ ဘာဖြစ်လို့လဲ"

ခင်ပွန်းဖြစ်သူ၏ သုန်မှုန်နေသော မျက်နှာကို ကြည့်ကာ နားမလည်နိုင်စွာ ဒေါ်မေထား မေးလိုက်လေသည်။

"သမီး. . . ဘယ်သွားလဲ မေထား"

ဒေါ်မေထား ဟန်မပျက်ပင် ဖြေ၏။

"ဩော်. . . သူတို့ သူငယ်ချင်း လာတယ်ဆိုလို့ ဘုရား သွားပို့ကြတယ်လေ၊ ဘာဖြစ်လို့လဲဟင်. . . ကိုနေ"

"သူတို့ သူငယ်ချင်းဆိုတာက. . ."

"စုစုနဲ့ သမီးပါ ဝေဘင်ကြီးကတဲ့၊ ထားဝယ် မရောက်ဘူး လို့ လာလည်တာတဲ့"





"အဲဒီလောက်ပဲလား"

"ရှင်. . . ကိုနေ"

"မင်း. . . အဲဒီလောက်ပဲ သိလားလို့ မေးနေတာ"

"ဟုတ်တယ်. . . ကိုနေ၊ သမီးရော စုစုပါ ဒီလိုပဲပြော တာ၊ ဧည့်သည်ကို လိုက်ပို့ဖို့ဆိုပြီး အိမ်က ကားနဲ့ပဲ သွားကြတယ်လေ"

"တွေ့တယ်. . . တွေ့ခဲ့ပြီးပြီ"

"ဟင်"

"ဧည့်သည်က ယောကျ်ားလား၊ မိန်းမလား. . . ကဲ"

"ယောကျ်ားလေးပါ ကိုနေ၊ မေထားတောင် ထမင်းတစ် နပ်ကျွေးဖို့ စဉ်းစားထားတာပါ။ တည်းတာက ပန်းဥယျာဉ် တည်းခို ခန်းမှာတဲ့"

"မေထား"

"ရှင်"

"သမီးက မင်းကို ဘာတွေ ပြောထားသေးလဲ"

"ဟင်"

"အဲဒီ ဧည့်သည်နဲ့ ပတ်သက်လို့ပေါ့"

"ဟာဗ်အင်း. . . ကိုနေ၊ မိတ်ဆွေလို့ပဲ ပြောတာပါ"

"လိမ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သမီးက မိတ်ဆွေလို့ပြောတာ ညာတာသိလား"

"အို"

"သမီးနဲ့ ရည်ငံနေတဲ့ ကောင်လေးပဲ"

"ဟင်"

ဒေါ်မေထား မျက်နှာ ဘယ်လိုထားရမှန်း မသိတော့၊ ဒီကိစ္စကို မိမိ သိပါသည်ဟု မပြောရဲပါ။

ကိုယ့်ယောက်ျားအကြောင်း ကိုယ် အသိဆုံး. . .

ခုတော့ တိုက်ဆိုင်စွာပင် တွေ့သွားခဲ့လေပြီ. . .

သမီးတို့က ဧည့်သည်ကို ဘုရားစုံဖူးနှင့် မောင်းမကန် ပို့ရန်အတွက် အိမ်က ကားဖြင့် သွားကြခြင်း ဖြစ်၏။

ကားနှစ်စီးအနက် ပါရာဒိုကိုတော့ ဦးတက်နေထွန်း ကိုယ်ပိုင်လုပ်ငန်းသုံးအဖြစ် စီးကာ မတ်တူး ဆလွန်းလေးကို အိမ်သုံးအဖြစ် ထားပေး၏။

"မင်း. . . ညံ့တယ် မေထား"

"ရှင်"

"မအေတစ်ယောက်လုပ်ပြီး ကိုယ့်သမီး ဘာဖြစ်နေတယ် ဆိုတာ မသိတာ မင်း သိပ်ညံ့သွားပြီ"





"အို. . . ကိုနေကလဲ ဒီကိစ္စက သမီးကိုယ်တိုင် ဖွင့်ပြောမှ သိရမယ့်ဟာ အချိန်တန်ရင်တော့ သိရမှာပေါ့ရှင်"

"ရွတ်. . . မင်းဟာလေ ညံ့ပြီးရင်း ညံ့နေတော့ပါလား မေထားရာ"

"ဟင်"

"မင်းပြောတဲ့ အချိန်တန်ရင်ဆိုတာက ဘယ်အချိန်လဲ၊ သူ အဲဒီကောင်နဲ့ ယူပြီးမှလား ဟုတ်လား"

"ကိုနေကလဲ. . . သမီးက လူကြီးမိဘ ဆန္ဒမပါဘဲနဲ့ ဘယ်တုန်းက လုပ်ခဲ့ဖူးလို့လဲရှင်"

"အေး. . . အရင်တုန်းက မလုပ်ပေမယ့် ဒါမျိုးကြုံလာရင် လူကြီးမိဘဆန္ဒထက် ကိုယ့်သဘောနဲ့ကိုယ် ဆင်ကန်းတောတိုး ဇွတ်လုပ်တတ်တာ မင်းနားမလည်ဘူးလား၊ တောက်. . . ဘယ်က ဘာကောင်မှန်းမသိဘဲနဲ့ မင်းသမီးက ရည်းစားထားလာတော့ အခု လိုက်လာပြီ မဟုတ်လား၊ တတွဲတွဲ သွားလာနေတာ သူများတွေမြင်ရင် ဘာထင်မလဲ အထင်သေးမယ်၊ မိန်းကလေး ဈေးကျတော့မယ်၊ ဒီလိုသာ လူမြင်သူမြင် တတွဲတွဲ သွားလာ လည်ပတ်နေရင်လား. . . တစ်ပြားမှ မတန်ဘဲ ဖြစ်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေကလဲနော်၊ ကိုယ့်သမီးကိုများ ပြောနေလိုက်တာ ရောင်းထည်ပစ္စည်းကျနေတာပဲ"

"ဟ. . ရောင်းထည်ပေါ့ မေထား၊ မင်း နားမလည်သေးဘူးလား၊ မိန်းကလေးဆိုတာ သူ ကြီးပြင်း ကျင်လည်ရတဲ့ ဂုဏ်အသိုင်းအဝိုင်းနဲ့ အရှိန်အဝါကို လိုက်ပြီး တန်ဖိုးမြင့်တာကွ၊ ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်၊ လိမ္မာရေးခြားရှိတဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေရင် ဂုဏ်ရည်တူတဲ့ ယောကျ်ားတွေ ကမ်းလှမ်းလာမှာပေ့ါ၊ ကိုယ်က အနေအထိုင် မတတ်ရင် ကောင်းတဲ့ အိမ်ထောင်ဖက်ရဖို့ မလွယ်တော့ဘူးကွ"

"ကိုနေ . . . သမီးက စီးပွားရေးတက္ကသိုလ်ကဘွဲ့တောင်ယူတော့မယ်၊ ကလေးလေး မဟုတ်တော့ပါဘူးရှင်၊ သူ လက်တွဲရမယ့် သူ့ဘဝအဖော်ကို သူ ရွေးချယ်တတ်မှာပါ"

"ဘာကွ. . . သူ ရွေးချယ်တတ်မှာပါ ဟုတ်လား"

"အင်းလေ. . ."

"တော်. . . တော် မေထား၊ မင်း စကားရပ်လိုက်စမ်း၊ သူ့သဘောနဲ့သူမို့ အခု ဘယ်က ဘာမှန်းမသိတဲ့ကောင်ကို ကြိုက်နေတာ ငါက လက်ပိုက်ကြည့်နေရမှာလားကွ. . . ဟင်"

"အို. . . ကိုနေ မေထားပြောတာက. . ."





"ဘာမှ မပြောနဲ့ကွာ၊ သမီးရဲ့အိမ်ထောင်ရေးကို ငါ ကိုယ်တိုင် ရွေးမှာ သိလား"

"ရှင်"

"ငါတို့မှာ ဒီသမီးလေးတစ်ယောက်တည်းပဲရှိတာ ဖြစ်ချင်ရာဖြစ် ချစ်လွန်းတဲ့စိတ်နဲ့ မင်းက အလိုလိုက်ဖို့ မကြံနဲ့၊ သမီးဘဝတစ်သက်လုံး ကောင်းစားမယ့်အရေးကိုပဲ ဦးစားပေးရမှာ ရည်းစားထားတာ မဆန်းပါဘူးကွာ"

"ကိုနေ"

"ဘာလဲ"

"သူ့ကောင်လေးရဲ့အခြေအနေ"

"ဟာ . . . မေးရမှာပေ့ါ၊ သေချာကို မေးရမယ်၊ ငါ့သမီးတို့ လိုချင်တဲ့လူဟာ ငါ သဘောကျတဲ့ အရည်အချင်းတွေနဲ့ ဒေါင်ဒေါင်မြည် ပြည့်စုံ မပြည့်စုံ သေသေချာချာ လေ့လာရမှာပေ့ါကွာ"

"ကိုနေ"

"ပြော"

"သိပ်ပြီးလည်း မတင်းလွန်းပါနဲ့လားရှင်"

"ဘာ. . . မေထား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . မေထား၊ ပြောတာက ငွေကြေးခနဉစ္စာတွေ ဖုတ် သမီးအပေါ် ကြင်နာမြတ်နိုးတဲ့ ကိုယ်ကျင့်သိက္ခာ"

"မေထား"

ဟိန်းထွက်လာသော ဦးတက်နေထွန်း၏အသံကြောင့် ဒေါ်မေထား စကားတွေ တိကနဲ ပြတ်သွားရတော့၏။

ဦးတက်နေထွန်းက မဲ့တဲ့တဲ့လေး ပြုံး၍ . . .

"ဒီမှာ မေထား၊ မင်းပြောတဲ့ ကြင်နာတာ မြတ်နိုးတာ ကိုယ်ကျင့်သိက္ခာတွေဆိုတာ အခု ငါတို့ နေသလို တိုက်နဲ့ကားနဲ့ အပျံစားလေး စတိုင်လ်ကျကျ နေနိုင်မှာလား၊ စားနိုင်မှာလား၊ ဝတ်နိုင်မှာလား၊ သုံးဖြုန်းနိုင်မှာလား၊ ပြောစမ်းပါဦး အဟား ဟား"

"ကိုနေရယ်"

ခင်ပွန်းဖြစ်သူကို ဒေါ်မေထား စိတ်ပျက်စွာ ကြည့်မိတော့၏။ ဒါကိုပင် ဦးတက်နေထွန်းက ခေါင်းရမ်း၍. . .

"မေထား မင်း ငါ့ကို အဲဒီလို မကြည့်နဲ့၊ မင်း အခုလို ချမ်းချမ်းသာသာနေနိုင်တာဟာ၊ ငါဆိုတဲ့ကောင်က ငွေအရှာကောင်းလို့ကွ မှတ်ထား၊ ဟွန်း. . . လောကမှာ ငွေကွ၊ သမီးကို ချစ်လှချည်ရဲ့လို့ဆိုတိုင်း မင်း လမ်းဘေးက သူတောင်းစားကိုရော သမက်တော်မှာလား၊ ပြောစမ်းပါဦး"





ဒေါ်မေထား ဘာမှ မပြောတော့၊ ပြောချင်စိတ်လည်း မရှိတော့ပါ။

အရာအားလုံးကို ငွေနှင့်သာ တိုင်းတာတတ်သော ခင်ပွန်းဖြစ်သူ၏ စိတ်ဓာတ်နှင့် အတွေးအခေါ်တွေက အစွန်းရောက်လွန်းလှပါသည်။

သမီးအတွက်လည်း ရင်လေးနေရလေပြီ။ ထိုစဉ်မှာပင် သမီးမောင်းသော ကားလေးက ပေါ်တီကိုအောက်သို့ ငြိမ့်ကနဲ ဆိုက်လာပါတော့၏။

ဧည့်ခန်းထဲမှာ ထိုင်နေသော ဖေဖေနှင့်မေမေကို တွေ့လိုက်ကတည်းက မဒီ ထိတ်ကနဲ ဖြစ်သွားရ၏။

မေမေ့မျက်နှာက မကောင်းလှပါ။

ဧည့်ခန်းထဲ မဒီ ဝင်လိုက်သည်နှင့် ဖေဖေက. . .

"သမီး ဘယ်က ပြန်လာတာလဲ"

"ဧည့်သည်ကို ဘုရားဖူးသွားပို့တာပါ ဖေဖေ၊ စုစုလည်း ပါပါတယ်"

"ဟုတ်ပြီ. . . သမီး မေမေပြောတော့ ကျောင်းက မိတ်ဆွေဆိုလား ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"မေထား"

"ရှင်. . . ကိုနေ"

"သမီး မိတ်ဆွေကို နှက်ဖြန်ညနေစာ ကျွေးရအောင် ဟုတ်လား"

"ဟင်"

"သမီးကလည်း ဖိတ်လိုက်ပါ၊ ဖေဖေတို့နဲ့ တွေ့ရအောင်"

"ဟုတ်ကဲ့. . . ဖေဖေ"

မေမေ့ကို မသိမသာကြည့်တော့ မေမေ့ခေါင်းလေး အသာယမ်းပြနေသဖြင့် မဒီရင်ထဲ လေးကာနဲ့ ဖြစ်သွားရတော့၏။



## အခန်း [ ၇ ]

စိုးရိမ်မှုတွေဖြင့် မဒီစိတ်တွေ ဆောက်တည်ရာမရနိုင်လောက်အောင် လှုပ်ရှားနေမိပါပြီ။

ဖေဖေရော မေမေပါ ဧည့်ခန်းထဲမှာ အသင့်ထိုင်စောင့်နေကြ၏။

ဧည့်သည်လာမည်ဆို၍ ထုံးစံအတိုင်း ဖေဖေက အဝတ်အစားကို စမတ်ကျကျ သားသားနားနားလေး ဝတ်ထားပါသည်။

ပြည့်စုံချမ်းသာခြင်းဟူသော မာန်ဖြင့် ဖေဖေ့ပုံစံက အမြဲတမ်း ခန့်ညားဝင့်ကြွားစွာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိသူတစ်ယောက်၏ တည်ငြိမ်ဂုဏ်ယူမှုဖြင့် အားလုံးကို စိန်ခေါ်သည့် အနေအထား အသင့်ရှိနေပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် မဒီကိုလည်း ဧည့်သည်လာတိုင်း အမြဲတမ်းလိုလိုပင် အဝတ်အစား အပြင်အဆင်ကအစ ဖေဖေ သတိပေး ဝရုစိုက်ကာ စမတ်ကျကျလေး ပြင်ဆင်စေတတ်ပါသည်။

ဖေဖေ့ ခံယူချက်တွေက. . .

"ကိုယ့်အိမ်ရောက်ဖူးတဲ့ ဘယ်ဧည့်သည်မဆို ကိုယ့်အခြေအနေကို တစေ့တစောင်း တီးခေါက်မိပြီးသား၊ ဩဘော ပေါက်ပြီးသား ဖြစ်သွားစေရမယ်ကွာ၊ ဒါ ကြွားတာ မဟုတ်ဘူး၊ ကိုယ်ဟာ ဘယ်လိုအဆင့်အတန်းရှိသလဲဆိုတာကို ပြတာ၊ လူအများစုဟာ ချမ်းသာဟန်ဆောင်နေကြတာ၊ လုပ်ငန်းရှင်ကြီး အမည်ခံပြီး နောက်ပိုင်း အကြွေးလည်ပင်းခိုက်နေတာ တပုံကြီး၊ လူရှေ့သူရှေ့ ဟန်ဆောင်ပြုံးတွေနဲ့ မျက်နှာဖုံးကြီးစွပ်ပြီး လိမ်နေကြတာ၊ အဟွန်း ဖေဖေတို့က ကိုယ့်အရည်အချင်းနဲ့ကိုယ် တကယ် ချမ်းသာတာ၊ ဒါကြောင့် ဒီအိမ်ရောက်ဖူးတဲ့ ဧည့်သည်မှန်သမျှ ဪ. . . ဒီမိသားစုဟာ ဒီလိုနေပါလားဆိုတာ သိသွားစေရမယ်၊ သိအောင်လည်း ကိုယ်က နေပြရတယ် သမီး"

မဒီ စိတ်လေးနေရ၏။ စိုင်း တစ်မျိုးထင်သွားမှာလည်း စိုးမိ၏။

ငါးနာရီတိတိမှာ စိုင်း ရောက်လာလေသည်။





မဒီက ပေါ်တီကို အောက်မှ ကြိုလာပြီး စိုင်းကို အပို ဘာမှမပြောရဲပါ။

ဧည့်ခန်းထဲမှ ဖေဖေ လှမ်းကြည့်နေသည်မဟုတ်ပါလား။

"လာ. . . စိုင်း"

ဧည့်ခန်းထဲ ရောက်တော့မှ မဒီက ဖေဖေနှင့်မေမေကို စိုင်းနှင့် မိတ်ဆက်ပေးရ၏။

"ဖေဖေ မေမေ သူက စိုင်းခမ်းအောင်ပါ၊ စိုင်း ဒါ မဒီ ဖေဖေနဲ့ မေမေလေ"

စိုင်းက ရည်မွန်စွာ ပြုံး၍ ခါးလေးညွတ် ခေါင်းလေးငုံ့ကာ နှုတ်ဆက်လိုက်၏။

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

ဖေဖေက စိုင်းကို အကဲခတ်ဟန်မျက်ဝန်းများဖြင့် စူးစူးစမ်းစမ်း ကြည့်နေရာမှ ခေါင်းညိတ်ကာ. . .

"အင်း. . . အင်း ဝမ်းသာပါတယ်ကွာ၊ ကဲ ထိုင် ထိုင်"

ဖေဖေ့ မျက်နှာချင်းဆိုင် ဆက်တီမှာ စိုင်း ဝင်ထိုင်တော့ မဒီက မေမေ့ဘေးမှာ အသာဝင်ထိုင်လိုက်၏။

မေမေက သန့်ပြန့်ရည်မွန်သော စိုင်းကို သဘောကျသော မျက်ဝန်းများဖြင့် ကြည့်နေတာကို တွေ့ရသဖြင့် ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



မမြင်အောင် မေမေ့ကို မဒီ ကျောဖွဲ့တင်ပြူးလေးဖြင့် ကြည့်မိရသေး၏။

ချစ်သူကို မိဘတွေ အမြင်မှာ နှစ်ခြိုက်လက်ခံစေချင်သော ရင်ထဲမှ ဆန္ဒများဖြင့် မဒီ ခြေဖျားလက်ဖျားတွေပင် အေးချင်ချင် ရှိလာရ၏။

ရှပ်လက်ရှည် မီးခိုးနုရောင်နှင့် စတိုင်လ်ဘောင်းဘီအပွခံပုပ်ရောင်ဖြင့် စိုင်းအသွင်က ကျက်သရေရှိစွာ တည်ကြည်ခန့်ညားလှပါဘိခြင်း။

မြင့်မားသော အရပ်၊ ဖြူဝင်းသောအသား၊ နက်မှောင်သော ဆံပင်ကို ပုံပန်းတကျ ညှပ်ကာ စိုစိုတောက်တောက် ဂျယ်လီစပရေးတို့ဖြင့် ပုံသွင်းထားသဖြင့် စိုင်းအသွင်က ဖေဖေပင် စိတ်ကနဲ ငေးကြည့်သွားရလောက်အောင် ယောကျ်ားပီသချောမောတည်ငြိမ်ခန့်ချွေရလှပါသည်။

"တောင်ကြီးဇာတိလား"

ဖေဖေ့အင်တာဗျူးစတင်ပြီမို့ မဒီ အသက်ပင် မရှူရဲတော့။

"ဟုတ်ကဲ့. . . ဦး၊ ဇာတိကတော့ အောင်ပန်းပါ၊ ခုတော့ တောင်ကြီးမှာပဲ အခြေချလိုက်ပါပြီ ခင်ဗျ"





"ဪ. . . ဟုတ်လား၊ မိဘတွေနဲ့ပဲ နေတာပေါ့"

"ဟုတ်ကဲ့"

"မောင်နှမ ဘယ်နှစ်ယောက်ရှိလဲကွ"

"ကျွန်တော်တစ်ယောက်တည်းပါပဲ ခင်ဗျ"

"မိဘတွေရဲ့ စီးပွားရေးလုပ်ငန်းကရောကွာ"

"ဟုတ်ကဲ့. . . အောင်ပန်းမှာ လိမ္မော်ခြံနဲ့ပါဦး"

"ဪ. . ."

ဖေဖေ ခေါင်းတညိတ်ညိတ်ရှိသွားရပြီးမှ မေမေ့ဖက်ရှုတ်တရက်လှည့်ကာ. .

"ကဲ. . . ကဲ မေထားနဲ့သမီး ထမင်းပွဲ သွားပြင်တော့ကွာ၊ အဆင်သင့်ဖြစ်ရင် ခေါ်လိုက်ဟုတ်လား"

ဖေဖေ့ဩဇာအောက်မှာ ခေါက်ရိုးကျိုး အသားကျစွာ ပွဲစဝင်နေပြီမို့ မေမေနာခံစွာ ထကာ မဒီ့ကိုပါ ခေါင်းဆတ်ခေါ်ထုတ်သွားပါတော့၏။

မဒီ နားလည်ပါသည်။

စိုင်းကို ဖေဖေ နှိုက်နှိုက်ချွတ်ချွတ်လေး တီးခေါက်မေးမြန်းပါတော့မည်။

စီးပွားရေးသမားပီပီ ဖေဖေ့မေးခွန်းတွေကို စိုင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် အဆင်ချောအလိုက်သင့်မှ ဖြစ်ပါ့မလားဟူသော စိုးရိမ်စိတ်ဖြင့် မဒီ နောက်ဆံတငင်ငင်. ...

မေမေက မဒီ့ ပုခုံးလေးကိုဖက်ကာ အားပေးပြုံးလေးဖြင့် တိုးတိုးလေး နှစ်သိမ့်နေပါ၏။

"အဆင်ပြေသွားမှာပါ သမီးရယ်၊ သူငယ်လေးက ရည်ရည်မွန်မွန်နဲ့ အခြေအနေလည်း ကောင်းမယ်ပုံပဲကွယ်၊ မေမေတော့ မြင်တာနဲ့တင် ချစ်သွားပြီ"

"အို. ... မေမေရယ်"

မေမေ့စကားကြောင့် မဒီ့ရင်ထဲ လှိုက်ကနဲပျော်သွားရစွာ မေမေ့ကို ပြန်ဖက်ထားမိကာ လှုပ်ရှားတုန်ယင်စွာ မြောလိုက်မိ၏။

"တကယ်လားဟင် မေမေ၊ စိုင်းတို့ မေမေသဘောကျတယ်ပေါ့နော်"

"အင်းပေါ့. . . သဘောကျပါတယ် သမီးရယ်၊ စိုင်းကလည်း သမီးကို မြတ်မြတ်နိုးနိုး ရှိပုံရတယ်လေ၊ ပုံစံလေးက လူကြီးသူမကိုလည်း ရိုသေလေးစားတတ်ပုံလေး၊ အပြောအဆိုလည်း ရည်မွန်ယဉ်ကျေးတယ်၊ အပြင်အဆင်လည်း လူကြီးမျက်စိထဲ ဝင်အောင် ဝတ်စားတတ်တယ်၊ ကဲ သမီးမေမေတော့ အမှတ်ပြည့် ပေးလိုက်ပြီ သိလား"





"အဟင်း. . . ကျေးဇူးတင်ပါတယ် မေမေရယ်၊ ဒါပေမယ့် ဖေဖေ့ဆန္ဒက ဘယ်လိုရှိဦးမလဲ မသိဘူးနော်၊ သမီး အဲဒါကို ရင်တုန်နေတာ"

"စိတ်အေးအေးထားပါ သမီးရယ်၊ သမီးဖေဖေလည်း သမီးကို သိပ်ချစ်တာလေ၊ အဆင်ပြေမှာပါ၊ လာ လာ ထမင်းပွဲပြင်ရအောင်နော် သမီး"

"ဟုတ်"

မဒီတို့ ထမင်းစားခန်းထဲ ရှိနေစဉ် ဖေဖေနှင့် စိုင်းတို့ ပြောဆိုနေကြလေသည်။

"မောင်စိုင်းခမ်းအောင်"

"ဟုတ်ကဲ့. . . ဦး"

"အေးကွာ. . . ဦးက ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တာ"

"ဟုတ်ကဲ့. . . ပြောပါဦး"

"လိုရင်းပဲ ပြောရရင် မင်းနဲ့ သမီးအခြေအနေကို ဦး သိချင်တယ် ဟုတ်လား"

"ဗျာ"

"အဟင်း . . . ဦးက စီးပွားရေးသမားကွ၊ ရှင်းရှင်းပြတ်ပြတ်ပဲ မေးမယ်၊ မင်းတို့နှစ်ယောက် အခြေအနေက ရိုးရိုးလား



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်းလား၊ အမှန်အတိုင်း မကွယ်မဝှက်ဘဲ ပြောပါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဦး၊ ကျွန်တော် ပြောပါ့မယ်၊ ခွင့်လည်းတောင်းပါရစေ ခင်ဗျာ"

"ဘာကိုလဲကွာ"

"မဒီ့ကို ကျွန်တော် လက်ထပ်ပါရစေဦး"

"ဟေ"

ဦးတက်နေထွန်းက အံ့ဩဟန်ဆောင်သော မျက်ခုံးနှစ်ဖက် ပင့်ကနဲ မြင့်တက်သွားစေကာ စိုင်းကို သဘောကျဟန် ပြုံးမိန့်မိန့် ခေါင်းတညိတ်ညိတ် ရှိသွားရပြီးမှ ပြောလိုက်၏။

"မင်းက ထင်ထားတာထက်ကို သတ္တိကောင်းတာပဲကွ"

"ဗျာ... ဦး"

"သဘောကျတယ်ကွာ၊ သူ့သမီးလိုချင်လို့ သူ့အဖေမှာ မင်း ခွင့်တောင်းပုံက ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိထားပုံပဲကွ၊ မင်းက သမီးကို လက်ထပ်ပါရစေလို့ ခွင့်တောင်းလာမှတော့ ငါကလည်း မင်းကို မေးစရာ ပြောစရာတွေ ရှိလာပြီပေါ့ကွာ"

"ဟုတ်ကဲ့ ... ဦး၊ ဦးသိချင်တာ မေးပါ၊ ကျွန်တော် ဖြေပါ့မယ်"





"နေဦး . . . နေဦး၊ မင်းကို မမေးခင် ငါတစ်ခု ပြောထားရမယ်"

"ဟုတ်ကဲ့"

"အခုက မင်းဆီက တစ်ဖက်သတ်ဆန္ဒကိုပဲ ငါသိရသေးတယ်နော်၊ သမီးရဲ့ဆန္ဒ ဘယ်လိုရှိမလဲဆိုတာ မေးရဦးမယ်ကွ"

"ဟို . . . မဒီကလည်း"

"နေဦး . . . ငါ့စကားမဆုံးသေးဘူးကွ၊ တကယ်လို့ သမီးလည်း မင်းဆန္ဒနဲ့ ထပ်တူပဲဆိုရင်တော့ ငါ့ဖက်က ပြောစရာတွေ ရှိလာရတော့မှာပေါ့ကွာ"

"ဟုတ်ကဲ့ ပြောပါ ဦး၊ ကျွန်တော်တို့နှစ်ယောက်စလုံးက လူကြီးမိဘတွေကို အသိပေးပြီး ခွင့်ပြုရင် လက်ထပ်ချင်တဲ့ဆန္ဒ အမှန်တကယ် ရှိပါတယ်ဦး"

"ဩော် . . . ဒီလိုလား၊ အဟင်း . . . ဟင်း ဒီကိစ္စက မင်းထင်သလောက် မလွယ်ဘူး မောင်စိုင်ခမ်းအောင်"

"ဗျာ"

"မိဘဆိုတာ ကိုယ့်သမီးကို ဆင်းစီး မြင်းရံစေချင်တယ်ဆိုတာ မင်းနားလည်ပါတယ်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်မှာ တွေ့ဆုံသိကျွမ်းပြီး ချစ်ကြိုက်ခဲ့ကြတာ ဟာ မဆန်းပါဘူးကွာ၊ ဒါပေမယ့်"

ဦးတက်နေထွန်းက စကားကို တန့်ကနဲရပ်ထားသဖြင့် စိုင်းက စိတ်လှုပ်ရှား ရင်ခုန်သွားရှာ. . .

"ဟုတ်ကဲ့ . . . ပြောပါ ဦး. . . ဦးရဲ့ဆန္ဒကို ကျွန်တော် သိပါရစေ"

"မောင်စိုင်းခမ်းအောင်"

"ဗျာ"

"အခု မင်းရောက်နေတဲ့ ပို့ျမဒီရဲ့မိဘအိမ်ဟာ ဘယ်လို အခြေအနေရှိတယ်ဆိုတာ မင်း သိလောက်ပါတယ်နော်"

"ဗျာ"

"ပို့ျမဒီဆိုတဲ့ မိန်းကလေးရဲ့ ကျောထောက်နောက်ခံ အင်အားကို မင်းမျက်မြင်ပဲလေ၊ ငါ ဘာမှ ထူးထူးထွေထွေ မပြော ချင်တော့ဘူး၊ တစ်ခုပဲ အဟင်း. . . တစ်ခုပဲရှိတယ်၊ ခုရှုပ်မှ နောင် ရှင်းတဲ့ကွ၊ လိုရင်းပဲပြောမယ်၊ ဟုတ်လား"

"သမီးကို မင်း ဘယ်လောက်နဲ့ တင်တောင်းမယ်လို့ စဉ်းစားထားလဲကွ"

"ဗျာ"





အံ့အားသင့်သွားသော စိုင်း၏မျက်နှာကို ပြုံးပြုံးလေး ကြည့်လိုက်ပြီးမှ ဦးတက်နေထွန်းက ဆက်ပြောလိုက်၏။

"ငါ့ဆန္ဒကို ပြောရရင်တော့ တိုက်တစ်လုံး ကားတစ်စီးနဲ့ ငွေသားက အနည်းဆုံးသိန်းတစ်ရာလောက်ဆိုရင်တော့ အိုကေ တယ်ကွာ , . . ဟုတ်ပြီလား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၈ ]

"အဟား. . . ကျလည်းကျတဲ့ကောင်ကွာ၊ ငါပြောတဲ့ စကားကို ကြားလိုက်တာနဲ့ မျက်နှာ မသိမသာပျက်သွားတာကွ"

လက်ဖက်ဆီစိမ်ကို တစ်ဇွန်းခပ်ကာ မြုံ့ရင်း ဦးတက်နေထွန်းက ကျေနပ်ပီတိဖြစ်ကာ အားပါးတရ ရှိနေသလောက် ဒေါ်မေထားက သက်ပြင်းဖွဖွလေးချမိရင်း မေးလိုက်၏။

"ကိုနေက ဘာတွေများပြောလိုက်လို့လဲ ဟင်"

"အများကြီးပေါ့ကွာ၊ ကိုယ်က သမီးရှင်လေ မေထား၊ အဟွန်း. . . ဟွန့် ကိုယ့်သမီးက သာမန်ဟင်းရွက်ကန်စွန်းအဆင့် မဟုတ်ဘူးဆိုတာ သူ နားလည်သွားအောင်ပြောရတာ"

"ရှင်"





"ပျိုမဒီဆိုတဲ့မိန်းကလေးကို လိုချင်တဲ့ယောကျ်ားလေးဟာ တော်ရုံတန်ရုံ အဆင့်အတန်းလောက်နဲ့ လာမမှန်းစမ်းနဲ့ ပျိုမဒီနဲ့ တန်တဲ့အခြေအနေရှိမှ ဖြစ်နိုင်မယ်လို့ပေါ့ကွာ"

"ဟင်. . . ကိုနေက အဲဒီလိုကို သွယ်သွယ်ဝိုက်ဝိုက်လေး ပြောလိုက်တာပဲလား"

"ဘယ်ကလာ သွယ်ဝိုက်ရမှာလဲကွ၊ တဲ့တိုးကြီးကို ပြောလိုက်တာပေါ့၊ မင်းကလည်း ငါဆိုတဲ့ကောင်က စကားကို ဘယ်တုန်းက ဝေ့လည်ကြောင်ပတ် ပြောဖူးလို့လဲ တဲ့တိုးပေါ့၊ ရှင်းရှင်းကြီးကို ပြောလိုက်တာ"

"ရှင်"

"ငါ့သမီးကို လိုချင်ရင် မင်း တိုက်တစ်လုံး၊ ကားတစ်စီး ငွေသားက အနည်းဆုံး သိန်းတစ်ရာနဲ့ တင်တောင်းရမယ်လို့လေ"

"အို. . . ဘုရားရေ"

ဒေါ်မေထား ရင်ဘတ်ဖိကာ မျက်နှာကွက်ကနဲ ပျက်တော့. . .

"အံမာ . . . မေထား၊ မင်းက ဘာဖြစ်တာလဲ"

"ကိုနေရယ် ရှင်ပြောလိုက်ပုံက ဟိုက ဘယ်လိုထင်သွားမလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ဘယ်လိုထင်ထင် ဂရုစိုက်စရာလား၊ ဒါ အရှင်းဆုံးပဲကွ၊ သူ့မှာ အဲဒီလောက်ရှိမှ ဖြစ်နိုင်မယ်ဆိုတာ သဘောပေါက်မပေါ့၊ ငါ့သမီးက အဲဒီထက်မကတဲ့အမွေတွေကို ဆက်ခံရမယ့် မိန်းကလေးကွ၊ သူတင်တောင်းမယ့်တန်ဖိုးတွေက သမီးရဲ့စည်းစိမ်နဲ့စာလိုက်ရင် ဘာမှမက်လောက်စရာမရှိတဲ့ ပမာဏပါကွာ၊ မေထား . . . ငါ လုပ်လိုက်တာ ဘယ်လောက်ပြတ်သလဲ လောကမှာ လူလည်တွေ လူလိမ်တွေချည်းပဲကွ၊ သမီး ချမ်းသာမှန်းသိလို့ ချိန်လိုက်တယ်ဆိုရင်လည်းပဲ သူ့မှာ ငါပြောတဲ့ အရင်းအနှီးရှိမှ ဖြစ်မယ်လေ မပိုင်လား"

"ကိုနေရယ် . . . ဖြစ်ရလေ"

ဒေါ်မေထား ခပ်ညည်းညည်းလေး ရေရွတ်လိုက်တာကို ဦးတက်နေထွန်းက မျက်မှောင်ကြုတ်၍ . . .

"ဘာ . . . ဘာပြောတယ် မေထား၊ ဖြစ်ရလေ ဟုတ်လား"

"ဟုတ်တယ် . . . ကောင်လေးကို အားနာစရာ"

"ဟ . . . ဒါ အားနာရမယ့်ကိစ္စမဟုတ်ဘူး မေထား ကိုယ့်သမီးဘဝ နောင်ရေး ကောင်းစားဖို့ စိတ်အေးရဖို့လေကွာ"

"ကိုနေ"





"ဘာလဲ"

"သမီးအတွက် ငွေကြေးချမ်းသာဖို့ အဓိကလား၊ စိတ်ချမ်းသာဖို့ အဓိကလားဟင်"

"တော် . . . တော် မေထား၊ မင်းစကားက အဓိပ္ပာယ်မရှိလိုက်တာကွာ၊ လောကမှာ ငွေမရှိဘဲနဲ့ စိတ်ချမ်းသာစရာ ဘယ်လိုဖြစ်နိုင်မှာလဲကွ"

"ငွေဆိုတာ ရှိသင့်သလောက်ရှိနေရင် မပြီးဘူးလား ကိုနေ"

"ဟာ . . . ဘယ်ပြီးမလဲ၊ မင်း အတော့်ကို တုံးတဲ့မိန်းမပါလား၊ ဒီမယ် ငွေဆိုတာ ရှိသင့်သလောက် ရှိရတာထက် အမြဲတမ်း ပိုရှိနေအောင် ကြိုးစားရတယ်၊ ဖန်တီးနည်းလမ်းရှာရတယ်ကွ၊ ငွေဟာ ဘယ်တော့မှ ပိုသွားတယ်လို့ မရှိဘူး၊ အမြဲလိုအပ်နေတာကွ၊ အခု ကြည့်စမ်း . . . ငါတို့မှာ ငွေရှိတယ်၊ ပိုရှိအောင် ငါ အလုပ်လုပ်နေလို့သာ မင်း မပူမပင် မကြောင့်မကြလေး နေနိုင်တာ မဟုတ်လား"

"ကိုနေ . . . အဲဒီလိုပြောလိုက်တော့ ကောင်လေးက ဘာတဲ့လဲ ဟင်"

"အဟား . . . ရုတ်တရက်ဆိုတော့ လုံးဝမျှော်လင့်မထားဘဲ ကြားလိုက်ရတော့ အံ့အားသင့်သွားပုံပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အဲဒီအနေအထားမှာကို ထမင်းစားလို့ရပြီဆိုလို့ လာခေါ်တော့ စကားက အလိုလို တိကနဲ ပြတ်သွားတာပေါ့ကွာ၊ ဒါပေမယ့် ဒီကောင် ဟန်တော့ မပျက်ဘူးကွ၊ ထမင်းကို တည်တည်ငြိမ်ငြိမ်လေး စားသွားနိုင်တယ်၊ ငါက ထမင်းစားရင်း အကဲခတ်နေတာ"

"ကောင်လေးက တော်ရှာပုံရပါတယ်ရှင်"

"မေထား"

"ရှင်"

"ဘာလဲ. . မင်းက ဘုမသိဘမသိနဲ့ သဘောကျနေပြီလား ပြောစမ်းပါဦး"

"အို. . . ကျွန်မပြောတာ အဲဒီသဘော မဟုတ်ပါဘူးရှင်၊ လူဆိုတာ အပွေးမြင်အပင်သိ မဟုတ်လား၊ သူ့ကြည့်ရတာ ရည်မွန်ယဉ်ကျေးပြီး တည်ငြိမ်တဲ့ပုံလည်း ပေါက်တယ်"

"မေထား . . . မေထား မင်းတော့ ကောင်းကောင်းကြီး ဒုက္ခတွေ့ဦးမယ်"

"ဟင်. . . ဘာရယ်"

"လောကမှာ မင်းပြောတဲ့ ရည်မွန်တာ ယဉ်ကျေးတာ





တည်ငြိမ်တာတွေဟာ ဟန်ဆောင်လို့ရတဲ့ ကိစ္စတွေပါကွာ၊ အခုခဏလေး တွေ့ရတဲ့လူတစ်ယောက်ကို မင်း စွဲပြီး အထင်တွေကြီးပစ်နေတာ ရယ်စရာလည်းကောင်း၊ သနားစရာလည်းကောင်းနေပြီကွ"

"ရှင်ကလည်းနော်"

"သမီး ဘယ်မှာလဲ မေထား"

"ထမင်းစားခန်းမှာလေ. . . ကောက်သိမ်းနေတာပေါ့"

"အေး. . သမီး နားလည်အောင် မင်းလည်းပြောလိုက်၊ အဖေက ဖြစ်သင့်ဖြစ်ထိုက်တာကို လုပ်နေတာလို့၊ အဲဒီလောက်မှ အခြေအနေမရှိရင်လည်း ဒီလိုလူကို လုံးဝမစဉ်းစားနဲ့လို့ ဟုတ်လား"

"ကိုနေ"

"အင်း"

"သမီးကို စိတ်မဆင်းရဲစေချင်ဘူးရှင်"

"ဟ ငါက မင်းထက် ပိုချစ်ပါတယ် မေထားရာ၊ စိတ်ချ ငါ့သမီးကို စိတ်လည်း မဆင်းရဲစေရဘူး၊ လူလည်း ချမ်းသာစေရမယ်၊ ဒါ မိဘ စေတနာမေတ္တာတွေကွ၊ မိဘစကားနားထောင်ရင်သာတော့မှ မဆင်းရဲစေရဘူးဆိုတာ သမီးကို မင်း သဘောပေါက်အောင် ပြော၊ ဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေထား သက်ပြင်းချကာ ငြိမ်နေလိုက်၏။ ထိုစဉ် မဒီ ဝင်လာသဖြင့် ဦးတက်နေထွန်းက. . .

"လာ. . . သမီး ဒီမှာ လာထိုင်"

ဖေဖေ့အနားမှာ မဒီ ဝင်ထိုင်တော့ ဖေဖေက. . .

"သမီး ညွှသည်က ဖေဖေ့မှာ ခွင့်တောင်းနေပါလား"

"ရှင်. . . ဖေဖေ"

"သမီးကို သူ လက်ထပ်ချင်ပါတယ်တဲ့"

"ဟင်"

ဖေဖေ့မျက်နှာကို မဒီ အထိတ်တလန့် ကြည့်မိရတော့၏။

စိုင်းကို ဖေဖေ ဘယ်လိုများ ပြောလိုက်သလဲဟူသော စိုးရိမ်စိတ်လေးဖြင့် မဒီ့ရင်တွေ တဒိတ်ဒိတ် ခုန်နေရလေသည်။

"ဖေဖေလည်း သူ့ကို ပြောလိုက်ပါတယ်ကွာ၊ သမီးကို လိုချင်ရင် မင်းဘယ်လောက် တင်တောင်းနိုင်မလဲလို့ပေါ့"

"အို"

မဒီ့မျက်နှာတစ်ခုလုံး ဖွေးကနဲ ဖြစ်သွားရတော့၏။

ဖေဖေကတော့ ပြောသလိုလုပ်ပါလိမ့်မည်။ စိုင်းခရာ ဘယ်လိုထင်သွားလေမလဲ။

ဒါကြောင့် ထမင်းဝိုင်းမှာ စိုင်း နှုတ်ဆိတ်နေတာများလား





ထမင်းဝိုင်းမှာလည်း ဖေဖေ့အသံသာ လွှမ်းနေလေသည်။

ပြန်ခါနီး နှုတ်ဆက်ချိန်မှာတော့ စိုင်းက တိုးတိုးလေး ပြောသွားပါ၏။

"ညဥ့်ကိုးနာရီမှာ ဖုန်းဆက်မယ်နော်"

ခုတော့ ဖေဖေ့စကားကြောင့် မဒီ ပို၍ စိတ်လှုပ်ရှားစိုးရိမ် သွားရတာ အမှန်ပင်။

ဖေဖေ ဘာတွေများ ပြောလိုက်သေးလဲဟူသော အတွေးဖြင့် ဖေဖေ့မျက်နှာကိုသာ မဒီ ကြောင်ငေးငေးလေး ကြည့်နေခဲ၏။ ဖေဖေက ရုတ်တရက် မေးလိုက်လေသည်။

"ဒီကောင်လေးက ချမ်းသာသလား သမီး"

"ရှင်. . . သမီး မသိပါဘူး ဖေဖေ"

"ဟာ. . . သမီးကလည်း ဒီလောက်တောင် မသိဘူးလား၊ သမီးနဲ့ ရင်းနှီးတယ်ဆို၊ သူ့အခြေအနေ အကဲခတ်ရအလောက်ပေါ့ ချမ်းသာသလား မချမ်းသာဘူးလားဆိုတာတော့ ခံနိုင်တာပဲ မဟုတ်လား သမီးရာ"

"ဟင့်အင်း . . . မသိဘူး ဖေဖေ"

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သဘောမကျဟန် ခေါင်းယမ်းလိုက်ပြီးမှ. . .

"အေးလေ ထားပါတော့၊ ဘာပဲဖြစ်ဖြစ် ဖေဖေ့သမီးကို လက်ထပ်ပါရစေလို့ ခွင့်တောင်းလာမှတော့ ဖေဖေလည်း သူ့ဖက်က ဘယ်လောက်အထိ တန်ဖိုးထားမထား သိချင်လို့ တင်တောင်းရမယ့်ပမာဏတွေကို ရှင်းရှင်းပဲ ပြောလိုက်တယ်၊ တိုက်တစ်လုံး ကားတစ်စီး ငွေသား သိန်းတစ်ရာ အနည်းဆုံးလို့"

"ဟင်"

မဒီ ပါးစပ်အဟောင်းသား မျက်လုံးအဝိုင်းသား ရှိသွား ပါတော့၏။

ဖေဖေရယ်. . . စိုင်းမှာ အဲဒီလောက် ရှိနိုင်ပါ့မလား

မရှိရင်တော့ သမီးနဲ့စိုင်း မဆုံနိုင်ဘူးဆိုတဲ့ သဘော နော်။

အို. . . စိုင်းကရော ဘယ်လိုများ ထင်သွားတော့မှာ ဖေဖေရယ်။ ငွေအရမ်းမက်တဲ့လူတွေလို့ ထင်နေတော့မှာလား

"သမီး. . . မဒီ"

"ဟင်. . . ရှင်. . . ဖေဖေ"

"ဘာတွေ စဉ်းစားနေတာလဲ"

မဒီ ခေါင်းအသာယမ်းပြလိုက်မိ၏။





ရင်ထဲမှာ ဗလောင်ဆူနေပါပြီ။

"အေး. . သမီးကို သူဆက်သွယ်လာရင် ဖေဖေဆုံးဖြတ်ထားတဲ့ကိစ္စဟာ အတည်ပဲလို့ ပြောလိုက်ဟုတ်လား၊ ဒါ အရေးကြီးတယ်၊ ကိုယ့်ဒေသမှာ ဒီလိုအစဉ်အလာတွေက ဘဝ တစ်ခုလုံးအတွက် သိက္ခာပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ လက်ထပ်မင်္ဂလာပွဲကို အကောင်းဆုံးကျင်းပနိုင်ခြင်းဟာ သားစဉ်မြေးဆက် အတုယူ ဂုဏ်ယူစရာအဖြစ် ရှိစေရမယ် သမီး"

စကားအဆုံး ဖေဖေ စာကြည့်ခန်းထဲဝင်သွားတော့ မဒီ မေမေ့ကို မျက်ရည်ဝဲစွာ ကြည့်မိပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၉ ]

ညဥ့်ကိုးနာရီတိတိမှာ ဖုန်းက မြည်လာပါတော့၏။

ရင်တုန်မောစွာ စောင့်နေသည်ဆိုသော်လည်း မဒီမှာ စိုင်းနှင့် စကားပြောရန် ဝန်လေးနေမိ၏။

မြည်နေသော ဖုန်းကို သွေးပျက်စွာကြည့်ပြီး မဒီ ရုတ်တရက် မကိုင်ရဲ။

သို့သော် မကိုင်လည်းဘဲ မနေရဲတာမို့ တွန့်ဆုတ်ဆုတ်လေး ကိုင်ယူကာ နားထောင်လိုက်ရလေသည်။

"ဟုတ်ကဲ့. . . မဒီပါ"

"မဒီ. . . စိုင်းပါ"

"စိုင်း"





စိုင်းကို ခေါ်ပြီး မဒီ့နှုတ်ဖျားမှာ စကားတွေ အလိုလို ဆွံ့အသွားရ၏။

စိုင်းအသံက အောင်ဩြဩလေးစီးဝင်လာပါတော့သည်။

"မဒီ နေကောင်းတယ်နော်"

"ဟုတ်"

"စိတ်မကောင်း ဖြစ်နေလား"

"ဟင်"

"မဖြစ်နဲ့နော်၊ မဒီ့ဖေဖေကို ကိုယ်နားလည်ပါတယ်ကွာ"

"စိုင်းရယ်. . . မဒီလေ ဘာပြောရမှန်း မသိတော့ပါဘူး"

"မဒီ"

"ရှင်"

"ဦးက တကယ့်ကို ဘွင်းဘွင်းရှင်းရှင်းသမားပဲနော်"

"အားနာတယ် စိုင်းရယ်၊ ဖေဖေ့စကားတွေအတွက် မဒီ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး မဒီ"

"ဟင်"

"ဦးပြောတာလည်း သဘာဝကျပါတယ်ကွာ"

"စိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တစ်မျိုးမထင်ပါနဲ့နော်"

"ဘာကိုလဲ . . . မဒီ"

"ဟို. . . အိမ်ခေါ် ထမင်းဖိတ်ကျွေးပြီး စိုင်းကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိသလိုဖြစ်သွားလို့ပေါ့"

"အဟင်း. . ရပါတယ် မဒီ၊ ဦးပြောတာ ကိုယ်နားလည်ပါတယ်၊ ဒါဟာ ဒီဖက်ကဒေသရဲ့ ဓလေ့ထုံးစံတစ်ခုလိုဖြစ်နေတာကိုး"

"နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် စိုင်းရယ်"

"မဒီ"

"ရှင်"

"တကယ်လို့ ဦး ဖြစ်စေချင်သလို ကိုယ့်မှာ မရှိဘူးဆိုရင်တော့ ကိုယ်နဲ့ မဒီ နီးဖို့မလွယ်ဘူးပေါ့နော်"

"စိုင်း . . . မဒီ့ကိုယုံပါ၊ မဒီ့ရင်ထဲမှာ စိုင်းတစ်ယောက်တည်းပဲ ရှိတာပါနော်၊ ဖေဖေက မဒီ့ကို အရမ်းချစ်တော့ အစစအရာရာ တင့်တယ်လှပစေချင်တဲ့ စေတနာမေတ္တာတွေကြောင့်ပါ စိုင်းရယ်၊ ဖေဖေ့စကားတွေက စိုင်းအတွက် စိတ်ထဲ ကသိကအောက် ဖြစ်သွားစေပြီ ထင်ပါရဲ့လေ"

"အဟင်း. . . အမှန်အတိုင်း ပြောရမလား မဒီ"





"ဟင်"

"ကသိကအောက်ဖြစ်ရုံတင်ဘယ်ကမလဲကွာ"

"အို"

"ကိုယ် လန့်သွားတယ် သိလား"

"စိုင်းရယ်. . . ဒုက္ခပါပဲ"

"ကိုယ့်မှာက အဲဒီလောက်အထိ မရှိပါဘူး မဒီရာ"

"အင်းပါ . . . အဲဒါကို မဒီနားလည်ပါတယ် စိုင်းရယ်၊ ဒါပေမယ့် မဒီတို့ အချိန်ကာလတစ်ခုအထိတော့ ဖေဖေတို့ ကြည်ဖြူကျေနပ်အောင် ကြိုးစားကြတာပေါ့နော် စိုင်း"

"တကယ်လား မဒီ"

"တကယ်ပေါ့ ဘယ်လောက်ပဲကြာကြာ စိုင်းရယ်၊ လူကြီးတွေ သဘောတူကြည်ဖြူတဲ့အထိ မဒီတို့ စောင့်မယ်လေနော်"

"မဒီ"

"ရှင်"

"ကိုယ့်လို သာမန်ဆင်းရဲသားတစ်ယောက်ကို မဒီ့ဖေဖေ သဘောတူပေးဖို့ဆိုတာ လွယ်တော့မလွယ်ဘူးထင်တယ်ကွာ"

"အဲဒါကြောင့် မဒီ ပြောတာပေါ့ စိုင်းရယ်၊ အချိန်ယူပြီး ကြိုးစားစည်းရုံးရမယ်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မဒီ၊ ကိုယ် မဒီ့ကို အရမ်းချစ်တော့ အဆုံးရှုံး မခံနိုင်ပါဘူးကွာ၊ ကိုယ် ကြိုးစားမယ် ဟုတ်လား"

"စိုင်းရယ် . . . ဝမ်းသာလိုက်တာ"

"မဒီ့ကို တစ်ခု မေးလို့ရမလား"

"ဟင် . . . ဘာများလဲ စိုင်း"

"တကယ်လို့ မဒီ့ဖေဖေက ဘယ်လိုမှ ခွင့်မပြု သဘော လည်း မတူနိုင်ဘူးဆိုရင် နောက်ဆုံးအခြေအနေပေါ့ ဟုတ်လား"

"အင်း . ."

"မဒီ စွန့်စားရဲပါ့မလားဟင်"

မဒီ ရုတ်တရက် နှုတ်ဆိတ်သွားရ၏။

စိုင်းပြောသလို မဒီ စွန့်စားရဲပါ့မလားဟင်။

အဖြေက မရေရာ . . .

ဖေဖေ့မျက်နှာ ကွက်ကနဲမြင်ယောင်တော့ ရင်ထဲ ထင့် ကနဲ လေးသွားရပြန်၏။

မဒီ့ကို အလွန်ချစ်သော အလွန်ကောင်းစေချင်သော ဖေဖေ့စေတနာ မေတ္တာလွန်ကဲမှုတွေကြောင့် ဖေဖေ့ကို ကျောခိုင်း ဥပေက္ခာပြုရန် တွေးလိုက်ရုံနှင့်ပင် မဒီ့ရင်ထဲ မကောင်း တော့။





ဖေဖေဆိုသော ပုဂ္ဂိုလ်ကလည်း တစ်သက်လုံး လက်ညှိုး ညွှန်ရာ ရွှေဖြစ်ခဲ့သော လူက သမီးနှင့်ကျမှ လူတကာ တံတွေး ခွက်ထဲ မျက်နှာမဖော်ရဲတော့သည့် အဖြစ်မျိုးကို မဒီ လုပ်ရန် သတ္တိမရှိပါ။

တစ်ဖက်ကလည်း ရင်နှင့်မဆန့်အောင် အသည်းနှင့် အောင် ချစ်ရပါသော ချစ်သူ။

ဖခင်နှင့် ချစ်သူကြားမှာ မဒီ ဗျာများရပေပြီ။

မဝေခွဲနိုင်တော့။

စိုင်း မေးသလို စွန့်စားရဲ မရဲဆိုတာကိုပင် အဖြေမပေး နိုင်တော့။ အတန်ကြာမှ ရယ်သံလေးစွက်၍ စိုင်းက မေးလိုက် လေသည်။

"အဟင်း . . . မဒီရာ၊ ဘေးကျပ်နံကျပ် ဖြစ်နေပြီလား တွာ"

"စိုင်းရယ်"

"ဆောရီးကွာ . . . ကိုယ် နားလည်ပြီ"

"ဟင်"

"မဒီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှ မစိုးရိမ်နဲ့ ဟုတ်လား"

"ကိုယ်ကလည်း မဒီလိုပါပဲကွာ"

"ဟင်. . . ဘယ်လို စိုင်း"

"လူကြီးတွေ သဘောမတူဘဲနဲ့ ခွတ်တိုးပြီး ဆန့်ကျင်တဲ့ အပြုအမူမျိုးလုပ်ဖို့ ဆန္ဒမရှိပါဘူးကွာ"

"စိုင်းရယ်. . . မဒီကို နားလည်ပေးပါနော်"

"ဒါပေါ့. . . သိပ်ကို နားလည်တာပေါ့ကွာ၊ မဒီဖေဖေ ကြည်ဖြူဘဲနဲ့ ကိုယ်လည်း မျက်နှာအငယ်ခံပြီး အောက်ကျ နောက်ကျ အနိမ့်ခံသမက်အဖြစ်မျိုး မနေချင်ပါဘူးကွာ"

"စိုင်းရယ် ဖေဖေကလေ မြို့မျက်နှာဖုံးအဖြစ် ဝင့်ဝင့် စည်ထည်လေး နေလာခဲ့တော့ မာန်အပြည့်ရှိနေတယ်ဆိုပါ တော့လေ၊ သူ့သမီးကိုလည်း အားလုံးထက် သာအောင်ဖြစ်စေချင် တဲ့ ဆန္ဒတွေလွှမ်းကဲနေတော့ ဖေဖေ့ အပြောအဆိုတွေအတွက် ဒီ တကယ်ပဲ မျက်နှာပူရပါတယ် စိုင်းရယ်၊ သိလား"

"မဒီ"

"ဟုတ်"

"ကိုယ် ကြိုးစားမယ်နော်"





"မဒီ စောင့်ပါမယ် စိုင်း၊ ဘယ်အချိန်ထိဖြစ်ဖြစ် စောင့် နေမယ် သိလား"

"အိုကေ. . . ကိုယ် စိတ်ချတယ်၊ ယုံလည်းယုံတယ်၊ ကိုယ်တို့အတွက် သစ္စာကိုပဲ တိုင်တည်အားကိုးရတော့မှာပေါ့ကွာ"

"ကောင်းပြီ. . . စိုင်း၊ မဒီရင်ထဲမှာ စိုင်းအတွက် ခိုင်မြဲ တဲ့ သစ္စာတရားက နေရာယူထားပြီးသားပါနော်၊ ဘယ်လိုမှ မယွင်းနိုင်တော့ပါဘူး စိုင်းရယ်"

"မဒီ"

"အင်း"

"ဒါဖြင့် ကိုယ် နှုတ်ဆက်ခဲ့ပါတယ်ကွာ နော်"

"ဟင်"

"မနက်ဖြန် ကိုယ် ပြန်တော့မယ်"

"ဟင်. . . စိုင်းရယ်၊ မြန်လိုက်တာ. . . နေပါဦးလား"

"ရပါပြီ. . . မဒီ၊ ခုဆို ကိုယ်ရောက်ဖူးချင်တဲ့ ကိုယ့်ချစ်သူ ရဲ့နေရပ်ဒေသကိုလည်း ရောက်ခဲ့ပြီးပြီ၊ လည်ပတ်စရာတွေလည်း လည်ပတ်ခဲ့ပြီးပြီလေ"

"စိုင်းရယ်. . . စိတ်မာတတ်ကျပြီး ပြန်တာမျိုးတော့ မဟုတ် ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မဟုတ်ပါဘူးကွာ၊ ကိုယ်က ယောက်ျားပါ မဒီရာ၊ ဘာလို့ စိတ်ဓာတ်ကျရမှာလဲ၊ မဒီ့ဖေဖေရဲ့ဆန္ဒတွေဟာ ကိုယ်ဘယ်လောက်အထိ မဒီ့အပေါ် တန်ဖိုးထားမြတ်နိုးပြီး စွဲနစ်အောင် ချစ်သလဲဆိုတာ သက်သေပြဖို့ ကြိုးစားဖို့ ကိုယ့်အရည်အချင်းတွေကို တံခါးခေါက် စိန်ခေါ်လိုက်တာလို့ပဲယူဆပြီး ကိုယ်ကြိုးစား အလုပ်လုပ်ဖို့ ပြန်မှာပါကွာ"

"စိုင်းရယ် စိုင်းစကားတွေ ကြားရတာ မဒီ အားရှိလိုက်တာ"

"မဒီ"

"ရှင်"

"ကိုယ်လည်း ဖိတ်ခေါ်ပါရစေကွာ နော်"

"ဟင်"

"မဒီ ရှမ်းပြည်ဖက် ရောက်ဖူးပြီလား"

"ဟင့်အင်း. . . စိုင်းရယ်"

"ဟုတ်ပြီ. . . အင်းလေးဖောင်တော်ဦးဘုရားပွဲ လာခဲ့ပါလား မဒီ"

"ဟင်"

"သိပ်မကြာခင်မှာ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်လည်း ရှိတယ်လေ"





"ဟုတ်လား. . . စိုင်း"

"ဟုတ်တယ်. . . အရမ်းစည်တာ မဒီရာ၊ မြန်မာပြည်အနယ်နယ်အရပ်ရပ်က လူအတော်များများ လာကြတာလေ၊ နိုင်ငံခြားသားတွေပါပေါ့၊ လာစေချင်တယ်ကွာ"

"အင်း. . . မဒီ မေမေနဲ့ တိုင်ပင်ကြည့်မယ်စိုင်းရယ်နော်"

"ကောင်းပြီ. . . မဒီ၊ ဒီကြားထဲမှာ ကိုယ်တို့ ဖုန်းနဲ့ပဲ ဆက်သွယ်ကြတာပေါ့ ဟုတ်လား"

"ဟုတ်"

"မဒီ"

"ရှင်"

"သိပ်ချစ်တယ်ကွာ"

"စိုင်းရယ် . . . မဒီရောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

▼▼▼ အခန်း [ ၁၀ ] ▼▼▼

"ဒေါက် . . . ဒေါက်"

"ဘယ်သူလဲဟင်"

"စုစု"

အခန်းအောင်းနေသော မဒီမှာ စုစုဆိုသည်နှင့် ပြုန်းကနဲ ထလာကာ တံခါးဖွင့်ပေးရင်း ပြောလိုက်လေသည်။

"စုစုရယ် . . . ပေါ်လာသေးတယ်နော်"

"အံမယ် . . . ကျုပ်က ရှင့်လို အားအားယားယားမှ မဟုတ်တာ အိမ်က ပွဲရုံမှာ စာရင်းကိုင် လုပ်နေရပြီလေ၊ ဖြော ဘာရောဂါလဲ၊ အခန်းအောင်းနေပုံထောက်တော့ ပြဿနာ တစ်ခုခုတော့ ရှိနေပြီထင်တယ် . . . ဟုတ်လား"





"အင်း"

"လာချင်ပေမယ့် တကယ်ကို မအားတာ သူငယ်ချင်းရာ၊ ခုတောင်မှ ရှင့် . . . ဖုန်းဆက်လို့ အလုပ်စောစော သိမ်းပြီး ထွက်လာရတာ"

"အံမယ် . . . တော်ပါနော်၊ ခုမှ မိဘကို မျက်နှာလုပ်နေတာ မဟုတ်လား"

"ဟဲ့ . . . လုပ်ရမှာပေါ့၊ ကျောင်းတက်နေတဲ့ ကာလတစ်လျှောက်လုံးလုံး မိဘပိုက်ဆံနဲ့ သောက်သောက်လဲ သုံးဖြုန်းခဲ့ပြီးပြီလေ၊ ခုတော့ ကိုယ်က မိဘကို တစ်လှည့်ပြန်ပြီး ကူညီရတော့မှာ ပေါ့မဒီရဲ့၊ ကိုယ်တိုင်အလုပ်လုပ်ရတော့မှ ငွေတန်ဖိုးကို ပိုနားလည်လာရတယ် ဟာ . . . သိလား"

"စုစုရယ် . . စကားကြီးစကားကျယ် ပြောနေလိုက်တာ၊ နင့်ပါးစပ်နဲ့ မဆန့်ပါဘူးနော်"

"တကယ်ပြောတာ မဒီရေ့ ငါတို့ လွယ်လွယ်လေးသုံးခဲ့တဲ့ ငွေတွေဟာ တကယ်ရှာရတဲ့အချိန်မှာ ခက်တယ်ဟ သိလား၊ ကိုယ်တိုင်ငွေကိုင်ပြီး အလုပ်လုပ်ရတော့မှပဲ သြော် . . . ငါ့မိဘ တွေ ဒီလိုအခက်အခဲတွေနဲ့ ရင်ဆိုင်ပြီး ဖြေရှင်းခဲ့ရတာပါလားလို့ ကိုယ်ချင်းစာမိတော့တယ်လေ၊ အဟင်း . . . ခုမှ မိဘတွေအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး လေးစားနားလည်မိလို့ အလုပ်တွေကို ဖိလုပ်ပေးနေရတာပေါ့"

"သမီးအလိမ္မာပဲ"

"မဒီ"

"ဘာလဲ"

"ရှင်နဲ့ ကျုပ်က ကုသိုလ်မတူဘူး"

"ဘာကိုလဲ"

"ရှင်က အလုပ်မလုပ်ဘဲ တစ်ပင်တိုင်မြနန်းမှာ စံနိုင်တဲ့ ဘုရင့်သမီးတော်လေးရဲ့ စည်းစိမ်တွေ အပြည့်ရှိနေတယ်လေ၊ ကျုပ်မှာက မို့ဘရဲ့လုပ်ငန်းတွေကို ပုခုံးပြောင်း ထမ်းရဦးမယ်၊ မတူဘူး သူငယ်ချင်း"

"ပြောတော့မယ် ငါလည်း ဒီအတိုင်းတော့ မနေပါဘူး စုစုရယ်၊ ဖေဖေ့အလုပ်တွေ ကူလုပ်မှာပါနော်"

"ရှင့်အဖေလား. . . ခိုင်းမှာ"

"ဟင်"

"သူ့သမီးကို ယင်ဖိုတောင် အသန်းမခံတဲ့ ဦးတက်နေထွန်းကလား၊ သူ့သမီးကို ရွှေလိုဥထားတဲ့အဖေလေ၊ အားလုံးသိတယ်"





"စုစု . . . အဲဒီကိစ္စ"

"နေဦး . . . ငါ ခုမှသတိရတယ်၊ ကိုစိုင်း ပြန်သွားပြီ ဟုတ်လား"

"ဟုတ်တယ်"

"အခြေအနေ ဘယ်လိုလဲဟင် မဒီ၊ အိုကေရဲ့လား"

"အဲဒါကြောင့် ငါ စိတ်ညစ်လို့ နင့်ကိုခေါ် လိုက်တာပေါ့ စုစုရယ်"

"ဟင်. . . ဘာလို့လဲ"

"ဖေဖေလေ"

အစ. . . အဆုံး အတိုချုံးကာ စုစုကို ပြောပြရတော့၏။ စုစုက ခေါင်းတဆတ်ဆတ်ညိတ်ကာ မဒီစကားဆုံးသည်နှင့် မှတ်ချက်ချပါတော့၏။

"လွန်တယ်ဟာ. . . နင့်အဖေတော့ တကယ်လွန်တယ် ကိုစိုင်းတော့ ဘယ်လိုခံစားသွားရမလဲ၊ အဲဒီလောက်ကြီးတော့ စောင်းဆိုသင့်ဘူးလို့ ငါထင်တယ်၊ သူ့မှာမရှိရင် သက်သက်ပေါ်ပြီး လှောင်သလိုအရှက်ခွဲသလို ဖြစ်မနေဘူးလားလို့"

"ဟုတ်တယ် . . . စုစုရယ်၊ ငါလည်း အဲဒါကို စိုးစောင်းဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ကိုစိုင်းကရော ဘာတဲ့လဲ၊ ဘာတွေပြောသွား ခဲ့လဲ . . . မဒီရယ်"

"သူ ကြိုးစားမယ်တဲ့"

"ဟင်. . . ကြိုးစားမယ်"

"အင်း"

"မဒီ"

"ဟင်"

"သူ့မှာ အဲဒီလောက် အများကြီးရှိနိုင်လားဟင်၊ သူ့ အခြေအနေပေါ့။ နင် ခန့်မှန်းနိုင်လား"

"ဟင့်အင်း. . . မသိဘူး စုစု"

"ဟွန်း. . . နင့်ဥစ္စာကလည်း ပြဿနာပဲ၊ ခုခေတ်မှာ တိုက်တစ်လုံး၊ ကားတစ်စီး၊ ငွေသိန်းတစ်ရာဆိုတာ နည်းတာမှ မဟုတ်တာဟာ၊ ချမ်းသာနေတဲ့လုပ်ငန်းရှင်တစ်ယောက်ဆိုရင် ထားပါတော့၊ သိရသလောက် ကိုစိုင်းမိဘတွေရဲ့လုပ်ငန်းဟာ လိမ္မော်ခြံလောက်ပဲ ရှိတာဆို"

"ဟုတ်မယ် ထင်ပါရဲ့ စုစုရယ်၊ ငါလည်း အဲဒါတွေ မေး ချင်ပါဘူးဟာ၊ တော်ကြာ တစ်မျိုးထင်သွားမှာ စိုးတယ်"

"အေး. . . ခုတော့ နင့်အဖေလုပ်ပုံက ဟိုက ထင်ချင် ထင်သွားတော့မယ်"





"ဟင်"

"ဒီလူကြီး တော်တော်ငွေမက်ပါလားဆိုပြီးတော့လေ"

"စုစုရယ်. . . ငါစိတ်ညစ်တယ်ဟာ၊ ဘာလုပ်ရမှန်း မသိ တော့ဘူး"

"မဒီ"

"ဟင်"

"နင်. . . စိုင်းကိုပဲ လက်ထက်ဖို့ ဆုံးဖြတ်ထားတာလား"

"ဒါပေါ့"

"လွယ်လွယ်လေး"

"ဟဇ်. . . ဘာရယ်"

"နင့်အဖေကိုပြောပေါ့"

"ဘာကိုလဲ"

"သမီး စိုင်းကိုပဲချစ်တယ်၊ လက်ထပ်ချင်တယ်လို့ပေါ့ ပြောရဲဘူးလား"

"အဲဒီလိုပြောလို့ရမယ် နင်. . . ထင်နေလား"

"ဟဲ့. . . မရရင်လည်း တစ်မျိုးပြောပေါ့"

"ဘယ်လိုတစ်မျိုးလဲ"

"စိုင်းကိုမှ မယူရဘူးဆိုရင် သမီး ဒီတစ်သက် အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



မပြုတော့ဘူးလို့ပေါ့၊ အပျိုကြီးဘဝနဲ့ပဲ နေသွားတော့မယ်လို့ တဲ့"

"စုစုရယ်. . . နင် ငါ့အဖေအကြောင်းလည်းသိသားနဲ့ ဖေဖေတ သူ မှန်တယ်ထင်ရင် ဇွတ်လုပ်တတ်တာ"

"ခိုးရာလိုက်ဟာ"

"အဟင်း. . . ငါ အဲလို စဉ်းစားသေးတယ်"

"အဟုတ်"

"အင်း"

"မလုပ်ပါနဲ့ သူငယ်ချင်းရယ်၊ ရှင့်အဖေတက်ပြီး ကြွသွားလိမ့်မယ်၊ ကျုပ်တို့ဒေသမှာ အဲဒီလိုသာ အိမ်ထောင်ပြုလိုက်ရင် သားစဉ်မြေးဆက် မျက်နှာငယ်ရတော့မှာ သိတယ် ဟုတ်လား မင်္ဂလာဆောင်တောင်မှ သူ့ထက်ငါအပြိုင် ခြိမ့်ခြိမ့်သဲဆင်နွှဲကျင်းပတတ်ကြတာ၊ တစ်သက်မှာတစ်ခါပဲ ပြုရတဲ့မင်္ဂလာလေ၊ မျက်ကန်း တစ္ဆေမကြောက် မလုပ်နဲ့နော်"

"မလုပ်ပါဘူး. . . စုစုရယ်၊ အဟင်း. . . စိုင်းကလည်း အဲဒီလို လုပ်မယ့်လူ မဟုတ်ပါဘူး"

"ဟုတ်လား"

"အင်း. . . သူ ဖေဖေသဘောကျလက်ခံအောင် ကြိုးစားမယ်တဲ့၊ မျက်နှာအငယ်ခံပြီး အောက်ကျနောက်ကျ အနိမ့်သမက်ဘဝမျိုးကိုလည်း သူ မနေချင်ပါဘူးတဲ့လေ"





"ကောင်းတယ်. . . ကိုစိုင်းရဲ့စိတ်ဓာတ်ကို ချီကျူးရမယ်"

"စုစုရယ်. . . ဖေဖေကလေ သူ့စိတ်ထဲမှာ စိုင်းတစ်ယောက် သူ့စကားကြောင့် နောက်ဆုတ်သွားပြီလို့ ထင်နေမှာ. . သိလား"

"ငါ ဆုတောင်းပေးပါ့မယ်ဟာ. . . ကိုစိုင်း အမြန်ဆုံးချမ်းသာပြီး ယောက္ခမသဘောကျ တင်တောင်းနိုင်ပါစေလို့ ဟုတ်လား"

"အဟင်း. . . ကျေးဇူးပဲ စုစုရယ်၊ နင်လာလို့ ငါ့စိတ်တွေ တင်းကြပ်ရှုပ်ထွေးပြီး နောက်ကျိနေတာတွေ ပေ့ါသွားသလိုပဲ၊ ကျေးဇူးနော်. . . သူငယ်ချင်း"

"အံမယ်. . . ငါလည်း နင့်ကို ကျေးဇူးတင်ပါတယ်ဟာ"

"ဟင်. . . ဘာလို့လဲ"

"သြော်. . . မနက်လင်းကတည်းက စာရင်းဇယားတွေနဲ့ နပမ်းလုံးနေရတဲ့ ငါ့ကို ဖုန်းဆက်ခေါ်ပြီး ခုလို အလာပသလာပ တွေ ပြောဖြစ်တာ ငါလည်း ခေါင်းရှင်းတာပေါ့ မဒီရဲ့"

"ဟုတ်လား. . . ဒါဖြင့် ခဏ. . . ခဏ ခေါ်မယ်နော်"

"မဖြစ်ဘူး၊ တစ်ပတ်မှတစ်ခါလောက်ပဲ ဆုံရအောင် သူငယ်ချင်း၊ ကျုပ်မှာ အလုပ်နဲ့လေ . . . ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ. . . အင်းပါ"

"ဩော်. . . မေ့နေတယ် ကြည့်စမ်း"

"ဘာကိုလဲ"

"နင်. . . ကြားပြီးပလား"

"ဘာလဲ စုစုရယ်၊ ဘာကို ကြားရမှာလဲ"

"ညီလေ. . . ညီ"

"ညီ. . . ဘာဖြစ်လဲ"

"ပြန်လာပြီတဲ့"

"ဩော်. . . ဟုတ်လား၊ နင်နဲ့ တွေ့ပြီးပလား၊ ငါ့ဆီတော့ မရောက်လာသေးပါဘူး"

"ကျုပ်ဆီလည်း မရောက်သေးပါဘူး မဒီရယ်၊ ပွဲရုံဆို တော့ လူစုံသတင်းစုံတယ်လေ၊ ညီတစ်ယောက် ထောပြီး ပြန်လာ တယ်တဲ့၊ ရန်ကုန်မှာ လုပ်ငန်းရှိတယ်တဲ့၊ ရန်ကုန်နဲ့ ထားဝယ် ကူးချီသန်းချီလုပ်ပြီး ကောင်းကောင်းကြီးပွားနေပြီတဲ့ သိလား"

"ဟုတ်လား. . . ကောင်းတာပေါ့၊ သူက အစကတည်း က ချမ်းသာချင်နေတဲ့သူပဲ စုစုရယ်၊ သူ့ဆန္ဒအတိုင်း အကောင် အထည်ဖော်နိုင်တာ ဝမ်းသာစရာပေါ့၊ သူ့အလုပ်က ဘာတဲ့လဲ ဟင် စုစု"





"ဟင့်အင်း. . အဲဒါတော့ ငါလည်း သေချာမသိဘူး မဒီ အရောင်းအဝယ်လိုလို လုပ်ငန်းရှင်လိုလို စတိုင်ကလည်း ဖြောင့် သလားမမေးနဲ့တဲ့၊ သူ ထားဝယ်မှာ သိပ်မနေဘူးဆိုပဲ ရန်ကုန်မှာ အနေများတယ်တဲ့"

"ဟုတ်လား. . . အိမ်ထောင်တွေဘာတွေကျနေပြီပေါ့ စုစုရယ်၊ ငယ်သူငယ်ချင်းတစ်ယောက် ခုလို သတင်းကောင်းကြား ရတာ ဝမ်းသာပါတယ်ဟာ"

"အင်း. . . ညီ့မှာ မိန်းမ ရှိ မရှိ ငါလည်း သေချာမသိပါ ဘူး မဒီရယ်၊ ပြောကြတဲ့လူတွေကတော့ ညီ့ကိုမြင်ရင် အားကျတဲ့ သူချည်းပဲတဲ့၊ အပ်ျစားလေးဝတ်ပြီး ကောင်းကောင်းကို သုံးဖြုန်း နိုင်တော့ ညီ့ဘေးမှာ အခြွေအရံတွေဆို အများကြီးပဲတဲ့"

"ဟုတ်လား. . . ညီက အဲဒီလိုတောင်ဖြစ်သွားပြီကိုး"

"ရှိသေးတယ် မဒီရေ"

"ဟင်"

"ဒေါ်လုံးက ပြောနေတယ်တဲ့"

"အင်း. . . ဘာတဲ့လဲ"

"သူ့သားကို ကမ်းလှမ်းလာတဲ့ သမီးရှင်တွေ အတော် များများ ရှိနေပြီတဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဟုတ်လား"

"ဒေါ်လုံးကတော့ ပြုံးပြုံးလေးနဲ့ တုန့်ပြန်နေတယ်တဲ့၊ သားကြိုက်တဲ့မိန်းကလေး ရွေးမှာပါတဲ့"

"ဩော်. . . မိန်းမ မယူသေးဘူးကိုး"

"မဒီ"

"တကယ်လို့ သူသာ နင့်ကို ကမ်းလှမ်းလာခဲ့ရင် နင် ဘယ်လိုလုပ်မလဲ. . . ကဲ"

"အဟင်း. . . ငါ့အတွက် စိုင်းကလွဲလို့ ဖွဲပါပဲ စုစုရယ်"



## အခန်း [ ၁၁ ]

ညနေခင်းအချိန်မှာ ရေမချိုးခင် မဒီ ပုံမှန်အလုပ်တစ်ခုက ပန်းပင်များကို ရေလောင်းရေဖျန်းသော အလုပ်မို့ သစ်ခွ၊ ကစ်မီ၊ နှင်းဆီ၊ ပိန်းပန်းများကို အေးအေးဆေးဆေး ရေလောင်းနေစဉ် အိမ်ခြံရှေ့သို့ ကျိုကနဲဆိုက်လာသော မြင်းကားအနီရဲရဲလေး တစ်စီးကြောင့် မဒီ စိတ်ဝင်တစား လှမ်းကြည့်လိုက်မိ၏။

ကားလေးက တကယ့်ကို အံသစ်စက်စက် ဖိတ်ဖိတ်တောက်နေပြီး မဒီ တစ်ခါမှ မမြင်ဘူးသောကားမို့ အိမ်မှားပြီး ရပ်လာသလားဟုပင် တွေးမိရတော့သည်။

ကားမောင်းသူက ကုတ်အင်္ကျီအနက်၊ ဘောင်းဘီရှည်အနက်၊ ရှူးဖိနပ်အနက်၊ မျက်မှန်အနက်၊ ကတ်ဦးထုပ်အပြည့်အစုံ ဆွတ် ဆောင်းထား၏။



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းဝတ်စုံကို အချိုးအစားကျစွာ ဝတ်ထားသော ထိုပုဂ္ဂိုလ်က ကားပေါ်မှ ဆင်းလာပြီး မဒီဆီ တန်းတန်းမတ်မတ် လျှောက်လာနေပါသည်။

မဒီ ကြောင်အန်းအန်းလေး ကြည့်နေမိပြီးမှ ကိုယ်မသိသောလူမို့ အိမ်ထဲခေါ်ရန် ဟန်ပြင်လိုက်စဉ် ထိုပုဂ္ဂိုလ်က အလွန်ရင်းနှီးလွန်းသော လေသံဖြင့် ပြောလာပါတော့၏။

"မဒီ နေကောင်းတယ်နော်၊ ကိုယ့်ကိုတောင် မမှတ်မိတော့ဘူးလားကွာ၊ အဟင်း. . . ဟင်း"

စကားပြောရင်း ထိုလူက နေကာမျက်မှန်ကို အသာချွတ်လိုက်တာမို့ မဒီ မျက်လုံးအစုံ ဝိုင်းသွားရကာ ခေါ်လိုက်မိ၏။

"ဟင်. . . ညီ"

ညီမင်းခန့်က မဒီ့မျက်နှာကို သဘောကျစွာ ပြုံးကြည့်ခေါင်းညိတ် ခါးလေးညွတ်လိုက်ပြီးမှ. . .

"ဟုတ်ပါ့ဗျာ. . . ညီပါ၊ ညီမင်းခန့်ပါ မဒီ၊ ကိုယ်က ကိုယ့်ကိုမှ မှတ်မိပါတော့မလားလို့ စိုးရိမ်နေတာကွာ၊ တော်သေးတာပေါ့၊ မဒီ . . . မှတ်မိသားပဲ"

ညီ့ ပြောဟန်ဆိုဟန်တွေကို ဘာရယ်မှန်းမသိဘဲ မဒီ့စိတ်ထဲ ဘဝင်မကျသလို ဖြစ်သွားရတာ အမှန်ပင်။





အဘယ်ကြောင့်ဆိုသော ညီ့ကိုကြည့်ရတာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် အထင်ကြီးနေသူတစ်ယောက်လိုပင် ထင်မိရ၏။

ထို့ကြောင့် မဒီကလည်း ချက်ချင်းပင် သွက်လက်စွာ တုန့်ပြန်လိုက်လေသည်။

"အံမယ်. . . ဘာလို့မမှတ်မိရမှာလဲ ညီရဲ့၊ နင့်ပုံက ခွေးချီသွားတောင် မှားစရာမှ မရှိတာ၊ အချင်းချင်းတွေ လာလုပ်မနေနဲ့ နင် ဘယ်လောက်ပဲ ရှိုးထုတ်လာလာ ညီဟာ ညီပါပဲ သိလား"

မဒီ့စကားကြောင့် ညီ သဘောကျစွာ အော်ရယ်ပါတော့၏။

မဒီက ညီ့ရယ်သံကြောင့် မျက်လုံးလေးဝိုင်းသွားရတာ. . .

"ဟဲ့. . . အသံပြကြီးနဲ့ အော်ရယ်နေရသလား ညီ၊ ဘေးထော်ဝန်းကျင်တွေကြားရင် မကောင်းဘူးဟာ၊ လာ. . . လာ အထဲဝင်၊ တစ်ခုခု တိုက်မယ် ဟုတ်လား၊ အအေးလား . . . အပူလားပြော"

"ဟင့်အင်း. . . မဒီ၊ ကိုယ် ဘာမှမသောက်ချင်ဘူး မဒီ့ကို တွေ့ချင်လို့ တမင်လှည့်လာတာ၊ အပြင်မှာပဲကောင်းပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး စကားပြောရအောင်၊ အိမ်ထဲမှာ မဒီ့မိဘတွေရှိလား၊ ဝင်နှုတ်ဆက်ဦးမှ ထင်တယ်"

"မရှိဘူး. . . ညီ၊ ဖေဖေရော မေမေပါ အပြင်သွားတယ်၊ နင်လည်း အကြာကြီးမနေနဲ့၊ ငါ ရေချိုးရဦးမယ်"

မဒီ့စကားကြောင့် ညီ မျက်ခုံးအစုံ မြင့်ကနဲ ပင့်သွားရပြီးမှ ပြုံးထေ့ထေ့လေး ပြောလိုက်၏။

"ဟ. . . လောကမှာ ကိုယ့်လောက်အလုပ်များတဲ့လူ အချိန်မအားတဲ့လူ မရှိတော့ဘူးလို့ ထင်နေတာ၊ ခုမှ ကိုယ့်အချိန်တွေကို ဈေးဆစ်တဲ့လူနဲ့ တွေ့နေရပါလားကွာ"

"ဟဲ့. . . ငါက ရေချိုးနောက်ကျရင် နှာမွန်တတ်လို့ ညီရဲ့၊ နင် လေရှည်နေမှာစိုးလို့ ပြောတာ"

"ဩော်. . . မဒီ. . . မဒီ ဘာမှမပြောင်းလဲသေးပါလားကွာ"

မဒီ့ကို ကြည့်ပြီး ညီ ကောက်ချက်ချတော့ မဒီက. . .

"ဒါပေါ့ ဘာပြောင်းလဲစရာရှိလဲ ညီ၊ နင်သာ အရင်ကနဲ့ မတူတဲ့ပုံစံ ပြောင်းသွားတာ မဟုတ်လား၊ ဘာလဲ. . . အလုပ်အကိုင် အဆင်ပြေနေတယ်ပေါ့ ဟုတ်လား"

"မဒီ. . . ဘယ်လိုထင်လဲဟင်"





"ဟင့်အင်း. . . ဘယ်လိုမှ မထင်ဘူး၊ လူတွေရဲ့သဘာဝ ဝင်ငွေကောင်းရင် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာမယ်၊ ဝင်ငွေမကောင်းရင် အရောင်မှိန်မယ်လေ၊ ဒါ ဘာဆန်းလို့လဲ"

"ဟုတ်တယ်. . . မဒီ၊ ကိုယ်ဟာ အရင်တုန်းက ညီ မဟုတ်တော့ဘူး"

"ဟုတ်လား"

"စီးပွားရေးလောကမှာ အောင်မြင်နေတဲ့ လုပ်ငန်းရှင် ညီမင်းခန့် ဖြစ်နေပြီ"

"ဟုတ်လား. . . ဝမ်းသာပါတယ်ဟာ၊ ငါတို့သူငယ်ချင်းထဲမှာ ဒီလိုအောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက်ရှိနေတာ ဂုဏ်ယူစရာပေါ့ မဟုတ်ဘူးလား၊ နင် စိတ်နာနာနဲ့ အတော်လေး ကြိုးစားလိုက်ရလား"

"အဟင်း. . . ကံပေါ့ မဒီရာ၊ ကံကောင်းတော့လည်း ထင်သမျှ အောင်မြင်တယ်ဆိုပါတော့ကွာ၊ ဟာ. . . နေဦး မဒီ၊ မဒီ့အတွက် လက်ဆောင်ပါတယ်"

ညီက ပြောပြီး ပြိုင်ကားရှိရာ လျှောက်သွားကာ စက္ကူအိတ်လှလှလေးတစ်ခု သွားယူလာခဲ့ပြီးမှ လှမ်းပေးကာ. . .

"ရော့. . . မဒီ့အတွက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ. . . ညီ"

"ဖွင့်ကြည့်လေ. . . မဒီနဲ့ လိုက်မယ်ထင်တဲ့ပစ္စည်းလေးတွေပါ၊ ကိုယ့်ရဲ့ အထူးလက်ဆောင်"

"ဟင်"

ညီ့စကားထဲမှ အထူးလက်ဆောင်ဟုဆိုသဖြင့် မဒီ ထိတ်ကနဲရှိသွားရကာ ဟန်မပျက်ပင် အိတ်ကိုမဖွင့်တော့ဘဲ ပြောလိုက်၏။

"အံမယ်. . . ညီနော်၊ နှင့်မှာ သူငယ်ချင်းဆိုလို့ ငါတစ်ယောက်တည်းမှ မဟုတ်တာ၊ စုစု ရှိသေးတယ်နော်၊ စုစုအတွက်ရော"

"အေးပါ မဒီရာ၊ ပါပါတယ် ဒီကပြီးမှ ကိုယ် စုစုဆီသွားမလို့၊ အချိန်မရဘူး မဒီ၊ မနက်အစောကြီး ရန်ကုန်ပြန်သွားရမယ်၊ အခုတောင်မှ မဒီ့ကို တွေ့ချင်လွန်းလို့ တကူးတက ကိုယ်လာခဲ့တာပါကွာ"

"အဟင်း. . အလုပ်များရင်လည်း မလာပါနဲ့ ညီရယ်၊ နင့် စီးပွားရေးတွေ ထိခိုက်နေပါဦးမယ် ဟုတ်လား"

"ဟာ. . . မဒီ၊ ဘယ်လိုပြောလိုက်တာလဲ"

"ဟင်. . . ငါ ရိုးရိုးပဲပြောတာလေ၊ အလုပ်က အရေးကြီးတယ်ဟာ၊ မိုးရွာစုန်း ရေခံရတယ်တဲ့"





"ကိုယ့်အတွက် မဒီလည်း အရေးကြီးတဲ့အထဲမှာ ပါနေတယ်လေ"

"အံမယ်. . . လုပ်မနေနဲ့၊ တွေ့မှလွမ်းနေတာများ မသိရင်ခက်မယ်"

"ကိုယ် တကယ်ပြောနေတာပါ မဒီ၊ ကိုယ့်ဘဝမှာ အခုလို အောင်မြင်လာအောင် လေးနှစ်ကျော်ကျော် ကြိုးစားခဲ့ရတာတွေ အားလုံးရဲ့ ဦးတည်ချက်ပန်းတိုင်ဟာ. . ."

"နေဦး. . . နေဦး. . . ညီ၊ ငါ အအေးသွားယူလိုက်ဦးမယ်နော်. . . ခဏလေး"

ညီ့ကို ထားခဲ့ပြီး မဒီ အိမ်ရှိရာ ခပ်သွက်သွက်လေး ထွက်လာခဲ့လေသည်။

စိတ်ထဲမှာ အတော်လေးကို ကသိကအောက်ဖြစ်သွားရတော့၏။

ညီက အပိုင်တွက်ကာ စကားအစချီလာပါပြီကော။ မဒီ ဘယ်လိုတုန့်ပြန်သင့်သလဲဆိုတာကို အအေးဗူးလေးနှစ်လုံး အသာယူကာ ပြန်ထွက်လာရင်း အပြေးအလွှား စဉ်းစားနေရ၏။

ညီက မြက်ခင်းစိမ်းစိမ်းပေါ် ချထားသော စတီးဆက်တီလေးမှာ ထိုင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မဒီက ရေခဲစိမ်အအေးဗူးလေးကို ညီ့အား လှမ်းပေးရင် ပြောလိုက်လေသည်။

"ရော့. . . သောက်လိုက်ဦး ညီ၊ တလောကတောင် ငါနဲ့ စုစု အဒေါ်ဆီ ရောက်ခဲ့သေးတယ်၊ နင်ကောင်စားတော့ အဒေါ်လည်း သက်တောင့်သက်သာနေရတာပေါ့ဟာ၊ ဒီလိုပါပဲ ညီရယ်၊ လူတွေဟာ ရည်ရွယ်ချက်ကိုယ်စီတွေနဲ့ ကြိုးစားနေကြတဲ့ လူတွေချည်းပဲလေ"

"ဟုတ်တယ် မဒီ၊ အဲဒါကြောင့် ခုနက ငါပြောတဲ့ ငါ့ ရည်ရွယ်ချက်ပန်းတိုင်ဆိုတာ တခြားမဟုတ်ဘူး မဒီ"

"ဘာများလဲ . . . ညီ"

မဒီ စိတ်ကိုတည်ငြိမ်အောင် အတော်လေး ဟန်ဆောင်ထားရလေသည်။ ညီက မဒီ့ကို စူးစိုက်ပြုံးကြည့်ကာ တစ်ခွန်းချင်း ပြောလိုက်၏။

"မဒီ့ကို ကိုယ် လက်ထပ်ချင်တယ်"

"အဟင်း. . . ဖြစ်ရလေ ညီရယ်"

ညီ့စိတ်ထဲမှာ မဒီ ရှက်သွားမလား၊ အံ့ဩသွားမလား ဝမ်းသာရိပ်လေး မျက်နှာပေါ် ဖြတ်ပြေးသွားမလားဟူသော အတွေးများဖြင့် ကြိုတင်မှန်းဆ မျှော်လင့်ထားပေလိမ့်မည်။





တကယ့်လက်တွေ့မှာတော့ မဒီ့ဖက်မှ ဘယ်လိုမှ လှုပ်ရှားအံ့ဩမှု မရှိသည့်အပြင် ရယ်ရယ်မောမောလေးပင် ညည်းလိုက်သောကြောင့် ညီ့မျက်နှာ မသိမသာပျက်သွားရပြီးမှ အံ့ဩ နားမလည်ဟန် မေးလိုက်လေသည်။

"မဒီ ဘာဖြစ်လို့လဲဟင်၊ ဘာကိုဆိုလိုတာလဲ"

"ညီ့ကို ရယ်ချင်လို့ပါ"

"ဟင်. . . ဘာ"

"ဩော်. . . ညီ . . ညီ စီးပွားရေးလောကထဲမှာ အောင်မြင်မှုရအောင် တအားကြိုးစားခဲ့ရလို့ ညီ့ခေါင်းထဲမှာ နှလုံးသားရေးရာကိစ္စနဲ့ ပတ်သက်လာရင် အတော့်ကို ဒုံးဝေးနေသေးပါလားနော်"

"မဒီ . . . ဘာကိုဆိုလိုတာလဲဟင်၊ ကိုယ့်ကို ရှင်းရှင်းပြောပါလားကွာ"

"ပြောမယ်. . . ညီ၊ ညီပြောတဲ့ လေးနှစ်ကျော်ကာလအတွင်းမှာ ငါက ဘာမှမပြောင်းလဲတော့ဘူးလို့ ထင်နေလို့လား"

"ဟင်"

"ငါ့မှာ ချစ်သူရှိနေပြီ ညီ၊ သူ့ကိုပဲ ငါ လက်ထပ်မှာ၊ နင့်ကိုတော့ သူငယ်ချင်းအဖြစ်ထက် ငါ မပိုနိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်လား"

ညို့မျက်နှာ ကွက်ကနဲ ပျက်သွားရပြီးမှ မချိုပြုံးလေးဖြင့် ခေါင်းညိတ်ကာ. . .

"ဒါဆို မဒီ ပြောချင်တာက ကိုယ်နောက်ကျသွားပြီပေါ့ ဟုတ်လား"

"ဟုတ်တယ် . . . ညီ၊ နောက်ကျတာ မဟုတ်ပါဘူး အစကတည်းက ငါ့အနေနဲ့ နင့်ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ပဲ သံယောဇဉ် ရှိခဲ့တာပဲလေ"

"ကိုယ်ကတော့ အစကတည်းက မဒီ့အပေါ်မှာ သူငယ်ချင်းထက် ပိုခဲ့တာပါကွာ၊ အခြေအနေမပေးလို့ မပြောရဲထားဘဲ ရှိခဲ့တာပါ မဒီ"

"ဟင့်အင်း. . . နင် အဲဒီကတည်းက ပြောလည်း၊ ငါက ငြင်းမှာပဲ ညီ၊ ငါ့ရင်ထဲမှာ နင့်ကိုမှ ရင်မခုန်တာ၊ ငါတို့တွေ သူငယ်ချင်းအဖြစ်နဲ့ပဲ ဖြူဖြူစင်စင် ခင်မင်သွားရအောင်ပါ ညီရယ်၊ ဟုတ်လား"

"အဟင်း. . . ဟင်း"

ညီက မချိတရိလေး ချောက်ကပ်ကပ် ရယ်လိုက်ပြီးမှ အသာထရပ်လိုက်ကာ ပြောလိုက်လေသည်။





"မဒီ့မှာ ချစ်သူရှိတာ ကိုယ် ဂရုမစိုက်ပါဘူးကွာ၊ ချစ်တိုင်း မညားတတ်ပါဘူး မဒီရာ၊ ကိုယ့်အချစ်က အဲဒီလူထက် သာပြီးသားပါ။ မဒီ့ကို ကိုယ် ပွင့်ပွင့်လင်းလင်း ခွင့်တောင်းတယ်၊ အဆင်မပြေဘူးဆိုရင်တော့လည်း အဆင်ပြေနိုင်မယ့်နည်းကိုပဲ ကိုယ် သုံးရတော့မှာပေါ့ကွာ၊ ကဲ. . . ကိုယ်သွားမယ် မဒီ"

"အို"

ညို့စကားတွေကြောင့် မဒီ စိတ်တိုစိတ်ပျက်စွာပင် ဒေါပွကာ ကျန်ခဲ့ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၂ ]

နောက်တစ်နေ့မှာတော့ စုစုတစ်ယောက် ပြူးပြူးပျာပျာလေးရောက်လာပါတော့၏။

"ဟဲ့. . . ညီ နှင့်ဆီ ရောက်ပြီးပြီဆို"

"အင်း"

"သူ. . . ဘာတွေပေးသွားလဲ၊ နင်သိလား"

"ဟင်"

စုစု မေးတော့မှပင် မဒီ ဆတ်ကနဲ ဖြစ်သွားရတော့၏။

စိတ်တိုတိုနှင့် မဒီတစ်ယောက် ညီပေးသောလက်ဆောင်ကို အခန်းထောင့်ရှိ အဝတ်ခြင်းထဲ ပစ်ထည့်ထားခဲ့၏။

စိတ်လည်း မဝင်စားသဖြင့် ဖွင့်ကြည့်ဖို့ ဆန္ဒလည်း မရှိ မေ့တောင်မေ့နေမိ၏။





ခု စုစု ပြောတော့မှ မဒီ အခန်းထောင့်ဆီ မျက်လုံးဇွေကနဲ ရောက်သွားရကာ မဲ့မဲ့လေးပြုံး၍ ပြောလိုက်လေသည်။

"မသိပါဘူးဟာ၊ အဲဒီတစ်ယောက် ငါ့ကို မဖြစ်နိုင်တာတွေ လာပြောလို့ စိတ်တိုနေတာ၊ သူပေးတဲ့ လက်ဆောင်ကို ကြည့်ချင်စိတ်လည်း မရှိလို့ ဟောဟိုမှာ လွှင့်ပစ်ထားတာ"

စုစုက ဖျတ်လတ်စွာ ထသွားကာ စက္ကူဆွဲအိတ်လှလှလေးကို ယူလိုက်ပြီးမှ. . .

"ငါ ဖွင့်မယ်နော်"

"ဟွန်း. . . သဘော သဘော၊ ပြီးရင် ရှင်ပဲယူလိုက်တော့ သိလား၊ ကျုပ် အဲဒီဟာနဲ့ ကင်းကင်းရှင်းရှင်းပဲ နေချင်တယ် စုစုရယ်၊ တကယ်ပါပဲ၊ စိတ်တိုရလွန်းလို့ အိပ်တောင်မပျော်ပါဘူးဟာ"

"အဟင်း. . . ဟင်း ဖြစ်ရလေ မဒီရယ်"

စုစုက အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူကာ အထပ်ထပ်ပတ်ထားသော ပစ္စည်းလေးကို ဆွဲခွာဖယ်ထုတ်နေလေသည်

"ဟယ် . . . ရွှေရောင်လက်ကိုင်အိတ်လေးပါလား ဖြလိုက်တာ မဒီရယ်၊ ဒါပေမယ့် သူ ငါ့ကိုလာပြောတော့ သူပေးတာ ဒါ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဒီ လုံးဝ လှည့်မကြည့်ဘဲ စုစုကို မျက်စောင်းမသိမသာ ဝဲကာ. . .

"သူက ဘာတွေပြောလို့လဲ စုစု၊ အဲဒီပစ္စည်းတွေ နင် ယူလိုက် ဟုတ်လား၊ ငါ မလိုချင်ဘူး"

စုစုက ပုခုံးလေးတွန့်၊ မျက်လုံးလေးပြူး၊ နှုတ်ခမ်းလေးမဲ့ကာ လက်ကိုင်အိတ်လေးကို စိတ်ဝင်စားစွာ ဖွင့်နေလေသည်။

မဒီက မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းများကို သူ့နေရာနှင့် သူ စနစ်တကျစီနေ၏။

"ဟော. . . မဒီ"

စုစုထံမှ အံ့ဩသံလေး ထွက်လာသဖြင့် မဒီ ဖျတ်ကနဲ လှမ်းကြည့်တော့ စုစုလက်ထဲမှာ အနက်ရောင်ကတ္တီပါဘူးလေး တစ်လုံးကို တွေ့ရ၏။

"ဟုတ်ပြီ . . . သူပြောတာ ဒါပဲဖြစ်ရမယ်"

"ဘာလဲ"

"နေဦး"

စုစုက လက်ကာပြကာ ဘူးလေးကို အသာဖွင့်လိုက်သည်။

"ဟယ်. . . ကြည့်စမ်း မဒီ၊ လှလိုက်တာ"





စုစု ကိုင်ထုတ်လိုက်သော ရွှေတစ်ရစ် ပလက်တီနမ် ရွှေဖြူတစ်ရစ်ဖြင့် လုပ်ထားသော ဆွဲကြိုးလေးက အသည်းပုံ လော့ကတ်သီးလေးအလယ်မှာ စိန်တစ်ပွင့်က တဖျတ်ဖျတ် တောက်ပလက်ဖြူနေလေတော့၏။

စိတ်ပျက်စွာဖြင့် မဒီ မျက်မှောင်ကြုတ်ကာ ခေါင်းအသာ ရမ်းရင်း ညည်းလိုက်၏။

"ဒုက္ခပါပဲ စုစု၊ အဲဒါ နင် . . . ယူသွားပြီး၊ သူ့ကို ပြန် ပေးလိုက်ပါဟာ နော်. . . ငါ မလိုချင်ဘူး"

"ဟာ. . . မဒီကလည်း ငါ့ကို လူမိုက်ငှားနေပြန်ပြီ၊ ဒါကို နင် ပြန်ပေးပေး မပေးပေး ပြဿနာမဟုတ်ဘူး သိလား"

"ဟင်. . . ဘာလဲ စုစု"

"ညီက နင့်ကို အပိုင်တွက်ထားပုံရတယ်"

"ဘာ"

"သူစကားတွေက သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုအပြည့် ပဲလေ"

"သူ . . သူ ဘာတွေပြောလဲဟင် စုစု"

"ဟိုတုန်းက သူ့ဘဝမှာ အားနည်းချက်တွေနဲ့မို့ နင့် အချစ်ကို သူမတောင်းရဲခဲ့တာတဲ့၊ ဒီက ထွက်သွားပြီး သူ့စွန့်စွန့်



www.burmeseclassic.com

www.burmeseclassic.com



စားစား ကြိုးစားပြီး အလုပ်လုပ်ခဲ့တာတွေဟာ နင့်ကိုလိုချင်လို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုထဲပဲ ရှိခဲ့တယ်တဲ့၊ နင့်အဖေအကြောင်း သူ သိလို့ နင့်အဖေစိတ်တိုင်းကျ သဘောတူနိုင်မယ့် အခြေအနေ ရောက်အောင် သူ ဘယ်လိုရုန်းကန်ကြိုးစားခဲ့ရတယ်ဆိုတာ သူပဲ သိတယ်တဲ့၊ အခုလည်း နင့်ကို အရင်ဆုံး သူ ဖွင့်မပြောခင် ရောက်ရောက်ချင်း သူ့လုပ်ငန်းတွေ အခြေတကျဖြစ်အောင် ဖန်တီးနေရလို့ပါတဲ့၊ ခုတော့ အားလုံး အဆင်ပြေအသားကျသွားပြီမို့ သူ့ရည်ရွယ်ချက်အတိုင်း နင့်ကို ဖွင့်ပြောတာတဲ့၊ ဒါပေမယ့် နင်က"

"ဟုတ်တယ် စုစု၊ ငါ့မှာ စိုင်း ရှိတယ်လေ၊ စိုင်းကိုပဲ ငါ လက်ထပ်မယ်လို့ ပြောလိုက်တာပေါ့၊ အဲဒါ ဘာဖြစ်လဲ"

"သူ အတော်စိတ်မကောင်းဖြစ်သွားပုံရတယ် မဒီ"

"ဟင်. . စုစု၊ ဘာလဲ နင့်လေသံက ဘယ်လိုလဲ သူ့ဖက်ခပ်ပါပါ ပါလား"

"မဟုတ်ပါဘူးဟာ၊ ငါ့အတွက် နင်ရော ညီပါ အခင်ဆုံး သူငယ်ချင်း မဟုတ်လား မဒီရယ်"

"ဒြော်. . . ဒါဖြင့် ငါက စိုင်းကို သစ္စာဖောက်ပြီး သူ့ကို လက်ခံရမှာလား၊ ပြောစမ်းပါဦး"

မဒီ စိတ်တိုစွာ ငေါ့ပြောတော့ စုစုက သက်ပြင်း မသိမသာ ချလိုက်ပြီးမှ. . .





"ငါပြောတာ အဲဒီသဘောမဟုတ်ရပါဘူး မဒီရယ်၊ အခုကိစ္စက နင်ထင်သလောက် လွယ်မယ်မထင်ဘူးလေ"

"ဟင်. .. ဘာ"

"ညီ့အနေအထားက အစစ အရာရာ လိုလေသေးမရှိ ပြည့်စုံနေပြီလို့ ထင်ရတယ်လေ၊ တကယ်လို့သာ သူနဲ့ နင့်အဖေနဲ့ တွေ့ပြီဆိုရင်တော့. . ."

"ဟင်"

မဒီ ဒိန်းကနဲ တုန်သွားရပါတော့၏။

စုစုက. . .

"ငါ့အထင်တော့ သူ့ကို နင့်အဖေ သဘောကျလိမ့်မယ် ထင်တယ် မဒီ"

"အို. . . ဟင့်အင်း၊ ငါ သူ့ကို ရှင်းရှင်းလေး ပြောထားပြီးသားပဲ စုစုရဲ့၊ နင့်ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ပဲ ငါ မြဲမြဲမြံမြံ ခင်မင်သွားချင်တယ်လို့လေ"

"မဒီ"

"ဟင်"

"ညီဟာ အရင်က ညီမင်းခန့်နဲ့ တခြားစီဖြစ်သွားပြီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အထက်တန်းကျောင်းသူဘဝတုန်းက ညီဟာ အမေမုဆိုးမ မုန့်ဟင်းခါးရောင်းပြီး ဝမ်းကျောင်းခဲ့ရတဲ့ ချို့တဲ့ သိမ်ငယ်စိတ်နဲ့ မပြောရဲမဆိုရဲ အားငယ်တတ်တဲ့ ညီ မဟုတ်တော့ဘူး သိလား"

"ဟင်"

"လိုတရ ညီမင်းခန့် ဖြစ်နေပြီ မဒီ"

"အို. . . ဘာဆိုင်လဲ၊ ဘာမှ မဆိုင်ပါဘူးနော်"

"သူဖာသာသူ လိုတရဖြစ်တိုင်း ငါ့ကို လိုချင်လို့ရမလား စုစုရဲ့၊ နင် သိပါတယ်ဟာ၊ ငါ စိုင်းကို ဘယ်လောက်ချစ်သလဲဆိုတာ စိုင်းကလည်း ငါ့အပေါ် ငါ့ထက်ပိုတဲ့အချစ်နဲ့ကို မြတ်မြတ်နိုးနိုးချစ်တဲ့ ချစ်သူတစ်ယောက်ပါဟာ၊ သူ ဒီလို ကြားဝင်နှောက်တိုင်း သူများချစ်ချင်း ကွေကွင်းရတော့မှာလားလို့ ဟင့်အင်း. . . ဘယ်တော့မှ မဖြစ်နိုင်ဘူး၊ သူ့ကိုမှ ငါမချစ်နိုင်တာ၊ မချစ်တဲ့လူကို စိတ်အဆင်းရဲခံပြီး ငါက လက်ထပ်ရမှာလားလို့ ဝေးသေးဟယ်"

ပြောရင်း မဒီ ငိုပါတော့၏။

စုစုက မဒီကို ကြည့်ပြီး စိတ်မကောင်းတော့. . .

"မငိုပါနဲ့ဟာ. . . အခုလည်း သူ စိတ်ပြောင်းချင်ပြောင်း မလားပဲ"





"ဟင်"

"ငါ့ဆီရောက်လာလို့ ငါလည်း ပြောလိုက်တယ်လေ၊ ဟုတ်တယ်. . နင့်မှာ ချစ်သူရှိတယ်လို့ပေါ့ မဒီရယ်၊ တကယ်ပြောတာပါ သူငယ်ချင်းရယ်၊ ငါ့စိတ်ထဲမှာ နင့်ကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါဘူး၊ သူငယ်ချင်းအချင်းချင်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ပဲ နေသွားစေချင်တာပါ"

"အဲဒါကို သူနားလည်ဖို့လိုတယ် စုစုရဲ့၊ ဒီကိစ္စ မဖြစ်နိုင်ပါဘူးလို့ ငါပြောထားရက်နဲ့ သူဇွတ်တိုးနေရင်တော့ သူ့ကို ငါ မုန်းမိတော့မှာပဲ သိလား"

"အင်း. . . ပြဿနာပဲဟာ"

စုစု သက်ပြင်းဖွဖွချ၏။

တကယ်တော့ ညီပြောသော စကားတွေကို မဒီအား စုစု မပြောချင်။

မဒီ ကြားလျှင် ပို၍ စိတ်ဆိုးစရာ စိတ်ဆင်းရဲစရာ ဖြစ်သွားပေမည်။

ညီကလည်း ညီပင်. . .

စိတ်ထင်တိုင်းကြံနိုင်သော အနေအထားရှောက်နေပြီလား မသိပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com



စကားအပြောအဆိုတွေကပင် ကိုယ့်ကိုယ်ကို အပြည့်အဝ စိတ်ချယုံကြည်မှုလေသံ အပြည့်ပင်။

ညီ ပြောတာတွေက. . .

"သူ့မှာ ချစ်သူရှိလို့ ငါ့ကို ငြင်းတယ်လေ စုစု၊ အဟင်း ငါဆိုတဲ့ကောင်က ခုချိန်မှာ လိုချင်တယ်ဆိုရင် ကောင်းကင်က ကြယ်ကိုတောင် အလွယ်လေးဆွတ်နိုင်တဲ့ကောင်ကွ၊ ကိုယ်ချစ်တဲ့ မိန်းကလေးကို ရဖို့အတွက် ကြယ်ဆွတ်ရဖို့လောက် မခက်ခဲနိုင်ပါဘူးနော်၊ ပြောလိုက်ပါတယ်၊ လောကမှာ ချစ်တိုင်းမညားတတ်ပါဘူးလို့လေ. . . အဟွန်း"

"ဟဲ့ . . . ညီ နင် တဇွတ်တိုးမလုပ်နဲ့၊ သူတို့နှစ်ယောက်က အရမ်းချစ်ကြတာ၊ ကိုစိုင်းတောင် ထားဝယ်ကို လာလည်သွားပြီးပြီ သိလား"

"အဲဒီလူကို သူ့အဖေ သဘောတူလား"

"ဟင်"

"ငါ့ထက်သာတဲ့ အခြေအနေရှိပုံရလား"

"အို . . . အဲဒါတော့ ဘယ်သိမလဲ ညီရဲ့၊ ဒါပေမယ့် ကိုစိုင်းကလည်း လူတော်လူကောင်းတစ်ယောက်ပါဟာ၊ နင် သူများချစ်သူကြား. . ."





"ကျွတ် . . . ဘာဆိုင်လဲ စုစုရာ၊ ငါ မဒီကို ချစ်တာ ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့ရတာ၊ နောက်မှပေါ်တဲ့ကောင်က ဖြတ်လုသွားတာ။ ငါက ငြိမ်ခံနေရမှာတဲ့လား၊ ပြိုင်ကြသေးတာပေါ့ကွာ၊ ဦးတက်နေထွန်းရဲ့သည်းခြေကြိုက်တွေ ငါ့မှာရှိနေပြီပဲ၊ ငါက ကျော်ပြီး မလုပ်ချင်လို့ သူ့ဆန္ဒကို အရင်ခွင့်တောင်းလိုက်တာ၊ လောကမှာ ချစ်တာတစ်ခုတည်းနဲ့မပြီးဘူးဆိုတာ မဒီ နားမလည်သေးဘူး၊ ဦးတက်နေထွန်းဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ဘာတာ အရေးအကြီးဆုံးလဲဆိုတာ ကောင်းကောင်းနားလည်မှာပါ"

"ဟဲ့"

"ကြည့်နေ. . . စုစု၊ ငါ မဒီကို ရအောင်ယူပြမယ်"

"အူရားရေ. . ."

မျက်ရည်များကိုသုတ်ရင်း မဒီက တိုးတိုးလေး ပြောလိုက်လေသည်။

"စုစုရယ် ညီ့ကို သဘောပေါက်အောင် တားပေးပါနော်၊ ဒါ သူနဲ့ ရန်သူမဖြစ်ချင်ဘူးဟာ"

"အင်း"

စုစုမှာ မရှုနိုင်မကယ်နိုင် ရင်တမမ ဖြစ်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၃ ]

ညနေထမင်းဝိုင်းမှာ မဒီ မေမေ့ကို မျက်ရိပ်မျက်ကဲလေးဖြင့် ဖေဖေ့ကို မသိမသာမေးဆတ်ပြတော့ မေမေက ခေါင်းညိတ်ပြ၏။

မဒီ့ ရင်တွေ ပူနေပါပြီ။

ညီ့ကို မဒီ လန့်နေသည်။

ပါးနပ်လည်ပတ်သော ညီက ဖေဖေ့ကို တစ်နည်းနည်းဖြင့် ပတ်သက်ဆက်နွယ်မှုရှိအောင် ကြိုးစားလာမှာ စိုး၏။

အရေးထဲ စိုင်းနှင့်လည်း အဆက်အသွယ်မရဘဲ ဖြစ်နေ၏။





အရင်ကတည်းက စိတ်ကူးရှိထားခဲ့သည့်အတိုင်း စိတ်ပြေလက်ပျောက် ခရီးထွက်ရန် မေမေ့ကို မဒီပြောတော့ မေမေလက်ခံ၏။

ထို့ကြောင့် ဖေဖေ့ကို ခွင့်တောင်းအတည်ပြုရန် ဖြစ်လေသည်။

စိုင်းနှင့်လည်း တွေ့ချင်သဖြင့် တောင်ကြီးဖက်သွားရန် စဉ်းစားထား၏။

ထမင်းစစားသည်နှင့် မေမေက ထုံးစံအတိုင်း ဖေဖေ့ ဝန်းကန်ထဲ ဦးထည့် ခပ်ပေးရင်း စကားစလိုက်၏။

"ကိုနေ့ကို ပြောရဦးမယ်"

"အင်း. . . ဘာလဲ"

ဖေဖေက ငါးသလောက်ကင်တစ်တုံးကို ဇွန်းခက်ရင်းနှင့် အသာဖဲ့ယူကာ ခရမ်းချဉ်သီးဆော့တ်နှင့် တို့စားရင်း ပြောလိုက်၏။

"ကောင်းလိုက်တာကွာ၊ ဒါက ဝက်နံ့ရိုးကြော်လား"

"ဟုတ်တယ် . . . ကိုနေ၊ နံရိုးနုနုကို ကျွတ်ကျွတ်ကြော်ထားတာ"

"ကောင်းတယ်. . . ကိုယ့်အကြိုက်တွေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ ကြံမဆိုင်ဟင်းချို"

"အိုကေ"

ဖေဖေက ဆီပြန်ဟင်းတွေကို မနှစ်သက်သဖြင့် အကင်နှင့် အကျွတ်ကြော်များကို ဦးစားပေး ချက်ရပါသည်။

အသီးအရွက်မကြိုက်သော ဖေဖေနှင့် ဆန့်ကျင်စွာ မေမေနှင့် မဒီက အသီးအရွက်ကို နှစ်သက်သဖြင့် သီးစုံဟင်းနှင့် ငါးခြောက်ထောင်းကြော်ဖြစ်စေ၊ အသားကြော်တစ်ခုခုနှင့်ဖြစ်စေ စားတတ်ပါသည်။

ဒီနေ့တော့ မှိုနှင့် ကန်စွန်းရွက်ကြော်၊ မုန်လာဥပိုးတီချဉ်သနပ်နှင့် ငါးခူကြော်က မေမေနှင့် မဒီအတွက်ဖြစ်သော်လည်း မှိုကန်စွန်းကြော် အလွန်ကြိုက်သော မဒီမှာ ထမင်းမစားနိုင်ဖြစ်နေရ၏။

စိတ်လှုပ်ရှားမှုကြောင့် ရင်ပြည့်နေသလိုပင် ရှိနေလေသည်။

ဖေဖေက သူ နှစ်သက်သော အစားအသောက်များကို အားပါးတရ စားနေရာမှ ငြိမ်နေသော မဒီကို သတိထားမိသွားကာ မေးပါတော့၏။

"သမီး. . . စားလေ၊ ဘာမှလည်း ထည့်မစားပါလား စားမကောင်းဘူးလား"





"ဟုတ်. . . ကောင်းပါတယ် ဖေဖေ"

"ဒီနေ့ ငါ့သမီး ငြိမ်နေသလားလို့ ဟင်းတွေက သမီးလက်ရာတွေ မဟုတ်လား"

"ဟုတ်"

"ကောင်းလိုက်တာကွာ၊ ဖေဖေ့သမီးက အချက်အပြုတ်အတော်ကောင်းတာပဲ၊ ဟင်းအစပ်အဟပ်လည်း တည့်တယ်၊ ဖေဖေတော့ ဗိုက်ကြီးရွဲလာတော့မယ် ထင်တယ်ကွာ"

မဒီပြုံး၍ ပြောလိုက်ရ၏။

"ဖေဖေ စားကောင်းတယ်ဆိုတော့ သမီးချက်ရကျိုးနပ်သွားတာပေါ့၊ များများစားပါ ဖေဖေ"

"အင်းပါ. . . စားနေတာပဲ၊ သမီးလည်း စားလေ၊ ရော့ ငါးသလောက်ကင်ကို အချဉ်လေးနဲ့ တို့ကြည့်စမ်း၊ အရမ်းကောင်းတာ၊ မေထား. . . မင်းလည်း စားလေ၊ ငါးတစ်ကောင်လုံး ငါတစ်ယောက်တည်း စားနေရတာ ထမင်းတောင် မစားနိုင်တော့ဘူး"

ဖေဖေက မေမေ့ပန်းကန်နှင့် မဒီ့ပန်းကန်ထဲ ငါးကင်တွေ ခွဲထား ဖဲ့ကာ ထည့်ပေးနေရင်းမှ သတိရလာဟန်ဖြင့်. . .

"ဩော်. . . စောစောက မင်း စကားပြတ်သွားတယ် မေထား၊ ပြောရဦးမယ်ဆိုတာ ဘာများလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကိုနေ"

မေမေက မဒီကို မသိမသာ ဝေ့ကနဲ ကြည့်လိုက်ပြီးမှ. . .

"ကျွန်မနဲ့ သမီး ဘုရားဖူးခရီး သွားချင်လို့ပါ"

"ဘုရားဖူး"

"ဟုတ်တယ် ကိုနေ၊ သမီးက ကျောင်းသာပြီးသွားတာ ဘယ်မှ ရောက်ဖူးသေးတာ မဟုတ်ဘူးမို့လား"

"ဘုရားဖူးက ဘယ်ကိုသွားချင်လို့လဲ မေထား"

"ဟို ပုဂံညောင်ဦးဖြစ်ဖြစ်၊ အင်းလေးဖောင်တော်ဦးဖြစ်ဖြစ်. . . တစ်ခုခုပေါ့"

"အင်း. . . မဆိုးပါဘူး၊ သွားလေ. . ငါတော့ မအားဘူးနော်၊ တခြားဘယ်သူတွေ ပါဦးမှာလဲ"

"ကျွန်မတို့သားအမိနှစ်ယောက်ထဲပါပဲ၊ ဘုရားဖူးကားနဲ့ သွားမှာပါ"

"ကောင်းတယ် သွား သွား၊ သမီးလည်း ဗဟုသုတရတာပေါ့ကွာ၊ ဖေဖေက ငါ့သမီးကို အလုပ်လုပ်ခိုင်းဖို့ ချီတုံချတုံဖြစ်နေရတယ်"

"ရှင်. . . ဖေဖေ"





မဒီ အံ့ဩသွားသလို မေမေကလည်း နားမလည်ဟန်ဖြင့်. . .

"ဘာဖြစ်လို့လဲ ကိုနေ"

"ဩော်. . . ဘာမှမဖြစ်ပါဘူး သမီးကို လုပ်ငန်းခွင်ထဲဝင်ခိုင်းလိုက်ရင် လူအများနဲ့ ဆက်ဆံရတော့မှာမဟုတ်လားကွာ၊ ငါ့သမီးအပျိုစင်ကို ယင်ဖိုတောင်မှ မသန်းရအောင်ထားချင်တာ၊ အဆင့်မမီတဲ့လူတွေရဲ့ကြည့်တာ၊ ရီသွဲ့သွဲ့ပြောတာမျိုးလည်း မဖြစ်စေချင်ဘူးဆိုတော့ မိဘအရိပ်အောက်မှာပဲ လုံလုံခြုံခြုံ တန်ဖိုးရှိရှိလေး နေတာကမှ အဖိုးမဖြတ်နိုင်တဲ့ ရတနာဖြစ်တော့မှာပေါ့ ဟုတ်ဖူးလား"

"ကိုနေရယ်. . . သမီးက ဆယ့်ခြောက်နှစ်သမီးလေးမှ မဟုတ်တာရှင်"

"အေး . . . အပျိုပေါက်ကလေးမဟုတ်တော့လို့ ပိုပြီး စိတ်မချ ဖြစ်နေရတာပေါ့ကွာ"

"ဟင်"

စားလက်စ ထမင်းပင် မဒီ မျိုမကျတော့။

ဖေဖေ့စကားတွေက တစ်စုံတစ်ခုကို ဦးတည်ရည်ရွယ်နေတာများလား။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက မဒီကို ဝေ့ကာနဲ့ကြည့်လိုက်ပြီးမှ ဖေဖေ့ကို ပြော လိုက်၏။

"ကိုနေရယ် . . . လူဆိုတာ အလုပ်တစ်ခုခုရှိမှ တည်ငြိမ်ကျန်ခဲ့ရပြီး ဂုဏ်လည်းရှိတာ မဟုတ်လား၊ ဘွဲ့ရပြီး ဘာမှမလုပ်ဘဲ အလကားနေလိုက်ရင် သင်ထားတဲ့ပညာတွေလည်း နှမြောစရာ၊ ပြီးတော့ . . လူမှုဆက်ဆံရေးနယ်ပယ်မှာလည်း ဝင်ဆန့်တာချင်း အရမ်းကို ကွာခြားသွားမှာလေ"

ထမင်းကို လက်စသတ်လိုက်ပြီး မေဖေက . . .

"မင်းဆိုလိုတာက သမီးကို အလုပ်လုပ်စေချင်တာပေါ့ ဟုတ်လား"

"ဟုတ်တယ် ကိုနေ၊ သမီးကို အိမ်ထဲမှာချည်း သိမ်းထား လို့ ဘယ်ဖြစ်ပါ့မလဲ၊ သူ့အရွယ် သူ့လူမှုရေးလည်း ရှိသေးတယ် မဟုတ်လားလို့"

"အေးပါကွာ၊ အဲဒါတွေ ငါ နားလည်ပါတယ်၊ ငါ စဉ်းစား နေတာက သမီးကို အိမ်ထောင်ချပေးပြီးမှ အလုပ်လုပ်ခိုင်းရင် ကောင်းမလားလို့"

"ရှင်"

"ဟင်"





မေမေ အံ့ဩသွားသလို မဒီလည်း ဆတ်ကနဲဖြစ်သွားရ တော့၏။

ဖေဖေ ဆက်ပြောလာမည့်စကားကိုသာ ရင်တထိတ်ထိတ် ခုန်စွာ ငြိမ်သက်နားစွင့်နေမိလေသည်။

"ဟုတ်တယ် မေထား၊ သမီးကို နေရာချပေးဖို့ အချိန် ရောက်ပြီ"

"ဖေဖေ"

"သမီးက ဖေဖေ့ကို လျှို့ထားတာပဲ"

"ရှင်"

"မောင်ညီမင်းခန့်အကြောင်း ဖေဖေ့ကို ဘာလို့မပြော တာလဲ သမီး"

"ရှင်"

မဒီ ရင်ထဲ ဒိန်းကနဲ တုန်သွားရကာ ဖေဖေ့ကို အထိတ် တလန့်ပင် ကြည့်မိပါတော့၏။

ဘာအဓိပ္ပာယ်လဲ။

ဘာဆိုင်လို့ပြောရမှာလဲ ဟူသော စိတ်ထဲ ထောင်းကနဲ ဖြစ်သွားရမှုကြောင့် မဒီ့မျက်ဝန်းတွေပင် ဘဝင်မကျရိပ်များတ တန်မဆောင်နိုင်လောက်အောင် ရုတ်ခြည်း စူးလက်တည်တင်း



www.burmeseclassic.com

www.burmeseclassic.com



သွားရပါတော့၏။ ဖေဖေက ပြုံး၍ ဆက်ပြောလာပြန်သည်။

"သမီးတို့ သူငယ်ချင်းတွေ မဟုတ်လား. . . ဒီသူငယ် အရည်အချင်း အတော်လေးရှိတာပဲကွာ၊ သူ့အသက်အရွယ်နဲ့သူ လုပ်ငန်းရှင်လောကထဲမှာ လူတစ်လုံးသူတစ်လုံး ဝင်ဆန့် အောင် မြင်နေတာဟာ နည်းနည်းနောနောမှ မဟုတ်တာဘဲ၊ လူတော် လေး တစ်ယောက်ပဲ၊ ဖေဖေတော့ တကယ်ချီးကျူးမိတယ်၊ ဖေဖေ တောင်မှ သူ့အရွယ်တုန်းကဆိုရင် သူ့လို အောင်မြင်သေးတာ မဟုတ်ဘူးလေ၊ စီးပွားရေးဦးနှောက် ကောင်းတယ်လို့ပြောရမှာ ပေါ့"

မဒီ မျက်နှာ ကွက်ကနဲ ပျက်တော့၏။

မေမေက စိတ်မသက်မသာဟန်ဖြင့် မဒီ့ကို နှစ်သိမ့်ဟန် ကြည့်ပြီးမှ ဖေဖေ့ကို မေးလိုက်၏။

"ကိုနေနဲ့ အဲဒီသူငယ်က ဘယ်မှာတွေ့ကြတာလဲဟင်"

"ဦးဘစွမ်းရဲ့ တည်းခိုခန်းဖွင့်ပွဲမှာလေ၊ လုပ်ငန်းရှင် အတော်များများကို ဖိတ်တာ၊ သူပါတယ်၊ အံမယ် သူ့ကို အားလုံး က သိနေပြီး အလေးတယူနေရာပေး ဦးစားပေးဆိုတော့ အားလုံး ထဲမှာ သူက အငယ်ဆုံးနဲ့ အထင်ပေါ်ဆုံးဖြစ်နေတာပေါ့ကွာ၊ ရန်ကုန်မှာ သူ့ရုံးခန်းဖွင့်ထားတယ်တဲ့၊ အထွေထွေရောင်းဝယ် ရေးတဲ့၊ အိမ်ခြံမြေကား ဝယ်တယ်၊ ရောင်းတယ်ဆိုတော့ မင်း စဉ်းစားကြည့်စမ်း၊ သူ့အရင်းအနှီးပမာဏကို ခန့်မှန်းနိုင်တယ် မဟုတ်လား"

"အင်း. . . ဟိုဖက်မှာ လေးနှစ်လောက် အလုပ်သွား လုပ်ပြီး ပြန်လာတာတဲ့၊ စုမိဆောင်းမိလာတာ ထင်ပါရဲ့"

"ဒါပေါ့ ယောက်ျားဆိုတာ ဒီလိုမှပေါ့ကွာ၊ သူ့ကို အားလုံး က တလေးတစား အလေးထားခေါ် ပြောနှုတ်ဆက်နေတဲ့ကြားက ဖေဖေ့ကို သူက လေးလေးစားစား လာနှုတ်ဆက်တာလေ သမီး ရဲ့"

"ဟင်"

"အိမ်ကိုတောင် ရောက်ခဲ့ပြီးပြီဆို သမီး"

"ရှင်. . . ဟုတ်ကဲ့ ဖေဖေ"

"ကြည့်ရတာ သူက သမီးကို စိတ်ဝင်စားနေတာ ထင် တယ် ဟုတ်လား"

"အို"

မဒီ စိတ်ရှုပ်သွားရစွာ ခေါင်းငုံ့ထားလိုက်တော့၏။

ညီခြေလှမ်းကိုလည်း သဘောပေါက်သွားရစွာ ဖြို၍ စိတ် အနှောင့်အယှက် ဖြစ်သွားရ၏။







www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မဒီကို သဘောကျစွာ ပြုံးပြုံးကြီး ကြည့်လိုက်ပြီးမှ ပြောလေသည်။

"ဖေဖေ ပြောမယ် သမီး"

"ရှင်"

"စိတ်ကူး မလွဲနဲ့၊ ညီမင်းခန့်သာ ကမ်းလှမ်းလာခဲ့ရင် လက်ခံလိုက် ဟုတ်လား"

"အို"

မဒီ ငိုချင်သွားရစွာ မျက်နှာလေးမဲ့ကာ ထမင်းစားခန်းထဲမှ အမြန်ဆုံး ပြေးထွက်ခဲ့ပါတော့၏။

မေမေ့အသံကိုတော့ သဲ့သဲ့လေး ကြားလိုက်၏။

"ရှင်ကလည်း သမီးရှက်သွားပြီ"

ဖေဖေ့ရယ်သံကိုလည်း မဒီ ချောက်ချားစွာပင် ကြားလိုက်ရပြန်၏။



## အခန်း [ ၁၄ ]

"ဘုရားဖူးမမွှမိတ်ဆွေအပေါင်းတို့ခင်ဗျာ ကလောနှီးဘုရားကို ရောက်ပါပြီ၊ အားပါးတရ ဖူးကြ၊ လှူကြပါ ခင်ဗျာ"

အဖွဲ့ခေါင်းဆောင်၏ နှိုးဆော်မှုကြောင့် မဒီတို့သားအမိအများနည်းတူ ကြည်ညိုသပ္ပာယ်ဖွယ်ရာ နှီးဘုရားကို ရွှေသက်နန်းများ ကပ်လှူခြင်းနှင့် အလှူငွေများ လှူဒါန်းကြပါသည်။

ဆီအိနေအောင် စိမ်ထားသော လက်ဖက်နူနူလေးကို ပဲခြမ်းကြော်ကျွတ်ကျွတ်နှင့် မြှုပြီး အခါးရည်ပူပူလေးသောက်ရသည့် အရသာက ကလောနှီးဘုရား၏ နွေးထွေးလှိုက်လှဲသော ကြိုဆိုညှေ့ဝတ်ကျေမှုများက ရောက်လာသမျှသော ဘုရားဖူးမှန်သမျှကို အယုတ်အလတ် အမြတ်မရွေး ကျွေးမွေးလှူဒါန်းနေသည့် ဒေသခံများ၏စေတနာကို ဖော်ပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုကလည်း ဖြည်းမနှင့် ခြားနားသွားရှစွာ အေးစိမ့်စိမ့်လေး ဖြစ်လာလေသည်။

ကားလမ်းတစ်လျှောက် မြင်တွေ့ရသော ရှုခင်းတွေက လည်း စိတ်ဝင်စားစရာ။ လိမ္မော်စိုက်ခင်း၊ မက်မွန်ပင်၊ ကြက်သွန်၊ ဆီနေကြာ၊ အာလူး၊ ဂေါ်ဖီ၊ ပန်းမုံလာ၊ နေကြာ စသော စိုက်ခင်း များကို ကြည့်ပြီး မေမေက. . .

"သမီးရယ်. . . ကြည့်စမ်းပါဦး၊ လှလိုက်တာနော်. . . တောင်စဉ်တောင်ကုန်းတွေပေါ် စိုက်ထားတဲ့ စိုက်ခင်း အကွက် လေးတွေက အဝေးက ကြည့်ရင် ကတ္တီပါ ကောဇောလှလှကြီး တစ်ချပ် ခင်းထားသလိုပဲကွယ်"

"ဟုတ်ပါရဲ့ မေမေရယ်. . . လှလိုက်တာ"

ကဗျာဆန်ဆန် ပြောလိုက်သော မေ့မေ့စကားကို မဒီ ကြည်နူးစွာ ထောက်ခံရင်း ရှမ်းပြည်နယ်၏ ကြည်မွေ့ချမ်းမြေ့ဖွယ် ရာ အလှအပများကို ခံစားမိရကာ စိုင်းကိုလည်း တမ်းမွတ်ဆွတ် ကျဉ်စွာ သတိရမိပါတော့၏။

စိုင်းကိုလည်း ဖုန်းဆက် အကြောင်းကြားထားပြီးပြီမို့ တောင်ကြီးမှာ စိုင်း စောင့်ကြိုနေပါမည်။

မဒီတို့ ဘုရားဖူးကားက တောင်ကြီးခရီးစဉ်ကို နောက်





ဆုံးထားကာ ကလောနီးဘုရား ကလော ရွှေဥမင်ဘုရား၊ ကိုလုံ မြင်းမထိလှိုဏ်ဂူ၊ ပင်းတယလှိုဏ်ဂူ၊ ရွှေဥမင်ဘုရားများနှင့် မွေတော်ကက္ကူဘုရားတို့ကို ဖူးမြော်ပါဦးမည်။

တောင်ကြီးရောက်မှ အင်းလေးဖောင်တော်ဦး ဘုရားဖူး နှင့် တောင်ကြီး မီးပုံးပျံပွဲတော်ကို စိတ်အေးချမ်းသာစွာ ကြည့်ရှု လည်ပတ်ရန် စီစဉ်ထားသဖြင့် စိုင်းကို သတိရစိတ်နှင့်အတူ မဒီ့ ရင်တွေ အလိုလို လေးလံ တင်းကြပ်သွားရပါတော့၏။

"မေမေ"

"ဟင်. . . ဘာလဲသမီး"

မဒီနှင့် မေမေက အမေနှင့် သမီးဖြစ်သလို သူငယ်ချင်း တစ်ယောက်အဖြစ်လည်း မေမေ့ကို ပွင့်လင်းရင်းနှီးစွာ တိုင်ပင် ရင်ဖွင့်တတ်တာမို့ ရင်ထဲမှ တင်းကြပ်နေမှုကို အနည်းငယ်မျှ သက်သာလို သက်သာငြား စဉ်းစားကာ စကားစလိုက်၏။

"စိုင်းနဲ့တွေ့ရင် သမီး ဘာပြောရမှာလဲဟင် မေမေ"

"အင်း. . ."

မေမေ တွေကနဲ ရှိသွားပြီးမှ မဒီ့ပုခုံးလေးကို သိုင်းဖက် ကာ ပြောလိုက်၏။

"သမီးက ဘယ်လို ပြောချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“ညီ့ကိုစွ အသိပေးဖို့ လိုအပ်မှလားဟင် မေမေ”

“အင်း. . .’ညီမင်းခန့်က သမီးကို အတိအလင်း ပြော ထားပြီးပြီဆိုတော့ မဟန်မှန်းသိလို့ သမီးဖေဖေကို အပိုင်ကပ် တော့မယ့် အခြေအနေရှိပုံပဲလေ၊ ဒီကြားထဲ သမီးဖေဖေကလည်း ညီမင်းခန့်ကို အရမ်းသဘောကျနေတော့ ခက်တာပဲ”

“မေမေ . . . သမီး စိုင်းနဲ့ပဲ လက်ထပ်ချင်တယ် မေမေ ရယ်”

“နေဦး သမီး၊ ဆန္ဒ မစောနဲ့ဦး၊ မောင်စိုင်းခမ်းအောင်ရဲ့ အခြေအနေကို မေမေတို့ လေ့လာအကဲခတ်ဖို့ အခွင့်အရေးကြုံ တော့မှာပါ”

“ဟင် . . . မေမေ”

မေမေ့ကို ဆတ်ကနဲ ကြည့်ကာ မဒီက စိုးရိမ်ဟန် မျက်ဝန်းများဖြင့် မေးမိတော့၏။

“တကယ်လို့ စိုင်း အနေအထားက သာမန်လောက်ပဲဆို ရင် သမီးက သစ္စာဖောက်ရမှာလား မေမေရယ်၊ ဟင့်အင်း. . . သမီး အဲလို မလုပ်နိုင်ဘူးနော် မေမေ၊ မလုပ်ပါရစေနဲ့၊ စိုင်းကို သမီးချစ်တာ စိုင်းရဲ့ တည်ကြည်ရည်မွန်တဲ့ ကိုယ်ကျင့်တရားနဲ့ သဘောထား ပြည့်ဝမှုတွေကိုပါ မေမေ၊ ချမ်းသာမှုဆိုရင်တော့





စိုင်းအနေနဲ့ ညီ့ကို ယှဉ်နိုင်မှာ မဟုတ်ပါဘူးလေ၊ ဒါပေမယ့် ညီ့ကို မှ သမီး လက်မခံနိုင်တာ”

“သမီး”

မဒီပုခုံးကို နှစ်သိမ့်ဟန် မေမေ ဆုတ်ညှစ်လိုက်ပြီးမှ. . .

“စိတ်အေးအေး ခေါင်းအေးအေး ထားရအောင်နော်၊ သိပ်လည်း စိတ်လှုပ်ရှားမနေစမ်းပါနဲ့ကွယ်၊ မေမေတို့ အခု ထွက် လာတဲ့ ခရီးဟာ စိတ်ပြေလက်ပျောက် ဘုရားလည်းဖူးရင်း သမီးရဲ့ ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်လို့ပါကွယ်၊ မောင်စိုင်းခမ်းအောင် နဲ့တွေ့ရင် သူ့မှာ ဘယ်လိုအစီအစဉ်နဲ့ ဘယ်လိုစီမံကိန်းတွေ ရှိ သလဲဆိုတာ သမီး တီးခေါက်ကြည့်လေ”

“ဟင် . . . မေမေ”

“မေမေ့ရင်ထဲက တကယ့်ဆန္ဒအမှန်၊ စေတနာအမှန်က သမီးကို စိတ်ချမ်းသာ ပျော်ရွှင်စေချင်တယ်ဆိုတာတော့ သမီး ယုံတယ် မဟုတ်လား”

“ဟုတ် . . . ယုံပါတယ် မေမေ”

“သမီးရယ် . . . မိခင်တစ်ယောက်ရဲ့ စေတနာ၊ မေတ္တာ ထဲမှာ ကိုယ့်သမီးကိုတော့ ဆင်းစီးမြင်းရံစေချင်တယ်လေ၊ သမီး နှစ်သက်တဲ့လူဟာ သမီးဘဝကို မပူမပင် မကြောင့်မကြ ထားနိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ့် အရည်အချင်းတော့ ရှိဖို့ လိုမယ်မဟုတ်လား၊ မေမေတို့မှာ သမီးတစ်သက် စားမကုန်နိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ဘယ်လောက်ပဲ ရှိနေပါစေလေ သမီးရဲ့ ဘဝကြင်ဖော်ဟာ သူ့အရည်အချင်းနဲ့ သူ ဇနီးမယားတစ်ယောက်ကို တင့်တောင်းတင့်တယ် ထားနိုင်တဲ့ အင်အားတော့ ရှိရလိမ့်မယ် သမီး၊ မိန်းမ ထဘီနား ခိုစားတဲ့ ယောက်ျားတော့ မဖြစ်ရဘူး"

"မေမေ. . . ဘာလဲဟင်၊ မေမေကပါ ဖေဖေ့သဘောထားနဲ့ အလိုတူ အလိုပါ. . ."

"ဟင့်အင်း. . . မဟုတ်ဘူး သမီး၊ ဒါ. . မေမေ့အတွေ့သက်သက်ပါ၊ စိတ်ချ. . . မောင်စိုင်းခမ်းအောင်မှာသာ မေမေ ဆိုလိုတဲ့ အနေအထားမှာ ရှိနေရင် ညီမင်းခန့်နဲ့ မယှဉ်နိုင်တဲ့ အခြေအနေမှာ ရောက်နေလည်း သမီးဖက်ကပဲ မေမေ ရပ်တည်ပြီး သမီးဖေဖေကို ပြောပေးရမှာပေါ့ကွယ်"

"အို . . . မေမေရယ်၊ ကျေးဇူးတင်လိုက်တာ"

မေမေ့ကို ဖက်ပြီး မဒီ လှိုက်ခါစွာ ပြောတော့ မေမေ ပြုံး၍ ပြော၏။

"သမီးရယ်. . . အမေနဲ့ သမီးကြား ကျေးဇူးတင်စကား ပြောစရာလား၊ သမီးဖက်က အမြဲရပ်တည်ပေးချင်နေတဲ့ မေမေပါကွယ်"





အောင်ပန်းမှာ ခရီးတစ်ထောက်နားအော့ ရေမိုးချိုး အဝတ်အစားလဲပြီး မဒီတို့ ညဥ့်ဈေးဖက် ထွက်လာခဲ့ကြ၏။

စည်ကားသော ဈေးမှာ လတ်ဆတ်သော လိမ္မော်သီး ထွားထွားပွပွများနှင့် ထော့ပတ်သီး၊ မက်မန်းသီး၊ မက်မွန်သီး၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ၊ မုန်ညှင်းချဉ်၊ ကြက်သွန်ချဉ်၊ ချောပုပ်၊ ကောက်ညှင်းခြောက်၊ အာလူးခြောက် စသော ဆိုင်များ။ ရှမ်းရိုးရာ အစားအစာဆိုင်များ၊ အဝတ်အထည် အသုံးအဆောင် ဆိုင်များဖြင့် အလွန်စည်လှပါသည်။

မေမေနှင့် မဒီတို့က လိမ္မော်သီးများကို လမ်းခရီးမှာ စားရန် ဝယ်လိုက်ကြလေသည်။

နောက်တစ်နေ့မှာတော့ ပင်းတယ၊ ရွှေဥမင်ဘုရားသို့ ခရီးဆက်ခဲ့ရာ ညောင်ပိန္နဲပင်ကြီးများ အစီအရီ ပေါက်ရောက်နေသော ပင်းတယမြို့အဝင် ရှုခင်းက ရင်သပ်ရှုမောဖွယ်ရာပင်။

ရွှေဥမင်လှိုဏ်ဂူဘုရားသို့ မရောက်ခင် ပုန်းတလုတ် ရေကန်ကြီးကို ဖြတ်သွားရသဖြင့် ရှေးက နာကမိဋ္ဌာန်ရေကန်ဟု ခေါ်သော ထိုပုန်းတလုတ် ရေကန်ကြီးမှာ ငွေတောင်နတ်မင်းကြီး ၏ သမီးတော် မောင်နှံခုနစ်ဖော် ဒွေးမယ်နော်တို့ ညီအစ်မများ ရေဆင်းကစားကြသော နေရာအဖြစ် စိတ်မှန်းလေးဖြင့် ကြည်ကြည်နူးနူးလေး ကြည့်မိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာတော့ မြင့်မားလှသည့် တောင်ကုန်းတောင်တန်းကြီးများနှင့် ရွှေဥမင်စေတီတော်သို့ သွားရောက်ရာ စောင်းတန်းအသွယ်သွယ်ကို လှမ်းမြင်နေရပြီ ဖြစ်၏။

တောင်ပေါ်သို့ တဆင့်သွား ကားလေးများဖြင့် စီးသွားရကာ၊ ဘုရားခြေတော်ရင်းမှာတော့ ကြီးမားလှသော ပင့်ကူကြီးနှင့် ပင့်ကူကြီးကို မြှားနှင့် ခွင်းနေသော ကုမ္မာဘယ မင်းသားတို့၏ ရုပ်တုကို တွေ့ရလေသည်။

ပါးစပ်ရာဇဝင်အရ. . .

'ပင်းတယ' ဟူသော ဝေါဟာရမှာ ကုမ္မာဘယ မင်းသား၏ ပင့်ကူကြီးရန်ကို အောင်နိုင်သော အဓိပ္ပာယ်အဖြစ် 'ပင့်ကူရ' မှ 'ပင်းတယ' ဟူ၍ ပြောင်းလဲခေါ်ဝေါ် သမုတ်ခဲ့သည်ဟုလည်း ကြားရဖူးပါသည်။

လိုဏ်ဂူတော်အတွင်း ဝင်ရောက်လိုက်သည်နှင့် အံ့မခန်းကြည်ညို့ သပ္ပာယ်ဖွယ်ရာ ဘုရားစေတီ အံ့ဖွယ်မြောက်အများကို ဖူးတွေ့ရပါသည်။

မို၍ ရင်သပ်ရှုမော ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းလှသည်မှာ လိုဏ်ဂူတော်အဝင် လက်ဝဲဖက်၌ ဉာဏ်တော်အမြင့် ၇၅ ပေခန့်ရှိသော ရွှေဥမင်စေတီတော်ကြီးကို တည်ထား၍ စေတီတော်တစ်ဆူလုံးမှာ ကျောက်သားလိုဏ်ဂူကြီးအတွင်း၌ လုံးလုံးလျားလျား တည်ရှိနေပုံမှာ အံ့မခန်း ဖြစ်ပါသည်။





ထိုစေတီတော်ကြီးသည်. . . သီရိဓမ္မာသောကမင်း၏ ကုသိုလ်တော်ဖြစ်ပြီး ပုလဲအလောင်းစည်သူမင်းက ထပ်မံ ပြုပြင်မွမ်းမံခဲ့ကြောင်း အဆိုရှိလေသည်။

လိုဏ်ဂူတော်အတွင်းတွင် စေတီဘုရား မြောက်များစွာ တည်ထားသော ဝင်္ကပါလမ်းအတိုင်း ဆက်လက်ဖူးမြော်လာပါလျှင် တံခွန်တိုင်သမ္ဗုဒ္ဓေဘုရား၊ ဆင်ငါးကောင် ပလ္လင်ဘုရား၊ ချွေးထွက်ဘုရား၊ ဆုတောင်းပြည့်ဘုရား၊ မိဘုရားကြီး၊ ကျောက်မောင်းကြီးများ၊ ဇော်ဂျီဆေးကြိတ်နေရာ၊ ရတနာမာရ်အောင်စေတီ စသည့် ထင်ရှားသော နေရာများကိုလည်း နှံ့စပ်စွာလှေ့လာ ကြည့်ရှု ဖူးတွေ့ရပါသည်။

လက်ဝဲဖက်ခြမ်း လမ်းကြောင်းမှ နတ်သမီးရေကန်သည် လိုဏ်ဂူအဆုံးဟု ဆိုနိုင်ပါသည်။

နတ်သမီးရေကန်နှင့် မလှမ်း မကမ်းတွင် ပုဂံပေါက်ခေါ်၊ လိုဏ်ဂူပေါက်နေရာကို တွေ့ရပြီး ထိုနေရာအထိဆိုပါက ဝင်းတယလိုဏ်ဂူတော်သည် ပေ(၄၉၀) ရှည်လျား၏။ လိုဏ်ဂူအဆုံး ပုဂံပေါက်ကိုမူ ပိတ်ဆို့ထားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းပုဂံပေါက်မှာ ပုဂံပြည် ငှက်ပစ်တောင်ဘုရားအထိ သွားရောက်နိုင်သောလမ်းဟု ဆိုစမှတ် ပြုကြလေသည်။

ပင်းတယမှာ ရှမ်းဘာသာစကားဖြစ်ပြီး စွယ်တော်ပန်း အဖြူပြင် ပေါများသော မြေပြန့်လွင်ပြင်ကျယ်ဟု အဓိပ္ပာယ်ရ ကြောင်း အဆိုရှိကြလေသည်။

ပင်းတယမှအပြန် ငြိမ်နေသော မဒီကို မေမေက . . .

"သမီး. . ငြိမ်လှချည်လား၊ ဘာတွေ စဉ်းစားနေတာလဲ"

မဒီ ယဲ့ယဲ့လေးပြုံး၍ မေမေ့ကို ပြောလိုက်လေသည်။

"ဒဏ္ဍာရီထဲက ကုမ္ဘာဘယမင်းသားနဲ့ ဒွေးမယ်နော်ရဲ့ ညီမအငယ်ဆုံးလေး ရှင်မိယာတို့ရဲ့ အကြောင်းကို တွေးနေတာပါ မေမေ"

"ဟုတ်လား. . . ပြောစမ်းပါဦး သမီးရယ်"

"ရှင်မိယာရဲ့သစ္စာကြောင့် ချစ်သူနှစ်ဦး နောက်ဆုံးမှာ ပေါင်းဖက်ရတယ် မဟုတ်လား မေမေ"

"ပြောပါဦးကွယ်"

"ကုမ္ဘာဘယမင်းသားက ညောင်ရွှေစော်ဘွားဆက်ဖြစ်ပြီး သထုံပြည့်ရှင်မင်းကြီးရဲ့ သမီးတော်နဲ့ စုံဖက်နေထိုင်ခဲ့တယ်တဲ့"

"အင်း. . ."





"အဲဒါနဲ့ ပင်းတယကို ရောက်ခဲ့တော့ ပုန်းတလုတ်ရေကန် အနီးမှာ နဂါးနဲ့ ဂဠုန် ရန်ပွဲမှာ နဂါးဖက်က မင်းသားလေးဟာ ပါဝင်ကူညီပြီး ဂဠုန်ကို သတ်ပစ်ခဲ့တယ်တဲ့"

"ဪ. . . ဟုတ်လား အဲဒီတော့. . ."

"ဂဠုန်သေတော့ ပင့်ကူကြီး ဖြစ်သွားတယ်တဲ့လေ"

"ဟင်. . . မေမေတို့ ပင်းတယလိုဏ်ဂူတော် မုခ်ဦးမှာ တွေ့ခဲ့တဲ့. . ."

"ဟုတ်တယ် မေမေ၊ အဲဒီ ပင့်ကူကြီးက ဒွေးမယ်နော်တို့ နတ်သမီး ညီအစ်မခုနစ်ဖော်ကို အနိုင်ကျင့်ဖို့ကြံတော့ ကုမ္ဘာဘယ မင်းသားကပဲ ကူညီကယ်တင်ပြီး ပင့်ကူကို သတ်ပစ်လိုက်တယ်လေ"

"အို. . . ကြည့်စမ်း"

"နတ်သမီးတွေက ကျေးဇူးတင်လွန်းလို့ဆိုပြီး ညီမ အငယ်ဆုံးလေး ရှင်မိယာလေးနဲ့ ကုမ္ဘာဘယမင်းသားကို လက်ဆက်ပေးခဲ့တယ်တဲ့"

"အင်း. . . အင်း"

"ပင့်ကူကြီး သေသွားတော့ ဘီလူးဖြစ်သွားတယ်တဲ့ မေမေရယ်. . ."

"ဟုတ်လား. . . ပြောပါဦး သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘီလူးက တစ်ခါ နှောက်ယှက်ပြန်တော့ ဘီလူးနဲ့ ယှဉ်ပြိုင် ထိုးသတ်ရတဲ့အခါမှာ ဘီလူးက ကျဆုံးပြီး ဇော်ဂျီဖြစ်သွားသလို မင်းသားလေးလည်း အသက်ဆုံးရှုံးသွားခဲ့ရတယ်တဲ့လေ"

"ဟင်. . . ဖြစ်ရလေကွယ်"

"ဒီတော့ ဇော်ဂျီက ရှင်မိယာကို သိမ်းပိုက်ဖို့ ခေါ်သွားတာပေါ့၊ ရှင်မိယာကလည်း ဇော်ဂျီကိုမှ မေတ္တာ မရှိနိုင်တာဆိုတော့ မောင်တော် ကုမ္မာဘယကိုပဲ တမ်းတနေတာပေါ့၊ ဒါကြောင့် မိန်းမတို့ ပရိယာယ်နဲ့ ဇော်ဂျီကို ဥပါယ်တံမျဉ် မာယာဆင်ပြီး ရေသွားခပ်ပေးပါဆိုပြီး ခိုင်းတယ်တဲ့လေ"

"အင်း. . . အင်း"

"ရေခပ်နေတဲ့ ဇော်ဂျီကို နောက်ကနေ အားကုန် တွန်းချလိုက်တော့ ဇော်ဂျီ မြစ်ထဲပြုတ်ကျပြီး သေပွဲဝင်သွားတော့တယ်တဲ့"

"ဟင်. . . ဟုတ်လား. . ဒါဖြင့်. . ."

"ဟုတ်တဲ့ . . . သိကြားမင်းက မနေသာတော့လို့ ကုမ္မာဘယမင်းသားကို အသက်ပြန်ရှင်ခွင့်ပေးပြီး ရှင်မိယာနဲ့ ပြန်လည်ပေါင်းဖက်စေခဲ့တယ်တဲ့ မေမေရယ်၊ ဒါဟာ . . . ရှင်မိယာရဲ့ကုမ္မာဘယမင်းသားအပေါ် သစ္စာကြီးမှုကြောင့်ပဲလို့ ထင်ပါရဲ့နော်"

"အင်း. . . ဟုတ်မှာပေါ့ သမီးရယ်"



## အခန်း [ ၁၅ ]

မွေတော်ကုက္ကူ. . .။

တောင်ကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စုမှ မွေတော်ကျေးရွာအနီးရှိ ရှေးဟောင်းစေတီတစ်ဆူ ဖြစ်ပါသည်။

စေတီတော်ဝန်းကျင်မှာ ပြန့်ပြူးညီညာသော တောင်တန်းဒေသဖြစ်ပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်လှစွာကပင် ပေါက်ရောက်လျက်ရှိသည့် ညောင်ပင်ကြီးများဖြင့် ဝန်းရံလျက်ရှိပေရာ အလွန်ဆိတ်ငြိမ်အေးချမ်းသာယာလှပါ၏။

ကားဆိုက်သည်နှင့် ကားပေါ်မှ ဆင်းဆင်းချင်း မေမေတစေတီဝန်းကျင်တစ်ခွင်ကို ဝေ့ဝဲကြည့်ရှုကာ ပြောလိုက်လေသည်။

"စေတီတွေ အများကြီးနဲ့ တကယ်ကြည့်ပျော်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှာပဲ သမီးရယ်၊ ဟောဟိုဖက်က ညောင်ပင်ကြီးအရိပ်အောက် တွေမှာက ဈေးထင်ပါရဲ့၊ လူတွေ စည်လိုက်တာကွယ်"

မှန်ပါသည်။ မေမေ ပြောသလိုပင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးကားများ ရောက်နေကြကာ နိုင်ငံခြားသားများကိုပင် တွေ့နေရ၏။

ဒေသခံတိုင်းရင်းသားများ ဖြစ်ကြသော ပအို့ဝ်(တောင်သူ) တိုင်းရင်းသားများကလည်း ရိုးရာဝတ်စုံများကို လှပ သေသပ် စမတ်ကျစွာ ဝတ်ဆင်ကာ ဆွမ်းတော်ကပ်ရန် အစုလိုက် အဖွဲ့လိုက် လာနေကြလေသည်။

တန်ဆောင်မုန်းလဆန်း (၁၄) ရက်နေ့၊ အဖိတ်နေ့မို့ ဘုရားပွဲတော်ရက်လည်းဖြစ်ကာ ဥပုသ်နေ့ (လပြည့်နေ့) အကြို အတွက် စေတနာ သဒ္ဓါတရား ထက်သန်ကြည်ညိုလှစွာဖြင့် ငွေလင်ပန်း၊ ငွေဖလား၊ ငွေကလပ်များဖြင့် ဆွမ်း၊ ပန်း၊ သစ်သီး၊ တံခွန်၊ ကုက္ကား၊ ဆီမီးများ လာရောက် ပူဇော်ကပ်လှူ ကုသိုလ်ယူနေကြသော ပအို့ဝ် တိုင်းရင်းသားများကို မေမေရော. . . မဒီပါ ကြည်နူးချစ်ခင်မိရစွာ ငေးကြည့်နေမိကြ၏။

ချစ်စရာ့ တိုင်းရင်းသူလေးများ၏ သဘာဝအလှက ရိုးသားဖြူစင် အပြစ်ကင်းလွန်းလှ၏။





များပြားလှသော လူအုပ်များကို ကြည့်ပြီး မေမေက. . .

"သမီး. . . ဘုရားအရင်ဖူးပြီးမှ ဈေးကို လျှောက်ကြည့်ရအောင်နော်"

"ဟုတ်ကဲ့. . . မေမေ"

မြောက်များလှစွာသော စေတီများ ခြံရံထားသည့် မွေတော်ကက္ကူဘုရားသို့ အဝင်လမ်းအတိုင်း မဒီတို့ လျှောက်ဝင်လာခဲ့၏။

အသင့်ယူလာသော လှူဖွယ်ဝတ္ထုများဖြစ်ကြသည့် ဖယောင်းတိုင်၊ အမွှေးတိုင်၊ သစ်သီး၊ ပန်းနှင့် မုန့်များကိုလည်း ဆွမ်းတော်ကပ်ရန် ပြင်ဆင်ထားပါသည်။

တန်ဆောင်းထဲသို့ ဝင်လိုက်သည်နှင့် မဒီ့မျက်ဝန်းအစုံ ဝိုင်းသွားရတော့၏။

"ဟင်. . . စိုင်း"

အံ့အားသင့်နေသော မဒီကို စိုင်းက ပြုံးပြလိုက်ပြီးမှ အနားလျှောက်လာကာ မေမေ့ကို ဂါရဝပြုဟန် ခါးညွတ် ခေါင်းငုံ့ နှုတ်ဆက်လိုက်ပြီးမှ. . .

"ကျွန်တော် အပြင်မှာ အန်တီတို့ကားအလာကို စောင့်နေတာပါ၊ ဖေဖေက လူကြီးက ကျွန်တော့်ကို အကူအညီတောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင်းစရာရှိလို့ဆိုပြီး ခေါ်လိုက်လို့ ခဏ ဝင်လာတာပါ၊ ခရီး အဆင်ပြေခဲ့ရဲ့လား ခင်ဗျ”

စိုင်း၏ ရည်မွန်သော အပြောအဆိုကြောင့် မေမေလည်း အံ့သြတစ်ဝက် မျက်ဝန်းဖြင့် ခေါင်းညိတ်ကာ. . .

“အင်း. . . အင်း၊ အားလုံး အဆင်ပြေပါတယ်ကွယ်၊ ကားကလည်း အရမ်းကို ဂရုတစိုက် အလေးထားတာဆိုတော့ စိတ်ချမ်းသာပါတယ်၊ ဒါနဲ့. . . မောင်းစိုင်းက. . .”

“ဟုတ်ကဲ့. . . ပထမတော့ ကျွန်တော် တောင်ကြီးမှာပဲ ကြိုမယ်လို့ စဉ်းစားထားတာပါ အန်တီ၊ ကားအသင်းကို ဖုန်းဆက် မေးလိုက်တော့ ခရီးစဉ်တွေကို သိခဲ့ရတာပါ၊ ဒါနဲ့. . . မွေတော် ကတ္တူမှာပဲ ကြိုလိုက်တော့မယ်လို့ စဉ်းစားမိပြီး လာစောင့်နေတာပါ”

“ဪ. . . အပင်ပန်းခံလို့ကွယ်၊ မင်း အလုပ်ပျက်နေ တော့မယ်”

“ရပါတယ်. . . အန်တီ၊ ကိစ္စမရှိပါဘူး. . . ကျွန်တော့် တို့ ဒေသကို တစ်ခါတရံမှ လာနိုင်တဲ့ ဧည့်သည်ကို ဧည့်ဝတ် ကျေချင်လို့ပါ ခင်ဗျာ”

နားလည်သိတတ်လွန်းသော ချစ်သူကို မဒီ့ရင်ထဲ လေးစားချီးကျူးမိပြီးမှ. . .





“မဒီက စိုင်းကို တောင်ကြီးရောက်မှ ဆုံမယ်လို့ တွေး ထားတာပါ၊ ဒီကပြီးရင် တောင်ကြီးသွားလိမ့်မယ်ထင်တယ် စိုင်း ရယ်၊ အင်းလေး ဖောင်တော်ဦးနဲ့ တန်ဆောင်တိုင် မီးပုံးပျံ ကျန် သေးတယ်လေ၊ ရပါတယ်. . . စိုင်း၊ မဒီတို့ အားလုံးအဆင်ပြေ ပါတယ်၊ မေမေပြောသလိုပဲလေ. . . ကားအသင်းက ကျွေးတာ လည်း အရမ်းကောင်းပါတယ်၊ လိုလေသေးမရှိအောင်ပါဘဲ၊ ဒီ အထိ လိုက်လာရတော့ စိုင်း ပင်ပန်းနေမှာပေါ့”

“မပင်ပန်းပါဘူး မဒီ၊ ကဲ. . . ကဲ ဆွမ်းတော်ကပ်မယ် မဟုတ်လား မဒီ၊ လာ. . . လာ”

စိုင်း၏ ဦးဆောင်မှုဖြင့် မဒီနှင့် မေမေ ဘုရားကို ဆွမ်း တော် ကပ်ကြရ၏။

ကြည်ညိုလေးမြတ် သပ္ပာယ် သဒ္ဓါစိတ်များဖြင့် မဒီ ရှိခိုး ဦးခိုက်အပြီးမှာ စိုင်းက ရှင်းပြပါသည်။

“ဒီစေတီတော်ထဲမှာ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော် အစစ်တွေကို ဌာပနာပြု တည်ထားတာလို့ သိရတယ် မဒီ”

“ဪ. . . ဟုတ်လား၊ ဒါဆို စာန်ခိုးကြီးမှာပေါ့နော် စိုင်း”



www.burmeseclassic.com

www.burmeseclassic.com



"တန်ခိုးကြီးတာပေါ့. . . ဆုတောင်းလည်း ပြည့်တယ်လေ"

"ဟုတ်လား"

"သမိုင်းအဆိုအရ ဒီစေတီတော်ရဲ့ မူလ သာသနာပြုဒါယကာဟာ သီရိဓမ္မာသောကမင်းတရားကြီး ရှာဖွေစုဆောင်းထူးဖော်ခဲ့တဲ့ ဗုဒ္ဓဓာတ်တော်တွေကို (၃၂၇) ဘီစီမှာ မြန်မာနိုင်ငံကို သယ်ယူ ပင့်ဆောင်လာခဲ့တဲ့ ပုဂ္ဂိုလ်မြတ် နှစ်ပါးဖြစ်တဲ့ ရှင်သောနနဲ့ ရှင်ဥတ္တရ ရဟန္တာမထေရ်မြတ်တို့ပဲ ဖြစ်တယ် မဒီ"

"ဩော်. . . ဟို စေတီပေါင်း ၈၄၀၀၀ တည်ထား ကိုးကွယ်ခဲ့တဲ့ အာသောက မင်းတရားကြီးလားဟင် စိုင်း"

"ဟုတ်တယ်. . . မဒီ၊ မွေတော် ကက္ကူစေတီတော် အစုထဲမှာ သီရိဓမ္မာသောကမင်းရဲ့ သာသနာပြုလုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ ထူးခြားဖြစ်စဉ် ခြောက်ခုရှိနေတယ်"

"ဟင်. . . ဘာတွေလဲ စိုင်းရယ်"

"နံပါတ် (၁)က သရီရ ဓာတ်မွေတော်တွေကို ဌာပနာသွင်းပြီး တည်ထားကိုးကွယ်တဲ့စေတီ (ဓာတုစေတီ) ရှိတယ်"

"အင်း. . . အင်း"

"(၂) က မာန့်ငါးပါးအောင်မြင်ရာ အပရာဇိတပလ္လင်





ပေါ်ထက်ရောက်ရာ မဟာဗောဓိပင် (ညောင်ပင်)ကို စိုက်ပျိုးထားရှိတာ၊ အဲဒါဟာ ပရိဘောဂစေတီ မည်တယ်လေ"

"ဟုတ်ပါရဲ့နော်. . . စိုင်း"

"(၃)က ရဟန္တာမထေရ်မြတ် နှစ်ပါးဖြစ်တဲ့ ရှင်သောနနဲ့ ရှင်ဥတ္တရတို့ သမုတ်ထားတဲ့ ရှေးဟောင်းရဟန္တာသိမ်တော် ရှိနေတာ"

"ဟုတ်လား"

"အာသောက မင်းတရားကြီးလှူဒါန်းခဲ့တဲ့ ကျောင်းပေါင်း ၈၄၀၀၀ မှာ ပါဝင်တဲ့ ရှေးဟောင်းကျောင်းနေရာ အထိမ်းအမှတ်နေရာ သတ်သတ်မှတ်မှတ် တည်ရှိနေတာ၊ အဲဒါ နံပါတ်(၄)"

"အင်း. . . ဆက်ပါဦး စိုင်းရယ်"

"အမှတ်(၅)က ရေတွင်းပေါင်း ၈၄၀၀၀ ထဲမှာ အပါအဝင်ဖြစ်တဲ့ အထိမ်းအမှတ် ရေတွင်းရှိနေတာ"

"အို. . . မဒီတို့ သွားကြည့်မယ်နော် စိုင်း"

"အင်း. . . နံပါတ်(၆) က ရေကန်ပေါင်း ၈၄၀၀၀ ထဲမှာ ပါတဲ့ အထိမ်းအမှတ် ရေကန်ရှိနေတာပဲ မဒီ"

"တကယ့်ကို အထင်ကရ ဘုရားပါလား စိုင်းရယ် မဒီတို့ ရောက်ဖူးနပ်သွားပြီနော်၊ အဲဒါကြောင့်လည်း ဒီက ဒေသခံ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားတွေ ခြိမ့်ခြိမ့်သဲ ကြည်ညိုပူဇော်မှုတွေ အလေးအမြတ် ပြုကြတာကိုး”

“ဟုတ်တယ်. . . မဒီ၊ ဒါကြောင့် ဒီစေတီတော်ကို မွေတော်ကက္ကူလို့လည်း ခေါ်သလို၊ ကက္ကူမွေတော် ဓာတ်မြတ်ကျော်လို့လည်း ခေါ်ကြတယ်လေ”

“ဪ. . .”

ထိုစဉ် ဘုရားရှိခိုး၊ ပုတီးစိတ်ပြီးသွားသော မမေက စိုင်းနှင့် မဒီတို့ စကားပြောနေကြသော နေရာဆီ လာနေသဖြင့် မဒီက. . .

“မမေရေ. . . စိုင်းက ဟောဒီဘုရားရဲ့ သမိုင်းကြောင်းတွေ ရှင်းပြနေတာလေ၊ စိတ်ဝင်စားစရာ ကောင်းလိုက်တာ”

“ဟုတ်လား. . . မမေလည်း ဘုရားဝတ်ပြုရတာ စိတ်ထဲ တကယ့်ကို ကြည်လင်အေးချမ်းသွားတာပဲကွယ်”

“ဟုတ်ကဲ့. . အန်တီ၊ ဒီဖက်ခေတ်မှာတော့ စေတနာသဒ္ဓါထက်သန်စွာနဲ့ လှူဒါန်းကြည်ညိုကြတဲ့ အလှူရှင်ဒါယကာတွေ အများကြီး ရှိခဲ့တာပါ”

“ဟုတ်လား. . .”

“ထူးခြားတဲ့ အလှူရှင်ထဲမှာ ဧကာပူရွှေကျောင်းဆရာ





တော် Ven Shi Fa Zhao ဆိုရင် သိန်း ရာပေါင်းများစွာကို လှူခဲ့တာလေ”

“ဪ. . . ဪ၊ သာဓု အနုမောဒနာ ယူစရာကောင်းလိုက်တာကွယ်”

“စေတီတော်တွေလည်း အများကြီးပဲနော် စိုင်း”

မဒီ့အမေးကို စိုင်းက ပြုံး၍. . .

“ဟုတ်တယ်. . . မဒီ၊ သမိုင်း အထောက်အထားအရတော့ မွေတော်ကက္ကူမှာ စေတီအဆူပေါင်းကို နံသင့်အက္ခရာသင်္ချာနဲ့ပြောရင် ‘တောင်သူကွမ်းညှပ်’ လို့ ဆိုစမှတ် ရှိခဲ့တယ်”

“တောင်သူကွမ်းညှပ်”

“အင်း. . . (၇၆၂၃) ဆူပေါ့၊ ဆိုရလွယ်အောင်ဆိုပြီး တောင်သူကွမ်းညှပ် တဖျတ်ဖျတ်လို့ မှတ်ထားကြတယ်၊ ဒါပေမယ့် နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီဆိုတော့ ရာသီဥတုဒဏ်၊ ညောင်မြစ်နဲ့ သစ်ပင်နွယ်တွေ ဝါးမြိုဖျက်ဆီးခံရတဲ့ ဒဏ်တွေကြောင့် စေတီအရေအတွက်က အဲဒီလောက် မရှိတော့ပါဘူး၊ အဆူပေါင်း ၂၅၀၀ ကျော်လောက်ပဲ ရှိတော့တယ်တဲ့”

“ဟုတ်လား”

“ကဲ . . . လာ အန်တီ၊ ဟိုဖက်မှာ ရွှေဝင်မင်းစံအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ရွှေဝက်ဂူဘုရားလည်း ရှိတယ်၊ ဒီစေတီတော်ကြီးကို ဘေးရန် ကာကွယ်ပေးတဲ့ ဝက်မင်းကို ပူဇော်ထားတာပေါ့၊ ပြီးမှ ဈေးဖက် လှည့်ရအောင်"

"အင်း. . . အင်း"

"ဘုရားသမိုင်းအကြောင်းတွေကို မောင်စိုင်းက သေချာ လေ့လာထားတာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့. . . ကျွန်တော် ငယ်ငယ်ကတည်းက မိဘတွေဆီက ကြားရတာလည်း ရှိတယ်၊ စာပေအထောက်အထား အရလည်း ဖတ်ထားရတော့ ကိုယ့်ဒေသရောက်လာတဲ့ ဧည့်သည်တွေကို ခုလိုပဲ ရှင်းပြပေးတာ အကျင့်ပါနေပါပြီ အန်တီ"

"ကောင်းတာပေါ့ကွယ်"

ဘုရားမှအထွက် ဈေးဖက်သွားကြတော့ စိုင်းက. . .

"အန်တီနဲ့မဒီ ဈေးထဲမှာ လျှောက်ကြည့်နော်၊ ကျွန်တော် ကိစ္စလေးရှိလို့ မကြာပါဘူး. . . ချက်ချင်း လိုက်လာမှာပါ"

"သြော်. . . အေး. . . အေး"

လှမ်းမြင်နေရသော ဈေးတန်းကြီးဆီ မဒီတို့ လျှောက်လာခဲ့ကြပြီး ခင်းကျင်းရောင်းချနေကြသော ဆိုင်များကို စိတ်ဝင်တစား ကြည့်ရှုမိကြ၏။ သစ်သီးတန်း၊ အဝတ်အထည်တန်း





အစားအသောက်နှင့် လူသုံးပစ္စည်းဆိုင်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလှပါသည်။

တို့ဟူးကြော် ရွှရွှကျွတ်ကျွတ် ပူပူနွေးနွေးကို မြိန်ယှက်စွာ စားနေစဉ်မှာပင် စိုင်း ရောက်လာကာ သဘောကျစွာ ပြုံးကြည့်ပြီးမှ မေးလိုက်၏။

"တို့ဟူးကြော်ကို ကြိုက်လား အန်တီ"

"အင်း. . . ကြိုက်တယ်၊ စားလို့ကောင်းတယ်၊ သမီးဆို ရှမ်းထမင်းချဉ်၊ ရှမ်းခေါက်ဆွဲတွေ ကြိုက်တယ်လေ၊ ရှမ်းမုန့်ညှင်းချဉ်ဆို ရန်ကုန် မှာပြီး စားတာကွယ့်၊ ထားဝယ်ဖက်က လူအတော်များများ ရှမ်းအစားအစာတွေ ကြိုက်တတ်လို့ ထားဝယ်မှာ ရှမ်းခေါက်ဆွဲဆိုင်တောင် ရှိနေပြီလေ၊ တို့ဟူးကြော်တွေလည်း ရောင်းနေပြီ၊ ဒါပေမယ့်. . . ဒီဖက်က ပိုပြီး စားကောင်းသလိုပဲ"

"ဟုတ်လား. . . အန်တီ၊ ဝမ်းသာစရာပေါ့ဗျာ"

"လိမ္မော်သီးတွေလည်း လတ်လတ်ဆတ်ဆတ် ရှိလိုက်တာနော်၊ ပင်မှည့်ဆိုတော့ ချိုအေးနေတာပဲ၊ ပိသာချိန်နဲ့ ရောင်းတဲ့ မလေးလေးက အထူးအဆန်းပါပဲကွယ်"

"ဟုတ်ကဲ့. . . အန်တီ၊ ဘာတွေဝယ်ချင်သေးလဲ ခင်ဗျ"

"ဟင့်အင်း. . . မဝယ်ပါဘူးကွယ်၊ တောင်ကြီးရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ အပြန်အတွက် အဆင်ပြေသလို ဝယ်မလားလို့ပါ၊ ခရီးကဝေးတော့ ဈေးတော်ပေမယ့် မသယ်နိုင်ဘူးလေ"

"စိုင်းရေ. . . မမေက မသယ်နိုင်ဘူးသာ ပြောတယ် ပင်းတယမှာ ဝယ်ထားတာ တစ်ထုပ်ကြီး သိလား"

"ဟုတ်လား. . . ဘာတွေလဲ မဒီ"

"လက်ဖက်ခြောက်နဲ့ ခေါပုပ်တွေလေ၊ ပဲပုပ်စေ့လှော်တွေလည်း ပါရဲ့၊ အိမ်နီးချင်းတွေ ဝေမလို့တဲ့၊ မဒီတော့ မက်မုံသီးနဲ့ မုန်ညှင်းချဉ်၊ ကြက်သွန်ချဉ်တွေ ဝယ်မှာ"

"သမီးရယ်. . . လေးက လေးနဲ့ ရန်ကုန်ရောက်မှ ဝယ်စမ်းပါနော်၊ ကဲ. . . ကဲ အချိန်လင့်နေပြီ၊ ကားဆီ သွားရအောင် စ,ဆင်းကတည်းက ကိုးနာရီခွဲအတိ ပြန်ထွက်မယ်လို့ အားလုံးတို့ မှာထားတယ်ကွယ့်၊ မောင်စိုင်းရော. . . တောင်ကြီးကို ဘယ်အချိန် ပြန်မှာလဲ"

"အန်တီ့ကို ကျွန်တော် ခွင့်တောင်းပါရစေ၊ ခွင့်လည်း ပြုပါခင်ဗျာ"

"ဟင်. . . ဘာကိုလဲ"

"ကားအသင်းခေါင်းဆောင်နဲ့ ကျွန်တော် ဆွေးနွေးပြီးပါပြီ အန်တီ"





"ဟင်. . . ဘာများလဲ မောင်စိုင်း"

မမေက မဒီ့ကို ဖျတ်ကနဲ အသက်ဟန် ကြည့်တာမို့ မဒီ ခေါင်းအသာ ယမ်းပြလိုက်ရ၏။

စိုင်း ဘာကို ဆိုလိုမှန်းလည်း မဒီ တကယ် မသိပါ။

"ဒီလိုပါ အန်တီ၊ အန်တီတို့ ဘုရားဖူးကားက ဒီကနေပြီး တောင်ကြီးကို ခရီးဆက်မှာပါ"

"အင်းလေ. . . အဲဒီတော့. . ."

"တောင်ကြီးမှာ နှစ်ညဥ့်တည်းခိုမယ်လို့သိခဲ့ရပါတယ်၊ အင်းလေးဖောင်တော်ဦးနဲ့ မီးပုံးပျံပွဲတော်အတွက် တောင်ကြီးမှာ အက်တောင့်သက်သာ လည်ပတ်မှာမို့ အဲဒီနှစ်ရက်အတွက် အန်တီနဲ့ မဒီကို ကျွန်တော် သီးသန့်ဧည့်ဝတ်ပြုချင်လို့ပါ ခင်ဗျာ"

"အို. . . မဟုတ်တာ၊ မင်း ပင်ပန်းမှာပေါ့ကွယ်၊ အန်တီတို့ အားလုံးအဆင်ပြေပါတယ်၊ တည်းခိုစားသောက်ရေးလည်း စိတ်ချမ်းသာရပါတယ်"

"ဟုတ်တယ်. . . စိုင်း၊ ဒုက္ခမရှာပါနဲ့ မဒီတို့ အဆင်ပြေပါတယ်နော်"

"ကျွန်တော် ကားက ခေါင်းဆောင်နဲ့ ခွင့်ပြုညှိနှိုင်းပြီးပါပြီ အန်တီ၊ အန်တီတို့ဆန္ဒရှိရင် သွားနိုင်ပါတယ်တဲ့၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ညှော့ဝတ်ကျေချင်လို့ပါ အန်တီ၊ တောင်ကြီးရောက်ခိုက် ကျွန်တော်တာဝန်မကျေသလိုဖြစ်မှာစိုးလို့ပါ ခင်ဗျာ၊ ကျွန်တော့်စေတနာကို အသိအမှတ်ပြုတယ်ဆိုရင် မငြင်းစေချင်ဘူး အန်တီရာ၊ တောင်းပန်ပါရစေ ခင်ဗျာ၊ အန်တီတို့ လွတ်လွတ်လပ်လပ်တည်းခိုနိုင်အောင် ကျွန်တော် စီစဉ်ထားပြီးပါပြီ"

"ဪကွယ်. . ."

"စိုင်းရယ်. . . အပင်ပန်းခံလို့နော်"

မေမေရော မဒီပါ စိုင်း၏ အနူးအညွတ်တောင်းဆိုနေမှုကို အားနာသွားရစွာ နောက်ဆုံး လက်ခံလိုက်ရပါတော့၏။

ကားဆီရောက်တော့ စိုင်းကိုယ်တိုင် မဒီတို့ အဝတ်အိတ်တွေကို သယ်ပေးကာ အနီးကပ်ရပ်ထားသော ကားဆီ ယူသွားနေသဖြင့် မဒီ ကြည့်လိုက်တော့ ခဲရောင် ပါကျဲရိုးကားလေးမို့. . .

"စိုင်း"

"သူငယ်ချင်းကားပါ မဒီ၊ ခဏ ဆွဲသုံးထားတာလေ၊ မဒီတို့ကို သူငယ်ချင်းရဲ့ တည်းခိုခန်းမှာပဲ တည်းဖို့ စီစဉ်ထားတယ်"

"ဪ"



## အခန်း [ ၁၆ ]

အင်းလေးဖောင်တော်ဦး. . .

ကျယ်ပြန့်သောကန်ရေပြင်ကြီးကို ဖြတ်ကာ ခုတ်မောင်းနေသော လှေပဲ့ချိတ်ဦးပိုင်းဆီမှ ရေမှုန်တဖွေးဖွေးကို ကြည်နူးစွာ ကြည့်ရင်း မဒီက စကားစလိုက်၏။

"ကန်ကြီးက ကျယ်လိုက်တာနော် စိုင်း"

"ဟုတ်တယ်. . . မဒီ၊ ပတ်ပတ်လည် တောင်တွေဝိုင်းနေတဲ့ အင်လေးကန်ရဲ့အကျယ်က ၃-မိုင်ခွဲ၊ အရှည် ၉-မိုင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၉၁၅)ပေ ရှိတယ်လေ"

"ဟုတ်လား. . ဒီကန်ထဲက ရေတွေက ရေသောက်နိုင်လား ဟင် စိုင်း"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ဘူး မဒီ၊ ရေတွေက မြောက်ကနေ တောင်ဘက်ကို စီးနေတာ၊ ဒီကန်ထဲ စီးဝင်တဲ့ချောင်းငယ်အချို့လည်း ရှိတယ်၊ အထူးသဖြင့် အင်းလေးကန်ကို ဗဟိုပြုစီးဆင်းနေတဲ့ဘီလူးချောင်းက အထင်ရှားဆုံးပေါ့”

“အို. . . ဟုတ်လား၊ မဒီက ဘယ်ကိုမှ စီးဝင်စီးထွက်မှု မရှိတဲ့ ရေသေကန်ထင်နေတာ၊ ရေက နက်မှာပေါ့နော်. . . စိုင်း”

“အင်း. . . ရေအများဆုံး အောက်တိုဘာဝန်းကျင်လောက်မှာတော့ ပေ (၂၀)လောက် နက်ပြီး၊ အနည်းဆုံး မတ်လဧပြီလလောက်မှာတော့ (၁၂)ပေခန့် နက်တယ် မဒီ”

“ဪ. . . ဟုတ်လား၊ ရေက ကြည်လင်နေတာပဲ စိုင်းရယ်နော်၊ မေမေ . . . ကြည့်စမ်းပါဦး၊ ကျွန်းမျောစိုက်ခင်းတွေနဲ့ ကိုယ့်အိမ်ကိုယ့်ခြံဝင်းလေးတွေ ရေပေါ်မှာ အကွက်ကျလိုက်တာနော်”

မေမေက ထူးခြားဆန်းသစ်သော အင်းလေး၏အလှသဘာဝကို ရင်သပ်ရှုမော အံ့သြငေးကြည့်ရင်း. . .

“ဟုတ်တယ်. . သမီးရယ်၊ မေမေ ကြည့်နေတာ ကုန်းပေါ်မှာလိုပဲ၊ ခရမ်းချဉ်သီးစိုက်ခင်းတွေနဲ့ စားပင်သီးပင်တွေကောင်းလိုက်တာကွယ်”





“စိုင်းကို တစ်ခု မေးရဦးမယ်”

“ဘာများလဲ . . . မဒီ”

“အင်းသားတွေက ရှမ်းတိုင်းရင်းသားတွေပေါ့နော်”

“ကိုယ်လေ့လာထားတဲ့ ဗဟုသုတကို ပြောရမလား”

“ဟင်. . . ပြောလေ စိုင်း”

“ရှမ်းတိုင်းရင်းသားတွေက အင်းသားတွေကို မန့်နောင်လို့ ခေါ်ကြတယ်လေ”

“မန့်နောင်”

“ဟုတ်တယ်. . . မန့်ဆိုတာ မြန်မာကိုခေါ်တာ၊ နောင်ဆိုတာက ရေကန်ကိုခေါ်တာ၊ မန့်နောင်ဆိုတာ ရေကန်ထဲမှာနေထိုင်ကြတဲ့ မြန်မာများလို့ အဓိပ္ပာယ်ရတာပေါ့”

“ဟင်. . . ဒီလိုလား၊ ဒါဖြင့် မဒီ ကြားဖူးနားဝရှိထားတဲ့ ပါးစပ်ရာဇဝင်အရဆိုရင် အင်းသားတွေဟာ ထားဝယ်အဆက်အနွယ်တွေဆိုတာ. . .”

“အဲဒါနဲ့ပတ်သက်ပြီး အယူအဆတွေ ကွဲပြားနေတယ် မဒီ”

“ဟုတ်လား. . . ဘယ်လိုများလဲဟင်”

“ပထမအဆိုက စော်ဘွားဆီဆိုင်ဖလက်ထက် ယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



ကို အကြိမ်ကြိမ်သွားရောက်တိုက်ခိုက်ခဲ့ရာက ထားဝယ်နယ်မှ အိမ်ထောင်စု (၃၆)စု ညောင်ရွှေစောင်ဘွားထံ ခိုလှုံဝင်ရောက် လာခဲ့တာတဲ့၊ စော်ဘွားကြီးက ရွာတည်ထောင် နေထိုင်ခွင့်ပေးခဲ့ တယ်တဲ့၊ အဲဒီကတဆင့် ထားဝယ်အရပ်သားတွေ ရွာလေးရွာ ထူထောင် နေထိုင်ခဲ့လို့ အင်းလေးရွာလို့ခေါ်ပြီး၊ အင်းအတွင်း နေသူတွေကို အင်းသားလို့ ခေါ်ကြသတဲ့၊ တိုက်ဆိုင်တာကတော့ ထားဝယ်သားနဲ့ အင်းသားရဲ့စကားတွေ အတော်နီးစပ်ကြတာလို့ ပြောကြတယ် မဒီ”

“ဟုတ်လား. . . နောက်အဆိုတစ်ခုကရောဟင်”

“ဒုတိယအဆိုက ပုဂံသားတွေ လာရောက်အခြေချခဲ့ တာလို့ ဆိုကြတယ်၊ နရပတိစည်သူမင်း တိုင်းခန်းလှည့်လည်ရာ မှာ ပါလာတဲ့ ပုဂံသားတွေ အင်းလေးရွာကို စတင်တည်ထောင်ခဲ့ တာလို့ပဲ ပြောကြတယ်လေ”

“အဲဒီနှစ်ခု ဘယ်ဟာမှန်နိုင်မလဲဟင် စိုင်း”

မဒီ့အမေးကို စိုင်းက ပြုံး၍ ဖြေလိုက်၏။

“သမိုင်းပညာရှင်တွေက အင်းသားများဟာ ခရစ်နှစ် (၉)ရာစု နောက်ပိုင်းလောက်ကစပြီး မြန်မာနိုင်ငံထဲကို ဝင်ရောက် လာခဲ့ကြတဲ့ တိဘက်မြန်မာမျိုးနွယ် မြန်မာအစုဝင်များရယ်လို့





မှတ်ယူကြတယ်၊ မျိုးနွယ်မြန်မာအချို့ မြေပြန့်ကို လိုက်ပါမသွားကြ ဘဲ အင်းလေးဖက်ကို ရွှေ့ပြောင်းနေထိုင်ရာက အင်းသားရယ်လို့ ဖြစ်လာကြတာလို့ ဆိုထားပြန်တယ်”

စိုင်းစကားကြောင့် မဒီက. . .

“ဟောတော်. . . စိုင်းရယ်၊ အဆိုတွေက အမျိုးမျိုးပါ လားနော်”

မေမေက ပြုံး၍ပြောလိုက်၏။

“ဘာပဲဖြစ်ဖြစ် သမီးရယ်၊ မေမေတော့ အင်းသားတွေ ဟာ ထားဝယ်အဆက်အနွယ်တွေလို့ သိရကတည်းက ခင်နေပြီ စကားတွေ ပြောချင်နေပြီ အဟင်း. . .”

“ဟုတ်ကဲ့. . . ပြောပါ ဒေါ်ဒေါ်၊ အင်းသားတွေက လည်း အရမ်းကို ရိုးသားဖြူစင်ပြီး သဘောကောင်းသလောက် ခင်မင်ကူညီတတ်ကြပါတယ်”

ရေပြင်ပေါ်မှာ ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖောင်တော်ဦး ဘုရားကို လှမ်းမြင်ဖူးမြော်လိုက်ရချိန်မှာတော့ မေမေရော မဒီပါ ရင်ထဲ တလှပ်လှပ်ဖြစ်သွားရစွာ ကြည်နူးသဒ္ဓါစိတ် တဖွားဖွား ရှိသွားရတော့၏။ ရေချမ်း၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ဆီမီးအမွှေး နံ့သာတိုင်များ ကပ်လှူပူဇော်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



ရွှေသက်န်းများလည်း ဆက်ကပ်ရပါသည်။

စိုင်းက တတွက်တွက် ရှင်းလင်းပြောပြနေသဖြင့် ဘုရားသမိုင်းကိုလည်း,စုံစုံစေ့စေ့ သိခွင့်ရလိုက်ပါသည်။

သီတင်းကျွတ်လတွင် ရုပ်ပွားတော်ငါးဆူအနက် ဗုဒ္ဓရုပ်ပွားတော်လေးဆူကိုသာ ဒေသစာရီ ကြွချီအပူဇော်ခံပြီး ကျန်ရဟန္တာရုပ်တုတော်တစ်ဆူကို ကျောင်းစောင့်အဖြစ် စံကျောင်းတော်မှာသာ ကိန်းဝပ်စံပယ်တော်မူစေခဲ့လေသည်။

ရွှေသက်န်း ကပ်လှူပူဇော်ထားကြသော အလှူရှင်များ၏ စေတနာသဒ္ဓါထက်သန်မှုကို ဆင်းတုရုပ်ပွားတော်များဒုအားလုံး ရွှေတုံးရွှေခဲကြီးများသဖွယ် ကြည်ညိုဖူးမြော်ရခြင်းဖြင့် ဗုဒ္ဓဘာသာဝင်များ၏ဘာသာတရား ရှိသေကိုင်းရှိုင်းမှုကို ကြက်သီးထမျှကြည်နူးပီတိဖြာရပါဘိခြင်း။

ဘုရား၏အနောက်ဘက်ခြမ်းမှာတော့ စားသောက်ဖွယ်ရာ ဈေးတန်းများနှင့် စည်ကားလှသော ဈေးလည်းရှိရာ စိုင်းက ရှမ်းခေါက်ဆွဲ၊ ရှမ်းထမင်းချဉ်၊ တို့ဟူးကြော်နှင့် ရေဘဲကြော်များကို ကျွေးပါသည်။

စားသောက်ရင်း မေမေက အားနာဟန်ဖြင့်. . .

"မောင်စိုင်းခမ်းအောင်ကို အားနာတယ်ကွယ်၊ ဒေါ်ဒေါ်တို့ကြောင့် အလုပ်ပျက်နေပြီ ထင်ပါရဲ့"





"မပျက်ပါဘူး ဒေါ်ဒေါ်၊ အားမနာပါနဲ့ ကျွန်တော့်အလုပ်က ခဏလွှဲထားလို့ရပါတယ်၊ ဒေါ်ဒေါ်တို့ရောက်ခိုက် ဧည့်ဝတ်ပြုချင်လို့ပါ၊ တည်းရတာ အဆင်ပြေရဲ့လား မသိဘူးခင်ဗျ"

"အို. . . အဆင်ပြေလွန်းလို့ ပြောနေရသေးတယ်၊ ဟိုတယ်ဝန်ထမ်းတွေက လိုလေသေးမရှိအောင်ကို ဂရုစိုက်ကြပါတယ်၊ ကျေးဇူးပါပဲကွယ်"

"ရပါတယ် . . . ဒေါ်ဒေါ်၊ ဒီညနေအတွက် ညစာကို ကျွန်တော့အိမ်မှာကျွေးဖို့ စီစဉ်ထားပါတယ်"

"အိုကွယ်. . . ပင်ပန်းနေပြန်ပြီ"

"ကျွန်တော့်မိဘနဲ့လည်း မိတ်ဆက်ပေးချင်လို့ပါ ခင်ဗျ"

"ဪ. . . အင်း. . . အင်း၊ ကောင်းပါပြီကွယ်"

"ထမင်းစားသောက်ပြီးမှ ညဥ့်ကျရင် တောင်ကြီးတန်ဆောင်တိုင်ရဲ့ မီးပုံးပျံပွဲတော်ကို ကြည့်ကြတာပေါ့ ဒေါ်ဒေါ်"

"အင်း. . . အင်း"

ဖော်တော်ဦးဘုရားအောက်ရှိ ဈေးဆိုင်များမှာ အင်းလေးအမှတ်တရပစ္စည်းများကို ဝယ်ဖြစ်ကြ၏။

ချည်ထည်၊ ပိုးထည်များနှင့် ငွေထည်အသုံးအဆောင်များက ဆွဲဆောင်မှုရှိလှသဖြင့် အတော်များများဝယ်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များလည်း အင်းလေးထွက် ပစ္စည်းများကို မက်မောနှစ်သက်စွာ ဝယ်ယူနေကြတာကို တွေ့ရ၏။

အင်းသားများ၏ ထူးခြားဒေသာဓလေ့တစ်ခုဖြစ်သည့် ခြေထောက်ဖြင့် လှေလှော်သည့် ရိုးရာဓလေ့က ကမ္ဘာ့အံ့ဖွယ်ဟုပင် ခေါ်နိုင်တာမို့ နိုင်ငံခြားသားများ တကူးတက အထူးအဆန်းအဖြစ် လာရောက်လေ့လာနေတာကပင် ဂုဏ်ယူကြည်နူးစရာ ကောင်းလှပါသည်။

ကြောင်လိမ္မာများ ကွင်းထဲခုန်ပြသော ငါးဖယ်ချောင်းကျောင်းကိုလည်း ရောက်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော်၏ ပြောပြချက်အရ ထိုကျောင်း၏သက်တမ်းသည် မန္တလေးမြို့စတင်တည်ထောင်ခဲ့သည့် သက်တမ်းထက် ဆယ့်ငါးနှစ်ခန့် ပို၍ရှေးကျသည်ဟု သိခဲ့ရပါသည်။

ရှေးဟောင်းဗိသုကာလက်ရာ အပျောက်အပွန်းများဖြင့် ကျောင်းအဆောက်အဦကြီးက အလွန်ပင် မြန်မာဆန်သည့် အနုပညာလက်ရာမို့ အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ထားသည်မှာလည်း အင်းသားတို့၏ ဘာသာတရားကိုင်းရှိုင်းမှုကို ဖော်ပြနေသလိုပင်။





အင်းလေးမှအပြန် မေမေတစ်ယောက် တဖွဖွပြောမဆုံးတော့. . .

"တကယ် ခင်စရာကောင်းတဲ့ အင်းသားတွေပဲကွယ်၊ ဒေါ်ဒေါ်တို့ကိုလေ ထားဝယ်ကဆိုတာနဲ့ ငါတို့ဆွေမျိုးတွေပါလား ဆိုပြီး ဈေးဝယ်ရာမှာ မဆစ်ရတော့ဘူး၊ လျှော့ပေးကြတာ အဟင်း"

"ဟုတ်တယ်နော်. . . မေမေ၊ ဒါနဲ့ စိုင်းရေ အင်းလေးဒေသရဲ့ စီးပွားရေးလုပ်ငန်းက ဘာတွေလဲ ဟင်၊ မဒီသိတာက အဝတ်အထည်ရက်တဲ့ လုပ်ငန်းလောက်ပဲသိတာ"

"ဟုတ်တယ်. . . မဒီ၊ ရက်ကန်းလုပ်ငန်း၊ ကျွန်းမျောရေခြံလုပ်ငန်း၊ ရေတံငါလုပ်ငန်း၊ ငွေပန်းတိမ်နဲ့ ပန်းပဲလုပ်ငန်းတွေ လုပ်ကြတယ်"

"ဪ. . . ဟုတ်လား၊ ရက်ကန်းထည်တွေရဲ့ဒီဇိုင်းတွေတာ ဆန်းသစ်လှပမှုရှိအောင် တီထွင်ထားတာ သဘောကျစရာပဲ၊ ငွေထည်လုပ်ငန်းရောပေါ့၊ လက်ရာလေးတွေ အရမ်းလှတယ်နော်"

ဟိုတုယ်ပြန်ရောက်တော့ စိုင်းက. . .

"ကဲ. . . ဒေါ်ဒေါ်တို့ ခဏနားလိုက်ကြပါဦး၊ ညနေ ငါးနာရီလောက်မှာ ကျွန်တော် လာခေါ်ပါ့မယ်"

"ကောင်းပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက စည်ကားလှသော တောင်ကြီးမြို့၏ ညနေခင်း အလှကို ထုတ်ဖော်ချီးကျူးလိုက်သည်နှင့် စိုင်းက. . .

"ဟုတ်ကဲ့. . . တစ်နှစ်တစ်ခါ ကျင်းပတဲ့ တန်ဆောင်တိုင်ပွဲတော်ကို ဒေသခံတွေကလည်း အဝေးကလာပြီး ဆင်နွှဲကြတာပါ ဒေါ်ဒေါ်၊ မြန်မာပြည်အနှံ့အပြားက ဧည့်သည်တွေလည်း အတော်များများလာကြပါတယ်၊ နိုင်ငံခြားသားဧည့်သည်တွေလည်း ဒီရက်တွေဆို တကူးတကကို အရောက်လာတတ်ကြလို့ ညဉ့်ကျရင် မီးပုံပျံပြိုင်ပွဲကျင်းပတဲ့ကွင်းမှာ လူတွေဘယ်လောက်များသလဲဆိုတာ ဒေါ်ဒေါ်တွေ့ရမှာပါ"

"အင်း. . . တီဗွီမှာတော့ မြင်ဖူးပါရဲ့ကွယ်၊ မီးပုံးပျံပွဲတော်ဆိုတာ အမတန်ကို ကြီးကျယ်စည်ကားတာပဲလေ၊ ခုမှ ဘာတယ် လက်တွေ့မြင်ရတော့မယ်"

ဟိုတယ်နှင့် စိုင်းမိဘများနေသော အိမ်က သိပ်မဝေးလှသဖြင့် စိုင်းက ခြေကျင်ဖြင့် လာခေါ်ရင်း တောင်ကြီး၏စည်ကားသော ညနေခင်းအလှကို မဒီတို့သားအမိအား မြင်စေချင်တာလည်း ဖြစ်မည်။

စကားတပြောပြောနှင့် မကြာခင်မှာပင် စိုင်းက ခြံဝင်းတံခါးတစ်ခုရှေ့ ရောက်သော် ရပ်ကာ. . .



www.burmeseclassic.com

## အခန်း [ ၁၇ ]

ပွဲတော်ရက်မို့ တောင်ကြီးမြို့၏လမ်းမကြီးများမှာ လူတွေ စည်းကားနေလေသည်။

ခမ်းနားထည်ဝါသော စတိုးဆိုင်များ၊ မီနီမားကတ်များတွင်လည်း ကြိတ်ကြိတ်တိုး ဝယ်ယူနေကြသည်မှာ အားရစရာ။

လမ်းထောင့်မှာ၊ လမ်းဘေးတွေမှာ ရောင်းချသော နေကြာစေ့လှော်မွှေးမွှေးလေးကလည်း ဒယ်အိုးလှော်သံ တရှဲရှဲဖြင့် နေရာအနှံ့ ရှိနေကြ၏။ မုန့်လုံးအိမ်လေးတွေနှင့် လက်တွန်းလှည်း အကင်ဆိုင်များကလည်း ဆိုင်ကြီးတွေနှင့်အပြိုင် အသားကင်နံ့မွှေးမွှေးဖြင့် ဖိတ်ခေါ်နေသယောင်။

"စည်လိုက်တာနော်"

www.burmeseclassic.com



"ဒီအိမ်ပဲ ဒေါ်ဒေါ်၊ ကြွပါ၊ လာ. . . မဒီ"

ခြံဝ ဘဲလ်လေးတီးလိုက်သည်နှင့် တံခါးကြီးပွင့်သွားကာ အထဲမှာ သေသပ်လှပသော တစ်ထပ်တိုက်လေးတစ်လုံးကို တွေ့လိုက်ရလေသည်။

တိုက်ရှေ့မျက်နှာစာမှာတော့ အလှစိုက်ပန်းပင်များနှင့် စတီးဒန်းလှလှလေးတစ်ခုရှိကာ ဘေးတစ်ဖက်တစ်ချက်မှာ ကား ဂိုဒေါင်နှင့် ကစားကွင်းလေးတစ်ခု ရှိလေသည်။

ပေါ်တီကိုအောက်ရှိ ကြိမ်ဆက်တီပေါ်မှာ ထိုင်စောင့်နေဟန်တူသော စိုင်းမိဘနှစ်ပါးက မဒီတို့သားအမိကို ဝမ်းသာအယ်လဲ ကြိုဆိုဖိတ်ခေါ်ပါတော့၏။

စိုင်း၏ဖေဖေက. . .

"လာကြပါ. . . ကြွပါ၊ သားရဲ့ဧည့်သည်ဆိုလို့ ဝမ်းသာနေတာပါနော်"

စိုင်းမေမေကလည်း ခင်မင်ဖော်ရွေပြုံးဖြင့် မဒီကို ကြည့်ပြီးမှ . . .

"သမီးလေးက လှလိုက်တာ၊ ချစ်စရာလေးပါလား ထားဝယ်သူတွေ ချောတယ်ဆိုတာ မှန်နေပြီပေါ့"

"ကျေးဇူးတင်ပါတယ် အန်တီ"





"ဖေဖေနဲ့မေမေ ဒါ မဒီ့မေမေ ဒေါ်မေထားပါ၊ မဒီ့ နာမည်က ပို့မဒီပါ"

"အို. . . နာမည်လေးကလည်း ချစ်စရာလေးပဲ"

စိုင်း မေမေက မဒီ့ကို အရိပ်တကြည့်ကြည့်နှင့် သဘောကျမဆုံးတော့. . .

"ကဲ. . . ကဲ. . ဆာနေရောပေါ့၊ စားကြရအောင် ဟုတ်လား၊ အားလုံး အဆင်သင့်ပြင်ထားပြီးပြီ"

ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသော ထမင်းဝိုင်းက မွှေးပျံ့သော ရနံ့တို့ဖြင့် စားချင်စဖွယ်ပါ။

မဒီတို့ထမင်းစားခန်းထဲ ဝင်လိုက်သည်နှင့် အသင့်စောင့်နေသော အမျိုးသမီးကြီးနှစ်ယောက်က ခါးညွှတ်အရိုအသေပေးကာ လိုအပ်တာတွေလုပ်ကိုင်ပေးရန် မနီးမဝေးမှာ ရှိနေကြလေသည်။

စိုင်းက ဟင်းပွဲများကို သူ့မိဘပန်းကန်ထဲ ဦးချခပ်ထည့်ပေးလိုက်ပြီးမှ မေမေနှင့် မဒီ့ပန်းကန်ထဲ ထည့်ပေးကာ. . .

"အန်တီ မြိန်မြိန်လေး သုံးဆောင်ပါ ခင်ဗျာ၊ မဒီလည်း စားနော်"

"တောင်ကြီးမှာ ပျော်ရဲ့လား သမီး၊ ပွဲတော်ရက်ဖို့ လူတော့ တအားစည်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ပျော်ပါတယ် အန်တီ"

"မနက်ဖြန် ပြန်တော့မယ်ဆို"

စိုင်းဖေဖေက မေးသဖြင့် မေမေက. . .

"ဟုတ်ကဲ့. . . ဘုရားဖူးကားနဲ့ လာတာဆိုတော့ ခေါင်းဆောင်ရဲ့အစီအစဉ်အတိုင်းပါပဲရှင်"

"နောက်တစ်ခါ အေးအေးဆေးဆေး လည်ပတ်လို့ရအောင် သီးသန့်ထပ်လာပါဦးလား"

"အဟင်း. . . အခြေအနေပေးရင်တော့ လာပါမယ်၊ ခရီးက ဝေးတော့ ဘုရားဖူး တစ်ခါတစ်ခါထွက်ဖို့ အတော်လေးကြိုးစားရတာပါရှင်"

"ဟုတ်တာပေါ့. . . ကျွန်တော်တို့တောင်မှ ရန်ကုန်ထိပဲရောက်ဖူးသေးတာလေ၊ ဟိုဖက်လွန်ပြီး မော်လမြိုင်၊ ထားဝယ်မြိတ်၊ ကော့သောင်အထိတော့ တစ်ခေါက်လောက်တော့ ရောက်ဖူးချင်ပါတယ်ဗျာ"

"လာပါရှင်. . . ဘုရားဖူး အလည်လာကြပါလို့ ကျွန်မလည်း ဖိတ်ခေါ်ပါရစေ၊ ထားဝယ်မှာ တန်ခိုးကြီးဘုရားတွေအများကြီးရှိပါတယ်"

"အဟင်း. . . ဟင်း ညီမရေ၊ ရေစက်ရှိရင်တော့ ဆုံရဦးမှာပေါ့နော"





"ရှင်. . . ဟုတ်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့"

စိုင်းမေမေ၏စကားကြောင့် မေမေမှာ ရုတ်တရက် အိုးတိုးအန်းတမ်းလေးဖြစ်သွားရရှာ အလိုက်သင့် ဖြေလိုက်ရတော့၏။

စိုင်းဖေဖေက တစ်စုံတစ်ခုကို ခေါင်းတညိတ်ညိတ်တွေးနေဟန်ရှိရာမှ. . .

"ကျွန်တော်တို့က ဒီမှာ သိပ်မနေပါဘူး၊ ခြံထဲမှာပဲအေးအေးဆေးဆေး နေတာများတယ်လေ၊ ဒီအိမ်က သား စိတ်တိုင်းက ဆောက်ထားတဲ့အိမ်ပေါ့၊ သားအတွက်ပါပဲ၊ သူ့အလုပ်တလည်း ဒီမှာပဲ"

"ဖေဖေ အဲဒီဖက်က ဆလပ်ချောင်းကြော် ပန်းကန်လေးဒီဖက်ပို့ပေးပါဦး၊ ဒေါ်ဒေါ်တို့က အသီးအရွက် ကြိုက်ကြတယ်"

မုန်လာဥနီ ဆလပ်ချောင်းနှင့် ပန်းဂေါ်ဖီတို့ ရောကြော်ထားသော အစိမ်းကြော်က စားချင်စဖွယ်မို့ မေမေရော မဒီပါတကယ် နှစ်သက်ကြပါသည်။

စိုင်းက ဟင်းပန်းကန်များ ရွှေ့ပေးရင်း. . .

"ကျွန်တော်က သူငယ်ချင်းနဲ့စပ်တူ အလုပ်လုပ်တာပါဒေါ်ဒေါ်၊ သူက ငွေအား၊ ကျွန်တော်က လုပ်အားပေါ့၊ အားနာစားပါ၊ မဒီ. . . စားလေ၊ စားလို့ခံတွင်းတွေ့ရဲ့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်ကွယ်"

"စားကောင်းပါတယ် စိုင်းရယ်"

အလိုက်သင့်ဖြေရင်း မဒီ့စိတ်ထဲ တစ်မျိုးလေးတော့ ဖြစ်သွားရ၏။

အဘယ်ကြောင့်ဆိုသော် စိုင်းဖေဖေ ဦးခွန်နောင်၏ စကားကို စိုင်းက ရုတ်တရက် ဖြတ်လိုက်သလို ဝင်ပြောလိုက်ခြင်း မဟုတ်ပါလား။

ပို၍ ထူးခြားတာက စိုင်းဖေဖေ၏ စိုင်းကို လှမ်းကြည့်လိုက်သောမျက်ဝန်းမှာ နားမလည်ဟန်မျက်ဝန်းက အထင်အရှားမို့ မေမေရော မဒီပါ အကင်းပါးစွာ မြင်လိုက်ကြပါသည်။

စိုင်း တစ်ခုခုကို လျှို့ဝှက်ထားပုံရ၏။ ရိုးသားသော စိုင်း၏မိဘများက မေမေနှင့် မဒီ့ကို ရင်းနှီးခင်မင်စွာ ဖော်ရွေကြပါသည်။ ဒေါ်နန်းခမ်းက . . .

"စူဠာမဏိစေတီတော်ကို ဖူးပြီး၊ မီးပုံးပျံပွဲတော်ထိ အားပါးတရ ကြည့်သွားပါနော်"

ထမင်းစားပြီး ခဏနားကာ စိုင်းက ကားဂိုဒေါင်ထဲမှ ပါကဲ့ရိုကို မောင်းထုတ်လာသဖြင့် မေမေရော မဒီပါတစ်ယောက်ကိုတစ်ယောက် မသိမသာ ကြည့်မိကြရ၏။





သူငယ်ချင်းကားကို ငှားထားတာပါဟူသော စိုင်းမှာလည်း ကားဂိုဒေါင်နှင့် မဟုတ်ပါလား။

ကားရပ်နားရသော နေရာအထိ ကားဖြင့်စီးလာပြီးမှ စူဠာမဏိစေတီတော်ခြေရင်းမှ ဘုရားပေါ်တက်ရသည့်လမ်းတစ်လျှောက်လုံး လူပင်လယ်ပြင်ကြီးအဖြစ် လူအုပ်တွေကြိတ်ကြိတ်တိုးစည်ကားနေတာကို တွေ့ရပါတော့၏။

တောင်ကုန်းပေါ်မှ တန်ဆောင်မုန်းလပြည့်ညဦး၏ထိန်ထိန်သာနေသော လမင်းကြီးအောက်မှာ ဆလိုက်မီးမောင်းထိုးထားသည့် ရွှေရောင်ဝင်းလျှံထိန်ညီးစွာ သပ္ပာယ်ကြည်ညိုဖွယ်ရာ စူဠာမဏိစေတီတော်ကြီးကို ဖူးတွေ့ရပါသည်။

များပြားလှသောလူအုပ်ကြီးကလည်း လမ်းလုံးပြည့်စီးမျှောပျော်ရွှင်စွာ ဥဒဟို သွားနေကြသည်မှာ ကြည်နူးတက်ကြွနေကြလေသည်။

လမ်းတစ်ဖက်တစ်ချက်ရှိ ပွဲတော်ဈေးတန်းကြီးကလည်း ဆွဲဆောင်မှုရှိလှစွာ ကြိုဆိုဖိတ်ခေါ်နေကြ၏။

ရှမ်းလူငယ်များ၏ သံပြိုင်ညီညာအော်ဟစ်ကာ တိုင်အုပ်စုနှင့်ကိုယ် ရှေ့နောက်တန်းစီးပြီး တစ်ယောက်ပုခုံးပေါ်တစ်ယောက် လက်နှစ်ဖက် ဆန့်တန်းဆုပ်ကိုင်ကာ လူအုံမကွဲသွား



www.burmeseclassic.com

www.burmeseclassic.com



စေရန် 'ဟေ့. . . ဟေ့' 'ဟေ့. . . ဟေ့' ဟူသော တိုင်ပင်ကိုက်သံများကလည်း ဘေးဆိုင်တန်းများမှ ရှမ်းအိုးစည် ဗုံသံနှင့်အတူ စည်းဝါးကိုက်စွာ လျှောက်နေကြတာကိုလည်း ချစ်စရာလေးတစ်ခုအဖြစ် သဘောကျစွာ ငေးကြည့်မိရ၏။ စိုင်းက ပြုံး၍. . .

"လှူငယ်လေးတွေက တစ်နှစ်မှတစ်ခါ ပျော်ရတဲ့ပွဲဆိုတော့ အဝေးကြီးကလာပြီး ပါဝင်ဆင်နွှဲကြရတာလေ မဒီ"

"ဩော်. . . ဟုတ်လား၊ လှူအုပ်ကြီးတွေကများလွန်းတော့ လှူချင်းကွဲသွားမှာ ကြောက်ရတယ်နော် စိုင်း"

မဒီ တကယ်ပင် ထိုလှူအုပ်ကြီးနှင့်အတူ စေတီတော်ရင်ပြင်အထိ သွားရဖို့အရေးကို တွေးကာ စိုးရိမ်လာမိ၏။ မေမေကလည်း သဘောပေါက်ဟန်ဖြင့်. . .

"ဟုတ်တယ် သမီးရယ်၊ လှူချင်းသာကွဲသွားရင်တော့ မေမေ၊ ဘယ်မှ သွားတတ်မှာ မဟုတ်တော့ပါဘူးကွယ်"

"အဟင်း. . . မေမေကလည်း မဒီလည်း အတူတူပေါ့"

စိုင်းက မဒီတို့သားအမိကို ပြုံးကြည့်လိုက်ပြီးမှ. . .

"မစိုးရိမ်ပါနဲ့ ဒေါ်ဒေါ်၊ လာ. . . ကျွန်တော့်လက်ကိုတွဲပြီး လျှောက်ကြရအောင်"

"အင်း"





စိုင်းက အလယ်မှာနေပြီး မေမေနှင့် မဒီကို တစ်ဖက်တစ်ချက်စီတွဲကာ ကျွမ်းကျင်စွာပင် လှူအုပ်ကြီးထဲ ဝင်လိုက်တော့ ထိုလှူပင်လယ်ပင်ကြီးနှင့်အတူ မဒီတို့ ဘုရားပေါ် အထိ ချောချောမောမောလေးပင် ရောက်သွားကြပါတော့၏။

ရံဖန်ရံခါ နံဘေးမှလှူအုပ်တွေ မဒီကို ဝင်တိုးသောအခါ စိုင်းက မဒီ့ပုခုံးကို သိုင်းဖက်ကာတစ်မျိုး မေမေ့ပုခုံးကို သိုင်းဖက်ကာတစ်မျိုးဖြင့် ကာကွယ်ခေါ်ဆောင်တာမို့ အပေါ်ရောက်တော့မှ မေမေက. . .

"အင်း. . . တော်ပါသေးရဲ့ကွယ်၊ မေမေဖြင့် လှူအုပ်ကြီးတိုးလာတော့ ကြောက်သွားတာပဲ၊ လှူချင်းမတော်တဆ ကွဲသွားမလားလို့၊ ကျေးဇူးပါပဲ မောင်းစိုင်းရယ်"

စိုင်းက ပြုံး၍ မေမေ့ကို ပြောလိုက်ပုံက. . .

"ရပါတယ် မေမေ၊ ကျွန်တော်က မေမေတို့ လှူအုပ်ထဲ ညှပ်ပါမသွားအောင်လို့ပါ၊ ကဲ. . . ဘုရားပေါ်ရောက်ပြီ စိတ်အေးလက်အေးသာ ဘုရားဖူးပါတော့ဗျာ၊ ပြီးမှ မီးပုံးပျံလွှတ်တာကို တောင်ပေါ်ကနေပြီး ထိုင်ကြည့်ရအောင်"

စိုင်းက 'မေမေ' ဟု အတိအလင်း ခေါ်လိုက်သဖြင့် မေမေ့မျက်နှာတစ်ခုလုံး ပြုံးကျသွားရသလို မဒီက စိုင်းကို မှတ်



www.burmeseclassic.com

www.burmeseclassic.com



စောင်း မသိမသာ ဝဲလိုက်ပြီးမှ မသိသလိုနေလိုက်ရ၏။ မေမေ က. . .

"ဒီလိုလုပ်ရအောင်ကွယ်၊ ဘုရားက ကြည်ညိုစရာ သပ္ပာယ်လွန်းလို့ မေမေ ဘုရားရှိခိုး ပုတီးစိပ် တရားထိုင် လုပ်ချင်တယ်ကွယ်"

"ဟုတ်ကဲ့. . . မေမေ၊ လုပ်ပါ . . ခင်ဗျ၊ စောင့်ပါ့မယ်"

"တစ်နာရီလောက် အနည်းဆုံးကြာမှာဆိုတော့ သမီးက ရော"

"ဟင်. . . မဒီက အဲဒီလောက် အကြာကြီး"

မဒီ့စကားမဆုံးခင် စိုင်းကဝင်၍. . .

"ဒီလိုလုပ်ပါ မေမေ၊ မေမေ့ကို စောင့်ရင်း ကျွန်တော်နဲ့ မဒီ အပြင်ဖက်မှာ စကားပြောပြီး စောင့်ပါ့မယ်၊ တစ်နာရီကြာမှ မေမေ့ကို လာခေါ်မယ်၊ ဖြစ်မလား မေမေ"

"အင်း . . အင်း. . . ကောင်းတယ်၊ အဲဒီလိုပဲ လုပ်ရအောင်ကွယ်"

မေမေနှင့်အတူ ဘုရားဝတ်ပြုပြီး မဒီတို့နှစ်ယောက် ရင်ပြင်တော်အပြင်ဘက်ရှိ တောင်စောင်းထိပ်ကလေးမှာ အေး အေးဆေးဆေးထိုင်ကာ မဒီတို့ စောစောက တက်လာခဲ့သော





လမ်းတစ်ခုလုံးကို အပေါ်စီးမှ လှမ်းမြင်ရသောနေရာမှာ ထိုင်လိုက်ကြ၏။

မဒီတို့လိုပင် လူအတော်များများ တချို့ဆိုလျှင် ဖျာတွေ ခေါင်းအုံးတွေပါ ယူလာကြကာ တက်လာတော့မည့် မီးပုံးပျံ အလှအပများကို တစ်ဝကြီးကြည့်ရှုကြရန် အေးအေးဆေးဆေး ထိုင်ကာ ရေသန့်ဗူး၊ အချိုရည်ဗူး၊ မုန့်ထုပ်၊ အချဉ်ထုပ်များ စား သောက်ကာ ထိုင်စောင့်နေကြလေသည်။

စိုင်းက မဒီ့ဘေးမှာ အသာထိုင်ရင်း. . .

"မဒီ. . . ဟော ဟိုမှာ မြင်လား၊ မီးရောင်စုံထွန်းထားတဲ့ ကားကြီး ဝင်သွားတာ၊ နောက်အုပ်စုလိုက် မီးပုံးပျံလေးတွေ ကိုင် ထားတဲ့ ရှမ်းတိုင်းရင်းသားတွေလေ"

"အင်း. . . အင်း မြင်တယ် စိုင်း. . . အဲဒါ. . ."

"ပြိုင်ပွဲဝင်မယ့် မီးပုံးပျံအဖွဲ့ပေါ့ မဒီ၊ အိုးစည်ဗိုးပတ် သံချပ်တွေနဲ့ အတိုင်အဖောက်ညီညီ ကပြီး ပျော်နေကြတာ"

"ဟုတ်တယ်နော်"

အဝေးမှ လှမ်းမြင်ရတာမို့ သဲသဲကွဲကွဲတော့ မဟုတ်လှ သို့သော် ရင်ထဲမှာ ထိုမြင်နေရသော ရှုခင်းတွေကပင် ကြည်နူး ပျော်ရွှင်စရာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မဒီ"

"ဟင်"

တိုးတိုးလေးခေါ်ကာ စိုင်းက မဒီ့ပုခုံးကို သိုင်းဖက်လာတာမို့ မဒီ အလိုက်သင့်ပင် စိုင်း၏ပုခုံးစွန်းလေးမှာ ခေါင်းလေးနှဲ့မှီကာ နေလိုက်၏။

"ပျော်ရဲ့လားဟင် မဒီ"

"ပျော်ပါတယ် စိုင်းရယ်"

ကံကောင်းချင်တော့ မဒီတို့ ထိုင်နေသောနေရာက သစ်ပင်ငယ်လေးတစ်ပင်၏ လရောင်အရိပ်ကျသော နေရာလေးမို့ စိတ်လက်ချမ်းသာ လွတ်လပ်စွာပင် အခြားသောအတွဲများနည်းတူ တွက်ထိုးခွင့် ရှိနေရတော့၏။



## အခန်း [ ၁၈ ]

"ဟေး"

လူအုပ်ကြီး၏ပျော်ရွှင်စွာ အော်ဟစ်သံများကြောင့် မဒီမှာ စိုင်း၏ပုခုံးကို မှီထားရာမှ ဆတ်ကနဲ ဖြစ်သွားရ၏။

"ဟော. . . မဒီ၊ ဟိုမှာ မီးပုံးပျံကြီး တက်လာပြီ"

"ဟင်. . . အို လှလိုက်တာ စိုင်းရယ်"

"အင်း"

တကယ်ပင် တရွေ့ရွေ့တက်နေသော မီးပုံးကြီးက ရောင်စုံမီးအလှအပများ ချယ်သဆင်ပြင်ထားတာမို့ လှလိုက်ပါဘိခြင်း

မဒီက ရင်သပ်ရှုမော တအံ့တသြ ငေးကြည့်နေမိပြီးမှ စိုင်းကို ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကျယ်လိုက်တာနော်. . . မီးပုံးပျံကြီးဖြစ်အောင် အတော်ကြိုးစားပြင်ဆင်ရမှာပေါ့နော် စိုင်း"

"ဟုတ်တယ်. . . မဒီ၊ လူအား ငွေအား အများကြီး ထည့်ဝင်မြှုပ်နှံရတာပေါ့"

"ဟုတ်တယ်နော်. . . တန်ဖိုးကလည်း ကြီးမယ် ထင်ပါရဲ့၊ ဟော. . . ဟော ကြည့်စမ်း စိုင်း"

ပြောနေရင်းမှာပင် အပေါ်ရောက်သွားသော မီးပုံးပျံကြီးဆီမှ တိုင်ပင်ကိုက် ချိတ်ဆွဲထည့်ထားသည့် မီးရှူးမီးပန်းများမှ ရောင်စုံယှက်ဖြာလင်းလက်တောက်ပစွာ အဆက်မပြတ်ထွက်ကျဖြာထွက်နေပါတော့၏။

"အရမ်းလှတယ်နော်. . . စိုင်း"

"အင်း. . . တီထွင်သူတို့ရဲ့ စိတ်ကူးဉာဏ်စွမ်းတွေပေါ့ မဒီ၊ မြတ်စွာဘုရားကို ကြွမြန်းရာလမ်းတစ်လျှောက်တွေမှာ ဆီးမီးပူဇော်တဲ့ စေတနာသဒ္ဓါတရား ထက်သန်ပြည့်ဝလွန်းတဲ့ ဒါနကုသိုလ်လို့လည်း ဆိုနိုင်တာပေါ့"

"အင်း. . ဟုတ်တယ်နော် စိုင်း၊ ကြည့်စမ်းပါဦး၊ တဖြည်းဖြည်းတက်သွားတဲ့ မီးပုံးပျံကြီးရဲ့အလှဟာ ကြည့်မဝ ရှုမဝ လှလွန်းလို့ ဘာလုပ်အားဒါနမှမပါတဲ့ မဒီတို့တောင်မှ ရင်ထဲမှာ ကြည်ညို





ပီတိတွေ တဖွားဖွား ဖြစ်နေသေးတာ၊ တကယ် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှုပ်ရှားလုပ်ကိုင်ခဲ့ကြတဲ့ လူတွေဆိုရင် ဘယ်လောက်များ ကျေနပ်ကြည်နူးကြမလဲနော်"

"ဒါပေါ့. . . မဒီ၊ ပြိုင်ပွဲဝင်တယ်ဆိုပေမယ့် အဓိကဦးတည်တဲ့ ရည်ရွယ်ချက်က တန်ဆောင်မုန်းလပြည့်နေ့မှာ မြတ်စွာဘုရားကို ပူဇော်ကြည်ညိုတာပဲလေ"

"တိဗ္ဗတ်အစီအစဉ်တွေမှာ ဒီပွဲတော်အခမ်းအနားကို မြင်ဖူးပေမယ့် ခုလို ကိုယ်တိုင်ပါဝင်ဆင်နွှဲရတော့မှ ရင်ထဲမှာ အရမ်းကို ကြည်နူးတာပဲ စိုင်းရယ်"

"ဒါဖြင့်. . မဒီ ပြောချင်တာက တောင်ကြီးကို လာရကျိုးနပ်တာပေါ့ ဟုတ်လား"

"အင်းပေါ့ . . . လာခဲ့တာ အရမ်းတန်တာပေါ့ စိုင်းရယ်၊ တန်ခိုးကြီးဘုရားတွေ ဖူးရတယ်၊ ခုလို ဗဟုသုတတွေလည်း မြင်တွေ့ရတယ်၊ ကိုယ်မရောက်ဘူးတဲ့ဒေသရဲ့ ပတ်ဝန်းကျင်နဲ့ ရိုးရာ ဓလေ့စရိုက်တွေကို လေ့လာခွင့်ရတယ်၊ ဟိုဖက်ဆာနဲ့ မတူတဲ့ သဘာဝရေမြေတွေရဲ့ အလှအပတွေဟာ တကယ့်ကို ဆွဲဆောင်မှုတွေရှိနေတယ်လေ၊ အထူးသဖြင့် တောင်စောင်းတောင်ကြားနဲ့ မြေပြန့်တွေမှာ စိုက်ထားတဲ့ စိုက်ခင်းတွေဟာ တကယ့်ကိုကတ္တီပါ



www.burmeseclassic.com

www.burmeseclassic.com



ကော်ဇောကြီးတစ်ချပ် ခင်းထားသလို အရှမ်းလှတာ စိုင်းရယ်"

"အဟင်း. . . မဒီ ပြောတာနဲ့တင် ကိုယ်တောင် မြောက်ကြွကြွ ဖြစ်ချင်သွားပြီကွာ"

စိုင်းစကားကြောင့် မဒီ သဘောကျစွာ ရယ်မိပါတော့၏။

ရိုးသားဖြောင့်မတ်တည်ကြည်သော ချစ်သူကိုလည်း မဒီပို၍ ကရုဏာမေတ္တာတွေ များစွာ ဖြစ်ထွန်းမိရ၏။

"မဒီ"

"ဟင်"

"ဒါဖြင့် မဒီ ရှမ်းပြည်ကို နှစ်သက်သဘောကျတာပေါ့နော်"

"အင်း"

"မပြန်ပါနဲ့တော့လားဟင်"

"ဟင်"

မဒီ စိုင်းကို ထိတ်ကနဲကြည့်မိတော့ စိုင်းက အလေးအနက်ပြုံး၍ မဒီ့ပုခုံးကို အားမလိုအားမရ ဆုပ်ညှစ်လိုက်ပြီးမှ ပြော၏။

"တကယ်ပြောချင်နေတာက. . . အဟင်း ကိုယ် တကယ်ဘာလုပ်ချင်သဲ သိလား မဒီ"

"ဟင်"





"မဒီ့ကို မလွှတ်တမ်း ပွေ့ထားပြီး မဒီ့မေမေကို ဒေါ်ဒေါ်ကျေးဇူးပြုပြီး မဒီ့ကို ထားခဲ့ပါလားဗျာလို့ အနူးအညွတ်ခွင့်တောင်းချင်နေတယ်ကွာ"

"အို. . . စိုင်း၊ အဲဒီလို ဘယ်ဖြစ်ပါ့မလဲလို့"

မဒီ လှုပ်လှုပ်ရှားရှားဖြစ်သွားတော့ စိုင်းက မချိုပြုံးလေးဖြင့်. . .

"အင်းပါ. . . မဒီရာ၊ ကိုယ်နားလည်ပါတယ်၊ ကိုယ် ပြောချင်နေတာက ရင်ထဲက ပြင်းပြလွန်းတဲ့ဆန္ဒကိုပါ၊ ချစ်ရတဲ့ မဒီ့ကို ကိုယ်အမြန်ဆုံးပဲ ပိုင်ဆိုင်ခွင့်ရချင်လို့ပါကွာ"

"စိုင်းရယ်"

ခုလိုဆိုတော့လည်း မဒီ့မှာ ရင်ထဲ လှိုက်ကနဲနေခဲ့အောင် စိုင်းကို သနားသွားရပြန်၏။

ဖေဖေ့မျက်နှာကို ကွက်ကနဲမြင်ယောင်မိကာ ရင်ထဲအလိုလို မွန်းကြပ်လာရသလိုပင်။

"မဒီ စိတ်ညစ်သွားသလား ချစ်ရာ"

"အဟင်း"

တကယ်ပင် မဒီ မချိုပြုံးလေးပင် အနိုင်နိုင်ပြုံးမိရတော့၏ ပြီးမှ. . . စိုင်းကို ပြောနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိုင်းရယ် ဖေဖေနဲ့မေမေတို့မှာ သားသမီးတွေအများကြီး ရှိနေရင် သိပ်ကောင်းမှာပဲ"

"ဟင်"

"သားသမီးတွေများရင် မဒီတစ်ယောက် မိဘစကား နားမထောင်ဘဲ စိတ်ထင်ရာလုပ်သွားတယ်ပဲထား၊ ကျန် သားသမီးတွေရှိသေးတော့ မိဘဆန္ဒကို တစ်ယောက်မဟုတ်တစ်ယောက်က ဖြည့်ဆည်းနိုင်မယ် မဟုတ်လား၊ ခုတော့ ရှိတာကမှ မဒီတစ်ယောက်တည်းပဲဆိုတော့ ဖေဖေတို့အတွက် ဖြစ်စေချင်တဲ့ ဆန္ဒတွေမှန်သမျှ မဒီ့အပေါ် လုံးလုံးပုံကျနေတာလေ၊ စိုင်းကို ရင်နဲ့မဆန့်အောင် အသက်နဲ့အမျှ ချစ်ရပေမယ့် မိဘ စိတ်မချမ်းမသာဖြစ်မှာကိုလည်း မဒီ စိုးလှပါတယ် စိုင်းရယ်၊ ဖေဖေက စိုင်းကို မဖြစ်နိုင်တဲ့အနေအထားတွေနဲ့ စိတ်ပျက်သွားအောင်ပြောလိုက်ပေမယ့် စိတ်မပျက်ပါနဲ့ စိုင်းရယ်နော်၊ မဒီတို့မှာ ရင်ထဲက ခိုင်မြဲတဲ့ သစ္စာတရားတွေ ရှိပြီးသားမို့ လွဲနိုင်စရာအကြောင်း မရှိပါဘူး အချိန်ကာလတစ်ခုအထိပဲ မဒီတို့ စိတ်ရှည်ရှည်နဲ့ စောင့်ရအောင်ပါ နော်. . . စိုင်း"

မဒီ့စကားကို ငြိမ်သက်စွာ နားထောင်ရင်း စိုင်းက မဒီ့ကို ပို၍ တင်းကြပ်စွာ ထွေးဖက်ထားလိုက်ကာ မဒီ့နား အနားကပ်၍ တိုးတိုးလေး ပြောလိုက်လေသည်။





"ကိုယ့်ချစ်သူက စကားပြော လိမ္မာတယ်ကွာ၊ မဒီ ပြောတာ နည်းလမ်းကျပါတယ်၊ ကိုယ် လက်ခံပါတယ်၊ မဒီ့ကြောင့် မဒီ့မိဘတွေ မျက်နှာမငယ်စေချင်ဘူး ဟုတ်လား"

"စိုင်း"

"အဟင်း. . . မဒီ့ဖေဖေ ပြောတဲ့ အခြေအနေထိ မရှိပေမယ့် ကိုယ် မဒီ့ကို ချစ်တဲ့အချစ်ဟာ ဘာနဲ့မှတိုင်းတာလို့ မရနိုင်ပါဘူးကွာ"

"သိပါတယ် စိုင်းရယ်၊ မဒီလေ စိုင်းကို အားလည်းနာတယ်၊ ပြီးတော့ သနားတယ်"

"ဘာကိုလဲ"

"ဖေဖေ့စကားတွေကြောင့် စိုင်း အားငယ်သွားမလားဆိုပြီးပေါ့"

"အဟင်း. . . အားမငယ်ပါဘူးကွာ၊ ကိုယ် နားလည်ပါတယ်"

"ဟင်"

"မိဘတိုင်းဟာ ကိုယ့်သားသမီးတွေအပေါ် သူတတာထက် အသာဆုံးအကောင်းဆုံး ဖြစ်စေချင်တဲ့ စေတနာမေတ္တာတွေ မဟုတ်လားကွာ၊ မဒီ့ဖေဖေဆို ပိုဆိုးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘယ်လို စိုင်း"

"သူ့သမီးကို သူ သိပ်ချစ်ပုံရတယ်နော်"

"ဟုတ်တယ်. . . မဒီက ဖေဖေ့အသက်ဗူးပါပဲတဲ့လေ မေမေ ပြောတာ"

"သူ အရမ်းချစ်တဲ့ သမီးကို အစစပြည့်စုံနေအောင် ထားနိုင်တဲ့ ဖခင်တစ်ယောက်ရဲ့မေတ္တာထဲမှာ သူ့ထက်မသာနိုင်တောင်မှ သူ့လိုထားနိုင်မယ့် ဘဝလက်တွဲဖော်နဲ့မှ ဖြစ်နိုင်မယ်လို့ အတိအကျ ဆုံးဖြတ်ထားပုံရတယ်"

"ဟုတ်တယ်. . . စိုင်းရယ်၊ အဲဒီအတိုင်းပါပဲလေ၊ ဖေဖေ့ကို ခုလို နားလည်ပေးတဲ့အတွက် ကျေးဇူးပါပဲ စိုင်းရယ် နော်"

"သိပ် နားလည်တာပေါ့ မဒီရာ၊ ဘာလို့လဲ သိလား"

"ဟင်"

"ကိုယ်ကလည်း မဒီကို သိပ်ချစ်နေမိတာကိုး"

"စိုင်းရယ်"

မဒီရင်ထဲ လှိုက်ကနဲ ဝမ်းသာဝမ်းနည်းဖြစ်သွားရစွာ စိုင်း၏ ပုခုံးစွန်းလေးမှာ မှေးမှီထားသော ခေါင်းလေးကို စိုင်း၏ရင်ခွင်ထဲ အထိ တိုးဝင်မှီခိုမိရကာ မျက်လုံးကို စုံမှိတ်ထားမိပါတော့၏။

စိုင်းကလည်း မဒီပုခုံးကို ပို၍တင်းကြပ်စွာ ထွေးဖက်ထားကာ မဒီခေါင်းလေးကို ပါးနှင့် အသာအပ်ထားလိုက်ပြီးမှ. . .





"ကိုယ်ယုံနေတယ် မဒီ"

"အင်း"

"ကိုယ့်မှာ ဘာမှ မရှိလည်း မဒီ ကိုယ့်ကိုချစ်နေမှာပဲ မဟုတ်လား"

ခေါင်းလေးသာ တဆတ်ဆတ် ညိတ်ပြလိုက်မိပါတော့၏။

"တစ်ခုတော့ ရှိတာပေါ့ကွာ"

"ဟင်. . . ဘာများလဲ စိုင်းရယ်"

"တကယ်လို့. . ."

စိုင်းက ဆက်မပြောတော့ဘဲ ရပ်နေသဖြင့် မဒီ ဆတ်ကနဲ စိုင်းရင်ခွင်မှ ခွာကာ. . .

"ဘာလဲဟင်. . . စိုင်း"

စိုင်းက မဒီလက်ကို ဆုပ်ကိုင်ထားလိုက်ပြီးမှ ယဲ့ယဲ့လေး ပြုံးကာ ပြောတော့၏။

"တကယ်လို့ ကိုယ့်ထက် အစစအရာရာသာတဲ့ တစ်စုံတစ်ယောက် ပေါ်လာခဲ့ရင်တော့. . ."

"အို. . . စိုင်း"

စိုင်း၏နှုတ်ခမ်းကို မဒီ အလန့်တကြား လက်ချောင်းလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်မိတာ မျက်စိမျက်နှာ ပျက်သွားရရှာ ခေါင်းခါပြလိုက်မိတော့၏။

ညီ့ကိုလည်း ဖျတ်ကနဲမြင်ယောင်မိပြန်တာမို့ ရုတ်ခြည်းပင် မဒီ့မျက်နှာတစ်ခုလုံး တင်းသွားရကာ. . .

"ဟင့်အင်း. . . စိုင်း၊ ဘာပဲဖြစ်ဖြစ် သိလား၊ မဒီ့အတွက် စိုင်းတစ်ယောက်တည်းပဲ ရှိတာပါနော်၊ အတင်းအကြပ်ကြီး ဖြစ်လာခဲ့ရင်လည်းပဲ မဒီလေ စိုင်းဆီရောက်အောင် ပြေးလာခဲ့မှာပါ၊ စိုင်းကိုပဲ မဒီ ချစ်တယ်"

"ချစ်ရာ"

မဒီ့စကားကြောင့် စိုင်းမှာ ရုတ်တရက် ဝမ်းသာသွားရရှာ မဒီ့ကို ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားလိုက်ပါတော့၏။



## အခန်း [ ၁၉ ]

"ရှင်. . . ဖေဖေ"

"ဟင်. . . ဘယ်လို ကိုနေ"

ဖေဖေ့စကားကြောင့် မေမေရော၊ မဒီပါ အံ့သြထိတ်လန့်သွားရရှာ လှုပ်လှုပ်ရှားရှား ရှိသွားရသလောက် ဖေဖေက အေးအေးဆေးဆေးပင်. . .

လက်ဖက်အစားမပျက် ပြောလိုက်၏။

"ဟုတ်တယ်. . . သမီး၊ မောင်ညီမင်းခန့်ရဲ့ ကမ်းလှမ်းချက်ကို ဖေဖေ လက်ခံလိုက်ပြီ"

"အို"



www.burmeseclassic.com

www.burmeseclassic.com



မဒီမျက်နှာတစ်ခုလုံး ဖွေးကနဲဖြူသွားရကာ မေမေ့ကို အငိုမျက်ဝန်းများဖြင့် စစ်ကူတောင်းဟန် ကြည့်မိရတော့၏။

မေမေကလည်း မဒီ့ကို ကရုဏာသက်ဟန်ကြည့်လိုက်ပြီးမှ ခေါင်းမသိမသာယမ်းကာ ဖေဖေ့ကို ပြောလိုက်လေသည်။

"ကိုနေရယ်. . . ရှင် ဘယ်လိုလုပ်လိုက်တာလဲဟင်"

"ဘာကိုလဲ . . . မေထား၊ မင်းဘာကိုဆိုလိုတာလဲ"

ဖေဖေ့အနေအထားက အမြဲတမ်းလိုလို ကိုယ်မှန်တယ်ထင်တာကို ဇွတ်လုပ်တတ်သလို ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုရှိသူပီပီ ယခုကိစ္စမှာ လုံးဝအမှားအယွင်းမရှိဟု ခံယူထားပုံရ၏။

မေမေက စိတ်မသက်မသာရှိလှဟန် သက်ပြင်းလေးချရင်း. . .

"သမီးရဲ့အိမ်ထောင်ရေးကိစ္စမှာ သမီးဆန္ဒကို အရင်ဆုံး မမေးသင့်ဘူးလား ရှင်"

မဒီ ခေါင်းငုံ့ထားမိကာ ငိုချင်စိတ်တွေက အလိပ်လိပ်တက်လာနေရ၏။

ကိုယ့်အဖေအကြောင်း ကိုယ်သိတာမို့ စိတ်မထင်လျှင် ဖေဖေ ခုနစ်သံချီကာ အော်ကြီးဟစ်ကျယ် ကြိမ်းမောင်းဟိန်းဟောက်လာမှာကိုလည်း စိုးရိမ်နေမိ၏။





"ဘာမေးစရာလိုလို့လဲကွ၊ ဒါ သမီးအတွက် ကောင်းအောင် စီစဉ်ပေးတဲ့ကိစ္စပဲ၊ မင်းဘာနားလည်လို့လဲ၊ မောင်ညီမင့်းခန့်လို လူကို သမီးရတာ အရမ်းကံကောင်းတယ်မှတ်"

"ဖေဖေ"

မဒီ မနေသာတော့။

မရဲ့မရဲလေး ခေါ်တာကို ဖေဖေက ရှုတည်တည်ကြီး စိုက်ကြည့်လာကာ. . .

"ဘာလဲ. . . သမီး. . . ပြော"

"သမီး. . . ညီ့ကို မယူနိုင်ပါဘူး ဖေဖေရယ်"

"ဘာ"

ဟိန်းထွက်လာသော ဖေဖေ့အသံကြောင့် မဒီ ဆတ်ကနဲ တုန်သွားရသလို မေမေက. . .

"ကိုနေ. . . တိုးတိုး၊ ပတ်ဝန်းကျင် ကြားမယ်၊ တိုးတိုး သာသာ ပြောစမ်းပါ ရှင်"

မေမေ့စကားကြောင့် ဖေဖေက မဲ့တဲ့တဲ့လေး ပြုံးလိုက်တာ. .

"အဟွန်း. . . ကြားလည်း ကြားပေ့ါကွာ၊ ငါကလက်နဲ့ ရေးထားတဲ့ကိစ္စကို ခြေနဲ့ဖျက်မယ် မကြံနဲ့၊ အားလုံးနိုက္ခများသွား



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မင်းတို့က ဘာနားလည်လို့လဲ၊ ငါနားလည်လို့ စီမံတဲ့ကိစ္စကို အသာတကြည် လက်ခံကြစမ်း၊ ဘုမသိဘမသိ ငြင်းဖို့ချည်း စဉ်းစားမနေနဲ့"

"တကယ်ပေါင်းသင်းရမှာက ရှင်လား. . . သမီးလားကိုနေရဲ့"

"ဒါ မင်းပြောမှလား၊ မိဘက ကိုယ့်သမီးကို ဆင်စီး မြင်းရံစေချင်တဲ့ စေတနာနဲ့ စီစဉ်တာကွ"

"သမီး စိတ်ဆင်းရဲပါစေပေါ့နော်"

"တော်စမ်း. . မေထား၊ ဘာမှစိတ်ဆင်းရဲစရာအကြောင်း မရှိဘူး သိလား၊ မင်းသမီးကို ညီမင်းခန့်က ဖူးဖူးမှုတ်ထားမှာ၊ လိုလေသေးမရှိ ပြည့်စုံစေမှာ သိလား"

"ဩော်. . . ဟုတ်လား၊ ကျွန်မတို့သမီးက မပြည့်မစုံဘဝနဲ့ ဆင်းဆင်းရဲရဲ နေနေရလို့လား ကိုနေရယ် ဟင်"

"အေးလေ. . . ဒီထက် ချမ်းသာအောင်နေရမှာမို့လို့ပေါ့ကွ၊ ညီမင်းခန့်ရဲ့ တင်တောင်းကြေးတွေက ဘယ်တုန်းကမှ ငါတို့မြို့မှာ မရှိဘူးခဲ့တဲ့ အတိုင်းအတာပမာဏတွေကွ၊ မင်းနားထောင်နေ တစ်မြို့လုံး အုတ်အော်သောင်းနင်းကြီးကို လုပ်သွားစေရမယ်"

"ရှင်"





မဒီ စိတ်ပျက်စွာ မျက်လုံးမှိတ်လိုက်မိတော့ မျက်ရည်တွေ လိမ့်ကနဲ ကျလာရတော့၏။

မေမေ့ကို ဖေဖေက မစားရဝခမန်း အားရကျေနပ်လေသံကြီးဖြင့်. . .

"တိုက်အသစ်စက်စက်ကြီးက တစ်လုံး၊ ကားကတစ်စီး၊ ငွေသားသိန်းနှစ်ရာနဲ့ လက်ဝတ်ရတနာတွေကလည်း စိန်၊ မြ၊ ပုလဲ၊ နီလာ တစ်ဆင်စာဆီတဲ့ကွ၊ ကဲ. . . မင်းကြားဖူးလား၊ ငါတောင်မှကွာ၊ ကိုယ့်နားတောင် ကိုယ်မယုံချင်ဘူး သိလား၊ ဒီကောင့်မှာ အဲသလောက်အထိ ကြီးပွားချမ်းသာနေမှန်း တကယ်ကို မထင်ဘူးကွာ"

မဒီ အင့်ကနဲ ရှိုက်သံဖြင့် ဖေဖေ့ကို ပြောလိုက်မိတော့၏။

"ဖေဖေ. . . သမီး တောင်းပန်ပါတယ်နော်"

"ဟင်. . . ဘာကိုလဲ"

"သမီးမှာ ချစ်သူရှိလို့ပါ ဖေဖေရယ်၊ ညီ့ကို သမီးနားလည်အောင် ရှင်းပြပါရစေနော် ဖေဖေ"

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ဘာကိုရှင်းပြမှာလဲ၊ မေမေတို့က ရက်တောင် အကြမ်းဖျင်း သတ်မှတ်ပြီးနေပြီ သမီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ရှေ့လမှာ စေ့စပ်မယ်၊ နောက်တစ်လအကြာမှာ လက်ထပ်မယ်၊ စေ့စပ်မင်္ဂလာနဲ့ လက်ထပ်မင်္ဂလာနှစ်ခုစလုံးကို အခမ်းနားဆုံး အကြီးကျယ်ဆုံးဖြစ်အောင် စီစဉ်မယ်"

"အို"

မဒီ ငိုပါလေပြီ။

အမြန်ဆုံးထွက်ပြေးလာမိကာ အိပ်ခန်းရောက်တော့မှ ကုတင်ပေါ် ဝမ်းလျားမှောက် မဒီ ရှိုက်ကြီးတငင် ငိုမိပါတော့၏။

ကျန်ခဲ့သော မိဘနှစ်ပါးက အခြေအတင် ပြောဆိုနေကြလေသည်။ ဒေါ်မေထားက ခေါင်းတွင်တွင်ယမ်းကာ . . .

"ကိုနေ . . . ဒီလို ဇွတ်ကြီးမလုပ်သင့်ပါဘူး"

"ဘာကွ . . . သမီးကညာ အံ့ခါမလင့်စေနဲ့တဲ့၊ မင်းမကြားဖူးဘူးလား၊ တော်ကြာမှ ဘာမဟုတ်တဲ့ကောင်နဲ့ ညားသွားရင် သွားပြီ"

"သူ့ကောင်လေးက ရည်ရည်မွန်မွန်လေးပါရှင်"

"အဲဒီ ရည်မွန်တာက စားလို့မရဘူးကွ၊ လောကမှာ ရည်မွန်ရိုးသားတာက အဓိကလား၊ စားဝတ်နေရေး အဆင့်အတန်း မြင့်မြင့်နေနိုင်ရေးက အဓိကလား"





"ကိုနေရယ် ကောင်လေးမှာလည်း အခြေအနေလေးနဲ့ပါရှင်"

"အခြေအနေ . . . ဘာအခြေအနေလဲ"

"ဟို"

"ညီမင်းခန့်ထက် သာ်ပုံရှိလို့လား"

"ဒါကတော့ . . . ရှင်၊ ကျွန်မ . . ."

"တော်တော့ မေထား၊ ညီမင်းခန့်ထက်တော့ ဘယ်လိုမှ မသာနိုင်ဘူး . . . သေချာတယ်"

"ကိုနေ . . . သမီးစိတ်ချမ်းသာရေးအတွက် ရှင်နည်းနည်းလေးမှ မစဉ်းစားပေးချင်ဘူးလားဟင်"

ဒေါ်မေထားက ငြိုးတွားသံလေးဖြင့် မေးလိုက်တော့ ဦးတက်နေထွန်းက မျက်လုံးကြီးပြူး မျက်ခုံးကြီး မြင့်သွားရပြီးမှ . . .

"ဟာ . . မေထားရာ၊ ငါက သမီးအတွက် အဓိက စဉ်းစားပေးချင်လို့ ဒီလိုစီစဉ်တာပေါ့ကွ၊ မင်းကွာ ဒုံးမဝေးစမ်းပါနဲ့ ကလေးက ဘာနားလည်မှာလဲ၊ ချစ်တာတစ်ခုတည်းနဲ့ ဘာမှ မပြည့်စုံနိုင်ဘူးဆိုတာ မျက်ကန်းတစ္ဆေမကြောက် အချစ်ကို ဦးစားပေးပြီး ဒုက္ခဖြစ်နေရင် အားလုံးအကျိုးနည်းပြီ၊ လောလောဆယ် စိတ်ညစ်မယ်၊ စိတ်ဆင်းရဲမယ်၊ ဒါပေမယ့် ညီမင်းခန့်က သမီးကို သိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



တာကွ၊ သူချစ်ကို ရှာရတယ်ဆို ငါ့ကိုကွာ ကတိတွေ အထပ်ထပ်ပေးရှာတာ၊ မဒီ့ကို စိတ်ချမ်းသာအောင်ထားပါ့မယ်ထဲ့လေ၊ သူကြိုးစားရှာဖွေထားခဲ့သမျှ စည်းစိမ်တွေအားလုံးဟာ မဒီ့အတွက်ရည်ရွယ်ထားတာပါတဲ့ကွာ၊ ဒီလို အရည်အချင်းရှိတဲ့ သမက် မင်းဘယ်မှာသွားရှာမလဲ၊ သမီးသာ နေရာကျသွားရင် ငါလည်းရင်အေးပြီ မေထား၊ မင်း မပေါ့နဲ့နော်"

"ဘာကိုလဲ . . . ရှင်"

"ဟိုသူငယ်နဲ့ အဆက်အသွယ်လုပ်ပြီး ငါ့အစီအစဉ်တွေကမောက်ကမဖြစ်အောင် မလုပ်စေနဲ့ကွ"

"ကျွန်မ စိတ်ညစ်တယ်ရှင်"

"ဟင် . . . ဘာ"

"သမီးကလည်း မိဘစကား တစ်သက်လုံး နားထောင်လာတဲ့သမီးဆိုတာ ရှင် . . . သိပါတယ်"

"အေးလေ . . . နားထောင်ရမှာပေါ့၊ သူ့ကိုကောင်းအောင်ပဲ ဖြည့်ဆည်းဖန်တီးပေးနေတဲ့ မိဘရဲ့စေတနာတွေကိုသူ နားလည်ရမှာပေါ့ကွ"

"အခုကိစ္စက သမီး စိတ်ချမ်းသာသလိုပဲ ရွေးချယ်ပါစေလား ကိုနေရယ်"





"မေထား"

"ကျွန်မ တောင်းပန်ပါတယ်၊ သမီး အခု စိတ်ဆင်းရဲနေရှာပြီလေ၊ ပစ္စည်းဥစ္စာဆိုတာ အထိုက်အလျောက်လေးရှိရင်တော်ပြီပေါ့ရှင်၊ ဟိုသူငယ်ကလည်း ဆင်းဆင်းရဲရဲထဲက မဟုတ်ပါဘူး ကိုနေရယ်၊ လူတန်းစေ့အောင် သမီးကို ထားနိုင်မှာပါ"

"မင်း စကားဆုံးပြီလား မေထား"

"ဟင်"

"ငါဆိုတဲ့ကောင်က စကားကို နှစ်ခွန်းမပြောတတ်ဘူးဆိုတာ မင်းသိတယ်နော်"

"ကိုနေ"

"အစကတည်းက ငါ ရှင်းရှင်းလင်းလင်းပြောထားပြီးပြီပဲဘယ်လောက်နဲ့ လာတင်တောင်းလှည့်ပါလို့ သူမှာ မရှိလို့ မလာနိုင်တာ၊ ငါ့တာဝန် ကုန်ပြီ၊ မင်းပြောတဲ့ လူတန်းစေ့အောင်ထားနိုင်မှာပါဆိုတာက ဘာလဲ၊ အဟွန်း . . . ဟွန်း . . . ထမင်းလေးနပ်မှန်ရုံ အရှက်လေးလုံရုံဝတ်ပြီး၊ အိမ်စုတ်လေးနဲ့ နေတာကိုလာ မလိုချင်ဘူးကွာ၊ ဟုတ်လား . . . ညီမင်းခန့်နဲ့ ပေးစားမယ်၊ ဖြစ်တဲ့နည်းနဲ့ကို ရအောင် လက်ထပ်ပေးရမယ်၊ ငါ့အစီအစဉ်ကို ဖျက်ဖို့ဖျက်ဆီး လုပ်ရဲရင် လုပ်ကြစမ်း၊ အားလုံးကို သတ်ပစ်ပြီး ငါကိုယ်တိုင် ကြိုးစင်တက်ပြလိုက်မယ်၊ မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံး ဝုန်းကနဲထကာ ဦးတက်နေထွန်း တစ်ယောက် စာကြည့်ခန်းထဲ ဝင်သွားပါတော့၏။

ဒေါ်မေထားမှာသာ သက်ပြင်း ဟင်းကနဲ ချမိရင်း သမီး အခန်းရှိရာ လျှောက်လာခဲ့လေသည်။

ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ငိုနေသော သမီးကို ဘယ်လို ဖျောင်းဖျနှစ်သိမ့်ရမှန်း မသိပါလေတော့။

အနားမှာထိုင်ချပြီး သမီးပုခုံးကို အသာကိုင်လိုက်တော့ သမီးက မိမိရင်ခွင်ထဲ မျက်နှာအပ်ကာ ငိုနေပြန်သဖြင့်. . .

"သမီးရယ်. . နေမကောင်းဖြစ်ဦးမယ်ကွယ်၊ တိတ် တိတ် မောင်ညီမင်းခန့်နဲ့ သမီး သေချာ ဆွေးနွေးကြည့်ပါဦးလားကွယ် ဟုတ်လား"



### အခန်း [ ၂၀ ]

နောက်တစ်နေ့မှာတော့ မဒီ စိတ်ကိုအတည်ငြိမ်ဆုံးထား ပြီး ညီ့ကို လာခဲ့ပါရန် ဖုန်းဆက်ခေါ်တော့ ညီ ချက်ချင်းရောက် လာပါသည်။

ညီ့ပုံစံက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ရှိထား ဟန်ဖြင့် ရဲရင့်တက်ကြွနေရှာတော့၏။

လွတ်လပ်စွာ ဆွေးနွေးချင်၍ မဒီ ညီ့ကို အိမ်ထဲပင် ခေါ်တော့ဘဲ အပြင်ဖက်ရှိ သစ်ခွအိမ်နံဘေး ခုံတန်းလေးမှာ ပင် လက်ခံတွေ့ဆုံ၏။

မဒီ့စကားတွေကို အိမ်သားတွေ မကြားစေချင်၍ပါ ဖေဖေ အပြင်ထွက်သွားသော်လည်း မေမေ ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီက သစ်လွင်တောက်ပခန့်ညားသော တန်ဖိုးကြီး အဝတ်အစားများဖြင့် ခပ်ကြွားကြွားလေး ရှိနေမှုကို စိုက်ကာနဲ ငေးကြည့်မိပြီးမှ မဒီ့ရင်ထဲ ယခင်က ညီနှင့် အကွာကြီးကွာနေသော ညီ့ကို ဘယ်က စပြောရမှန်း မသိတော့။

ချို့တဲ့အားငယ်သော ညီမဟုတ်တော့။

အရာရာကို ငွေကြေးဖြင့် စီမံဖန်တီးနိုင်သော ညီမင်းခန့် ဖြစ်နေပြီမို့ ဖေဖေ သဘောကျနေတာ မဆန်းပါ။

မဒီ့ကို မြင်သည်နှင့် ညီ ပြောလိုက်ပုံကို ကြည့်ပါဦး။

"အဟင်း . . . မဒီက ကိုယ်ထင်ထားတာထက် အများကြီး လှနေတာပဲကွာ၊ နေကောင်းတယ်နော် မဒီ"

သူ ဘာမှ မဟုတ်မဟုတ် မလုပ်ထားဟန်မျိုးဖြင့် မဒီ့ကို နှုတ်ဆက်နေသော ညီ့ကို စိတ်ပျက်စွာပင် ကြည့်ကာ၊ မဒီ မချိပြုံးလေးဖြင့်သာ ပြောလိုက်ရ၏။

"သူက နေကောင်းပါတယ် ညီ၊ စိတ်နေမကောင်းလွန်းလို့ ညီ့ကို အေးအေးဆေးဆေး ဆွေးနွေးချင်လို့ ခေါ်လိုက်တာပါ အချိန်ရတယ် မဟုတ်လား"

မဒီ့စကားကို ညီ ဟက်ကနဲ ရယ်လိုက်ပြီးမှ . . .

"အချိန်က ကိုယ့်အတွက် ရွှေဖြစ်နေပေမယ့် မဒီ့အတွက်ဆိုရင် အဲဒီအချိန်တွေကို ကိုယ် အဆုံးခံနိုင်ပါတယ်ကွာ"





"ညီ"

"အင်း . . . ပြော"

"မဒီ တောင်းပန်ပါတယ် ညီ"

"ဟင် . . . ဘာကိုလဲ"

"မဒီနဲ့ ညီ့ကိစ္စ မဖြစ်နိုင်လို့ပါနော်"

"ဘာဖြစ်လို့လဲ မဒီ"

ညီ့ပုံစံက တကယ့်ကို မသိသားဆိုးရွားလွန်းသည်ဟု မဒီ ထင်ပါသည်။

မဒီ့မှာ ချစ်သူရှိနေတာကို ညီ မသိတာလည်း မဟုတ်ပါ။

ခုလို တဲ့တိုးပြောနေတာကိုပင် မသိသလို ဟန်ဆောင်နေသော ညီ့ကို မဒီ တကယ် စိတ်တိုမိရပါ၏။

ထို့ကြောင့်လည်း ထောင်းကနဲ စိတ်ပေါက်သွားရပေမယ့် အတတ်နိုင်ဆုံး မြိုသိပ်ကာ မဒီ ခပ်အေးအေးပင် ပြောလိုက်ရ၏။

"မဒီ့မှာ ချစ်သူ ရှိနေလို့ပါ ညီ"

"အဲဒါ ဘာဖြစ်လဲ မဒီ၊ အရွယ်ရောက်တဲ့ မိန်းကလေးတွေမှာ ချစ်သူရှိတာ ဆန်းတာမှ မဟုတ်တာကွာ၊ ချစ်သူနဲ့ လက်ထပ်သူဟာ တစ်ယောက်တည်း ဖြစ်ချင်မှ ဖြစ်တတ်တာ၊ မဒီ့မှာ ချစ်သူရှိလည်း ကိုယ့်အတွက် ဘာမှ အနှောက်အယှက် မဖြစ်ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒိမယ်. . . ညီ"

"ဟင်"

"မဒီ ညီ့ကို အကျိုးသင့် အကြောင်းသင့် ပြောပြချင်လို့ ခုလို ခေါ်လိုက်တာပါ"

"ဟုတ်ပါတယ်. . . ကိုယ်လည်း မဒီ့ကို ပြောပြချင်တာတွေ အများကြီးပါကွာ၊ အလုပ်တွေ များလွန်းလို့ မဒီ့ဆီ ကိုယ်မရောက်နိုင်ပေမယ့် ကိုယ့်ကြိုးစားမှုတွေ အောင်မြင် ကြီးပွားမှုတွေ အားလုံးရဲ့ အဓိက ဦးတည်ချက် ပန်းတိုင်ဟာ ဘာလဲ. . . သိလား. . . မဒီ"

"ဟင်"

"မဒီ့ကို ကိုယ် ပိုင်ဆိုင်ခွင့်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုကြောင့်ပဲကွာ"

"အို. . ."

မဒီ့မျက်နှာ ကွက်ကနဲ ပျက်တော့၏။ ပြီးမှ ခေါင်းအသာယမ်းကာ. . .

"မဟုတ်သေးဘူး ညီ၊ မဒီ ပြောပါရစေဦး၊ ညီ့ကို မဒီငယ်သူငယ်ချင်းတစ်ယောက်အနေနဲ့ပဲ ခင်မင်ခဲ့တာပါ၊ အဲဒီထက်မပိုတဲ့အတွက်. . ."





"မဒီ့ဖက်က မပိုပေမယ့် ကိုယ့်ဖက်က အမြဲ ပိုခဲ့ပြီးသားပါ မဒီ၊ ဟိုတုန်းက ကိုယ့်ဘဝအခြေအနေကြောင့် အားငယ်စိတ်နဲ့ ရင်ထဲက ခံစားချက်တွေကို ကိုယ် ထုတ်ဖော်ပြောပြခွင့် မရခဲ့တာပါကွာ၊ မဒီဟာ ကိုယ့်ဘဝအတွက် အရေးကြီးဆုံး မိန်းကလေးတစ်ယောက်ပဲ၊ ကိုယ် နှစ်ရှည်လများ အပင်ပန်းခံ ကြိုးစားခဲ့တာတွေ အားလုံးဟာ မဒီ့ကို ချစ်လွန်းလို့၊ လက်ထပ်ချင်လို့ သိလား"

"ဟင့်အင်း. . . ညီ၊ မဖြစ်နိုင်လို့ပါ. . . ညီ့ကို မဒီ လက်မခံနိုင်လို့ပါနော်၊ မဒီ့ချစ်သူကိုပဲ မဒီ လက်ထပ်ပါရစေ ညီရယ်၊ တောင်းပန်ပါတယ်. . . ညီ နောက်ဆုတ်ပေးပါ"

"ဟာ . . . မဟုတ်တာကွာ"

"ညီ"

"ကိုယ်က ဘာလို့ နောက်ဆုတ်ပေးရမှာလဲ၊ ပြောခဲ့ပြီးပြီလေ၊ ကိုယ့်ရဲ့ အပြင်းပြဆုံးဆန္ဒက မဒီ့ကို လက်ထပ်ခွင့်ရဖို့ပဲဆိုတာ၊ အခုက အားလုံး ပြီးနေပြီပဲကွာ၊ စေ့စပ်ဖို့ရော. . . လက်ထပ်ဖို့ပါ အားလုံး စီစဉ်ထားပြီးပြီပဲကို၊ ကိုယ့်ဖက်က နောက်ဆုတ်ဖို့မဖြစ်နိုင်ဘူး မဒီ၊ ကိုယ် အနူးအညွတ် တောင်းပန်ပါရစေကွာနော်၊ မဒီ ကိုယ့်ကို လက်ခံပါ၊ မဒီ့ကို အသက်ထက်ဆုံး မြတ်နိုးကြင်နာပြီး စိတ်ချမ်းသာအောင် ကိုယ် ထားပါ့မယ်ကွာနော် မဒီ"



www.burmeseclassic.com

www.burmeseclassic.com



မဒီ စိတ်ပျက်လွန်းစွာ သက်ပြင်းချ ခေါင်းယမ်းလိုက်ပြီးမှ...

"ညီ့ကို မဒီ လက်မထပ်နိုင်လို့ပါ"

"ဟင်"

"မဒီ့ချစ်သူမှာ ဘာအပြစ်မှ မရှိဘဲနဲ့ မဒီ သစ္စာမဖောက်နိုင်ပါဘူး ညီ"

"နေဦး မဒီ... ကိုယ် မေးပါရစေ"

"မေးပါ... ညီ"

"အဲဒီလူက ကိုယ့်ထက် သာနေလို့လား"

"ညီ... ဘာကိုပြောတာလဲ"

"အဟင်း... ကိုယ့်ထက် ရုပ်ရည်၊ စီးပွားရေး ဝင်ငွေပေါ့ကွာ၊ ပညာကိုတော့ ကိုယ် မပြောတော့ဘူး၊ အဟင်း... ကိုယ်က ဆယ်တန်းမှ မအောင်ဘဲကိုး၊ ဟိုပုဂ္ဂိုလ်က မဒီနဲ့ တက္ကသိုလ်မှာ တွေ့ကြတာ မဟုတ်လား၊ ဒါပေမယ့် သူဟာ ကိုယ့်လိုတော့ ငွေကြေးချမ်းသာမှုမှာ ယှဉ်နိုင်မှာ မဟုတ်ပါဘူး၊ ကိုယ်ကြားပါတယ်၊ ဓာင်ကြီးကဆို... လီမွှော်ခြံလုပ်တာဆို၊ အဲဒီလူ ချမ်းသာလှ... ကိုယ်စီးတဲ့ ကားမပြောနဲ့ ကိုယ့်မန်နေဂျာအတွက် ပေးထားတဲ့ ကားတစ်စီးရဲ့ တန်ဖိုးလောက်..."





"တော်ပါတော့... ညီ"

နားကြားပြင်းကတ်စွာဖြင့် မဒီ စိတ်ဆိုးစွာ ဟန့်တားလိုက်ပြီးမှ မဲ့ပြုံးလေးဖြင့်...

"ဒီမယ်... ညီ၊ ကိုယ့်ချမ်းသာမှုကို ကိုယ် အထင်ကြီးတာ မဒီ ဘာမှ မပြောချင်ပါဘူး၊ သူတစ်ပါးကို အထင်သေးနှိမ့်ချတတ်တဲ့ စိတ်ဓာတ်ဟာ ဘယ်လောက် အောက်တန်းကျသလဲဆိုတာ ညီ မသိလို့ နားမလည်လို့ ကိုယ့်အဆင့်အတန်း ကိုယ် ဖော်ပြလိုက်တာပဲ သိလား"

"မဒီ"

"မဒီကလည်း ပြောချင်ပါတယ်၊ ညီ မိုးပျံအောင် ချမ်းသာနေပါစေ စိတ်မဝင်စားဘူး၊ စိတ်မလှုပ်ရှားဘူး၊ ကိုယ့်ချစ်သူနဲ့ တဲအိုချာမှာပဲ နေရနေရ မဒီတော့ ချစ်တဲ့သူကိုပဲ ရွေးချယ်မှာပါ"

"အဟား... ဟား... ဟား"

မဒီ့စကားကြောင့် ညီ အော်ရယ်လိုက်ပုံက ကြောက်စရာင် ကောင်းသေးတော့။

ညီ ရူးများ ရူးသွားပြီလားဟုပင် မဒီ ထိတ်ကနဲ လန့်သွားရသည်။

ညီ့ပုံစံက တကယ်ပင် ကြောက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



အရယ် ရပ်လိုက်ပြီးမှ ညီက မဒီကို စူးလက်စွာ ကြည့်ကာ ထိမထင်ပြုံးဖြင့် ပြောတော့၏။

"မဒီချစ်သူကိုပဲ ရွေးချယ်မှာပါတဲ့လား"

တစ်လုံးချင်း ပီသစွာ ပြောလိုက်ပြီးမှ မဲ့တဲ့တဲ့ ပြုံး၍. . .

"မဒီမှာ အဲဒီလို ရွေးချယ်ပိုင်ခွင့်ကော ရှိနေလို့လားကွာ၊ ပြောစမ်းပါဦး"

"ဟင်"

မဒီမျက်နှာတစ်ခုလုံး ဖွေးကနဲ သွေးဆုတ်သွားရှာ ညီ့ကို အလန့်တကြား ကြည့်မိရတော့၏။

အားဧးထည့်ထားသူပမာ မဒီ ဘာမှပြော၍ မထွက်တော့။

"ဦးလေးက အားလုံး သဘောတူ ကြည်ဖြူ ခွင့်ပြုထားပြီး ပြီလေ၊ ဖို့မဒီဟာ ညီမင်းခန့်အတွက်ပဲ ဖြစ်စေရမယ်၊ တခြား ဘယ်သူ့အတွက်မှ မဖြစ်ရဘူး သိလား. . . အဟင်း"

"ညီ"

မဒီ အားတင်းကာ အရဲစွန့် ခေါ်လိုက်ပြီးမှ. . .

"ကိုယ့်ကို မချစ်တဲ့ မိန်းမတစ်ယောက်ကို ညီ ကြိုးစားနေတာ မလွန်ဘူးလား၊ အဓိပ္ပာယ်မဲ့ရာ ကျမနေဘူးလားဟင်၊ နှစ်





ယောက်စလုံး စိတ်ဆင်းရဲရမယ့်ကိစ္စကို ညီ ဘာလို့ ဖန်တီးချင်ရတာလဲဟင်"

"အဲဒါက မဒီအတွေးကိုး၊ ကိုယ်ဟာ မဒီကို ဘယ်လောက် ချစ်ပြီး၊ ဘယ်လို ထားနိုင်တယ်ဆိုတဲ့ ကိုယ့် မေတ္တာစေတနာတွေကို မဒီ နားမလည်သေးလို့ ဒီစကားတွေ ပြောနေတာပါကွာ၊ ကိုယ်ပြောမယ် မဒီ၊ သေချာနားထောင်. . . ကိုယ်နဲ့ လက်ထပ်ပါ၊ လောကမှာ မဒီလိုချင်တာ ဖြစ်ချင်တာ မှန်သမျှ အားလုံး ကိုယ် ဖန်တီးဖြည့်ဆည်းပေးမှာပါ၊ အချစ်အတွက် တဲအိုပျက်မှာနေမယ် စိတ်ကူးနေတဲ့ မဒီကို ကိုယ် ခွင့်မပြုနိုင်ဘူး၊ ဦးလေးကလည်း လုံးဝ သဘောမတူနိုင်ဘူးလေ၊ အချစ်ဆိုတာ စိတ်ကူးယဉ်လို့သာ ကောင်းတာပါကွာ၊ မေ့ပစ်လိုက် . . . ဟုတ်လား၊ ကိုယ်ကလည်း သဘောထား မသေးပါဘူး၊ ချစ်သူရှိဖူးလို့ မဒီကို ခွင့်မလွှတ်နိုင်တဲ့ အာတိုတတ်တဲ့ယောက်ျားထဲမှာ ကိုယ် မပါပါဘူး၊ ကိုယ့်အချစ်ကို မဒီ တစ်နေ့ နားလည်လာမှာပါ"

ပြောလေဆိုးလေမို့ မဒီ စိတ်ကုန်လွန်းရှာ ညီ့ကို ကြည့်မိပြီးမှ မေးလိုက်၏။

"ဒါဆိုရင်. . . မဒီ တောင်းပန်မှုကို ညီ လက်မခံဘဲ့တော့မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . မဒီ၊ ကိုယ် မဒီ့ကို ချစ်ခဲ့မိတာက ကြာခဲ့ပါပြီကွာ၊ ပြောခွင့်မသာလို့ ကိုယ် မြိုသိပ်ခဲ့ရတာပါ၊ ခုတော့. . . ကိုယ့်မှာ ပြောခွင့်သာရုံမကဘဲ ဦးလေးကပါ သဘောကျ လက်ခံနေတဲ့ အနေအထားမှာ မဒီ့အနေနဲ့ နောက်ဆုတ်ခိုင်းတာဟာ ရက်စက်ရာ မကျလွန်းဘူးလားကွာ"

"ဘာရယ်. . . ရက်စက်တယ် ဟုတ်လား ညီ"

"ဟုတ်တယ်လေ. . . မဒီက ကိုယ့်အပေါ် ဘာကယ့်ကို စိမ်းကားရက်နေတာကိုး"

"သူတစ်ပါး ချစ်ခြင်းကို ခွင်းတဲ့ ညီ့ကိုယ်ညီရော ရက်စက်သူလို့ မဒီက ထင်ရင်ကော. . . ကဲ. ."

"ဟာ. . . မဒီကလည်းကွာ၊ ကိုယ်ကလား. . . ရက်စက်သူဖြစ်မှာ၊ မဒီ့ကို အရမ်းချစ်လွန်းလို့ ဟောဒီမြို့မှာ အကြီးကျယ်ဆုံး မင်္ဂလာပွဲတစ်ခုကို ဖန်တီးဖို့ စီစဉ်နေတာ၊ ကြည့်နေ. . . ရာဇဝင်တွင်စေမယ့် မင်္ဂလာအခန်းအနားကို မဒီ တွေ့တော့မှ ကိုယ့်အပေါ်. . ."

"ညီ. . . တော်ပါတော့နော်၊ ကျေးဇူးပြုပြီး ပြန်ပါတော့"



### အခန်း [ ၂၁ ]

"စုစုရယ်. . . မဒီ ဘာလုပ်ရမလဲ ဟင်"

"အင်း. . ."

စုစုကပါ သက်ပြင်းချကာ ခေါင်းယမ်းလိုက်ပြီးမှ. . .

"နင့်ကိစ္စက ထင်သလောက် မလွယ်ပါလား မဒီရာ၊ ငါက နင် ညီ့ကို သေချာ ပြောပြရင် သူ သဘောပေါက်ပြီး လက်ခံသွားမယ် ထင်နေတာဟာ. . . ခုတော့"

"ဟုတ်တယ်. . . စုစု၊ ညီက လုံးဝကို အလျှော့မပေးဘူးလေ၊ ဇွတ်ပဲဟာ. . . စိတ်ညစ်လို့ မဒီ သေတောင်သေလိုက်ချင်တယ် သိလား"

"မဟုတ်တာ. . . ဘာလို့ သေရမှာလဲ မဒီကလဲ မတွေးတောင်းတာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"မတွေးကောင်းတာ မဟုတ်ဘူး စုစု၊ စဉ်းစားကြည့်လေ၊ ကိုယ့်ချစ်သူကို သစ္စာဖောက်ပြီး မချစ်တဲ့လူကို ငါ ဘယ်လိုလုပ်ပြီး ယူရမလဲလို့"

ပြောရင်း မဒီ ဝမ်းနည်းလာရစွာ မျက်ရည်ကျပြန်၏။

စုစုက...

"ဒါပေမယ့် ...အခုကိစ္စက တစ်မြို့လုံးကို ဟိုးဟိုး ကျော်နေပြီ မဒီ"

"ဟင်"

"ဟုတ်တယ်...နင့်အဖေကလည်း ညီမှညီ ဖြစ်နေတာ၊ ညီကလည်း နှစ်စပ်ပွဲအတွက် တကယ့်မင်္ဂလာဆောင် အခမ်းအနားလောက်ကို အကြီးအကျယ် စီစဉ်နေတာလေ"

"အို..."

"ညီ့ တင်တောင်းကြေးက ငါတို့မြို့မှာ ဘယ်တုန်းကမှ ဘယ်သူမှ မလုပ်နိုင်ခဲ့တဲ့ အဆောင်အယောင်တွေဆိုတော့ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းအစားဆုံး သတင်းစကားတစ်ခုပေါ့ဟာ၊ ရိုးသားစွာ ပြောရရင် အားကျတာပေါ့ မဒီရာ"

"ဟင့်အင်း...ငါ မလိုချင်ဘူး စုစုရယ်၊ စိုင်းကို ငါ ဘယ်လို ပြောရမလဲလို့"





"စိုင်း...သိနေပြီလား"

"မသိသေးပါဘူး...ဒါပေမယ့် ဖေဖေနဲ့ စကားပြောပြီးနောက်ပိုင်းမှာ စိုင်းလေ အားငယ်သွားသလား မသိဘူး စုစုရယ်၊ ဖေဖေကလည်း ဘယ်လောက် တင်တောင်းနိုင်မှလို့ အပြတ်ကို ပြောလိုက်တာဆိုတော့..."

"အင်း...ဆိုးတာပေါ့၊ ဒါနဲ့...နင်တို့ သားအမိ တောင်ကြီးရောက်တော့ စိုင်းနဲ့ တွေ့သေးတယ် မဟုတ်လား"

"အင်း..."

"သူ့အိမ်ရော...ရောက်ခဲ့သေးလား"

"အင်း..."

"အခြေအနေက ဘယ်လိုလဲဟင် မဒီ"

"ဘာကိုလဲ"

"ဟို...စီးပွားရေးပေါ့၊ ချမ်းသာပုံရလား၊ အလယ်အလတ်လောက်ထဲကလား"

"မပြောတတ်ဘူး စုစုရယ်၊ စိုင်းတို့အိမ်က လုံးချင်းတစ်ထပ်တိုက်လေးပဲလေ၊ သူ့မိဖတွေလည်း အေးအေးဆေးဆေးပါပဲ"

"ဟဲ့...ဒါဆို အဆင်းရဲကြီးထဲက မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"တိုက်နဲ့နေတာဆိုတော့ မဆိုးပါဘူး၊ ငါ စိတ်ကူးတစ်ခု ရတယ်သိလား"

"ဘာလဲဟင်"

"နင် ညီ့ကို မယူနိုင်ဘူး ဟုတ်လား. . ."

"အင်းလေ. . ."

"စိုင်းကို လှမ်းခေါ်လိုက်ဟာ"

"ဟင်"

"လာ. . . ခိုးလှည့်ပါလို့ . . . တဲ့"

"ဟင်"

စုစုစကားကြောင့် မဒီ ရင်တွေတောင် တဒိန်းဒိန်း ခုန်လာရတော့၏။ တကယ် စဉ်းစားလိုက်တော့လည်း ဒီအကြံက မဒီ့အတွက် အကောင်းဆုံး ဖြစ်နေလေသည်။

"စုစု. . . ဖြစ်ပါ့မလားဟင်၊ တော်ကြာ. . . စိုင်းကို ခေါ်ပြီး ဒုက္ခပေးသလို ဖြစ်မှာကိုလည်း ကြောက်တယ်ဟာ၊ ဖေဖေ့ဒေါသကို ငါ ကြောက်တယ်"

မဒီ့စကားကြောင့် စုစုက ပုခုံးလေး အသာကြုတ်၊ လျှာလေးထုတ်ပြကာ မျက်လုံးလေး ပြူး၍. . .





"အေးလေ. . . ကြောက်ရင်လည်း ငြိမ်နေလိုက်ပေါ့၊ စီစဉ်ပေးတဲ့အတိုင်း လက်ခံရုံပဲ ရှိတာပေါ့ဟာ၊ ငါ ဒီလို အကြံပေးတာကိုသာ နင့်အဖေ သိရင်လား၊ အဟွန်း. . . မတွေးရဲဘူးသိလား၊ ငါ့ကို နုတ်နုတ်စင်းမှာ သေချာတယ်"

"စုစု"

"အင်း. . ."

"တခြားအကြံ မရှိတော့ဘူးလား ဟင်"

"အင်း. . ."

စုစု တွေကနဲ စဉ်းစားလိုက်ပြီးမှ ပြုံး၍. . .

"တကယ်တော့ ညီ့ဖက်က စဉ်းစားလိုက်ရင်လည်း သူပြောတာ မှန်နေတယ်ဟ"

"ဟင်"

"သူက နင့်ကို ဟိုးငယ်ငယ်ကတည်းက ကြိတ်ပြီး စိတ်ဝင်စားနေခဲ့တာ မဟုတ်လားဟာ"

"အို. . . ဘာဆိုင်လဲ၊ သူငယ်ချင်းလိုပဲ ခင်မင်ခဲ့တာပဲ စုစုရယ်"

"အေး. . . ဒါက နင့်အတွေးပဲ မဒီရဲ့၊ သူက နင့်ကို ပိုင်ဆိုင်ချင့်တဲ့ ရည်ရွယ်ချက်နဲ့ စွန့်စားပြီး နှစ်ရှည်လများ စွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားပမ်းစား ရှာဖွေ အလုပ်လုပ်ခဲ့ရတာဆိုတော့ သူ့ဖက်က တွေးရင်လည်း ဟုတ်နေသလိုပဲလေ၊ ဘာပဲဖြစ်ဖြစ်. . . ရွှေစပ်ဖို့ရက်က အတည်ပြုထားပြီးပြီ မဟုတ်လား မဒီရယ်၊ နင့်အဖေရော၊ ညီရော၊ ဒီကိစ္စအတွက် အရမ်းကို တက်ကြွပြီး စီစဉ်နေတာဟ၊ နင်သာ မဟုတ်တာ တစ်ခုခု လုပ်ရင်တော့ တကယ့်ပြဿနာပဲဟာ"

"အဲဒါကြောင့် ငါ သေချင်တယ်လို့ ပြောတာပေါ့"

"မဒီ"

"ဟင်"

စုစု ပုံစံက ဆတ်ကနဲ ဖြစ်သွားရကာ အကြံတစ်ခုခု ရလိုက်ဟန်ဖြင့် မဒီ့ကို မျက်ဝန်းလေးပြူးကာ အလျှင်စလို ပြောတော့၏။

"တစ်ခုတော့ ရှိတယ် သိလား"

"ဟင်. . . ဘာလဲ"

"ညီ့ကို နင်. . . ဟို. . ."

စုစုက ရုတ်တရက် ပြောရခက်နေဟန် ပြောမထွက်ဟန်ဖြင့် အီလယ်လယ်လေးဖြစ်ကာ စကားရပ်ထားလိုက်သဖြင့် မဒီက. . .





"ဘာလဲ စုစု၊ ပြောလေ. . . ညီ့ကို ငါ ဘာလုပ်ရမလဲ"

"အဟင်း. . . တော်ပြီဟာ၊ ငါ့စိတ်ကူးက အဆင်ပြေမှာ မဟုတ်ပါဘူး၊ နေပါစေတော့ . . . ဘာမှ မဟုတ်ပါဘူးနော်"

စုစု လျှော့ချလိုက်တော့ရာ မဒီက ဘဝင်မကျစွာ လက်မခံချင်ဟန်ဖြင့် ခေါင်းခါကာ. . .

"ဟာ . . . စုစုကလည်း ပြောမှာသာ ပြောစမ်းပါ၊ ဘာမှန်းလည်း မသိဘူး၊ ငါက တကယ့်ကို ဘေးကြပ်နံကြပ် ဖြစ်နေတဲ့ကိစ္စကို အကြံကောင်းလေးရှိရင် ပေးစမ်းပါဟာ. . . ပြော ဘာများလဲ"

မဒီ မေးလေ စုစုက မျက်နှာလေးပါ မသိမသာ ပျက်ကာ ခေါင်းခါလိုက်ပြီးမှ . . .

"ဟင့်အင်း. . . အလကားပါဟာ၊ ငါ့စိတ်ကူးက အဆင်ပြေမှာ မဟုတ်ပါဘူး မဒီရာ"

"ဘာစိတ်ကူးလဲ စုစု၊ ပြောမှာသာ ပြောစမ်းပါ၊ နင့်နဲ့ ငါက အတွင်းသိအစင်းသိပဲဟာ. . . ပြောနော်"

"မဟုတ်ပါဘူးဟာ. . . ငါ့စိတ်ကူးက ညီ့သိက္ခာကို စော်ကားရာ ကျနေလို့ပါ မဒီရာ၊ မကောင်းပါဘူး. . . ငါ ဘာလို့ ဒီလို တွေးတောမိရပါလိမ့်နော်၊ စိတ်ပျက်လိုက်တာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စုစုစကားကြောင့် မဒီလည်း လက်ကနဲ အတွေးလေး တစ်ခု ဝင်လာရတော့၏။

"ငါ နားလည်ပြီ စုစု"

"ဟင်. . . ဘာ. . ဘာကိုလဲ"

"ဟုတ်သားပဲ. . . ငါ ဘာလို့ အဲဒါကို မစဉ်းစားမိရတာ လဲနော်"

"မဒီ"

"ကျေးဇူးပဲဟာ. . . နင် သတိပေးလို့ ငါလည်း အကြံရ သွားပြီ"

"မဒီ. . . နင် ဘာလုပ်မလို့လဲ ဟင်"

"အဟင်း. . . စုစုရယ်၊ ဘာလုပ်မယ်ထင်သလဲ၊ ဟိုမှာ အကြာကြီး နေလာခဲ့တဲ့ လူတစ်ယောက်ကို ငါက မစူးစမ်း မဆင် ချင်ဘဲနဲ့ မျက်စိမှိတ် လက်ထပ်လို့ ဘယ်ဖြစ်ပါ့မလဲနော်"

"ဟင်"

"ငါ သူ့ကို မဖြစ်မနေ လက်ထပ်ရတော့မယ်ဆိုမှတော့ သူ့အပေါ် သံသယကင်းဖို့ လိုမယ်မဟုတ်လားလို့"

"ဒါပေမယ့် . . . ကောင်းပါ့မလား မဒီရယ်၊ ဒါမျိုးက. . ."

"မတတ်နိုင်ဘူးလေ. . . ငါ ရင်ရှင်းချင်တာကိုး"

"မဒီ"





"ဟင်"

"နင့်အဖေက ဒီလိုအတွေးမျိုး နည်းနည်းလေးမှ မရှိဘူး ဆင်တယ်နော်"

"ငွေလေ စုစု၊ အဟင်း. . ငွေရှိနေတော့လည်း အားလုံး အဆင်ချောနေတာကိုး"

"နင် ဘယ်လို ပြောမလဲ"

"ဖုန်းနဲ့ ခေါ်ပြီး နှစ်ယောက်ချင်း တွေ့မှ ပြောမယ်လေ"

"အင်း. . . ကောင်းတယ်၊ နင် ဘယ်လိုထင်လဲ မဒီ"

"ဘာကိုလဲ"

"ညို . . . ကိုယ်ကျင့်. . ."

"အဟွန်း. . . မယုံပါဘူး"

"ဒါပေမယ့် . . . သူ့အပြောကတော့ သူ့ဘဝမှာ နင် တစ်ယောက်တည်းပါပဲတဲ့လေ"

"အဖြေထွက်မှာပေါ့"

"တကယ်လို့ သူ ကင်းရှင်းတယ်ဆိုရင်"

"ငါ . . . တစ်သက်လုံး စိတ်ဆင်းရဲမှာကို ဖေဖေ မြင် သွားရမှာပေါ့ဟာ"

"မဒီရယ်. . ."

"မိဖတွေကို အရှက်ခွဲမယ့် သမီးလည်း ငါ မဖြစ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စုစုရော၊ ဒါပေမယ့် . . . သူ့ကိုသာ တကယ်ယူရရင်တော့ ငါ့ဘဝလေး ရှင်ရက်နဲ့ သေပြီပဲလေ"

"ဟင်း. . ."

စုစု စိတ်မကောင်းဖြစ်သွားရဟန် သက်ပြင်းချပါတော့၏။

ညနေစာကို မဒီ ဆင်းမစားတော့ ဖေဖေက တစ်မျိုး။

"ဘာလဲ. . . ဆန္ဒပြတာလား သမီး၊ အပိုပဲနော်. . . အားလုံး စီစဉ်ပြီးသားကိစ္စကို လွဲချော်အောင် လုပ်လို့ကတော့ ဖေဖေ့အကြောင်း သိပြီမှတ်၊ ခွင့်လည်း မလွှတ်ဘူး၊ ဖေဖေ့အရှက်ကိုခွဲရင် ဖေဖေလည်း ကိုယ့်ဘဝကိုယ် အဆုံးသတ်ဖို့ အသင့်ပဲနားလည်လား"

မဒီ မချိပြုံးလေးဖြင့်သာ နေလိုက်၏။

နောက်တစ်နေ့ ညီ့ကို ခေါ်ပြီး မဒီ ပြောလိုက်၏။

"မဒီ့ စိတ်ထဲ သံသယတွေ ဝင်နေလို့ စိတ်ရှင်းသွားအောင် ညီ ဆေးစစ်ပေးပါ"

မဒီ့စကားကြောင့် ညီ့မျက်နှာ နီယောင်သမ်းသွားပြီး ထိမထင်ပြုံးလေးဖြင့် ပြောလေသည်။

"စိတ်ချ. . . မဒီ့ဆန္ဒအတိုင်း ဖြစ်စေရမယ်ကွာ"



## အခန်း [ ၂၂ ]

မဒီ ယုံကြည်လေးစားရသော မိသားစု ဆရာဝန် ဒေါက်တာ ထင်ကျော်၏ အကူအညီဖြင့် ညီ့ကို ဆေးစစ်ရန် စီစဉ်ခဲ့သည်။ မဒီကိုယ်တိုင်လည်း အစစ်ခံမည် ဖြစ်၏။

ညီကတော့ မချိပြုံးလေးဖြင့် မဒီ့ဆန္ဒအတိုင်း လိုက်လျောပေးခဲ့၏။

အားနာမိသော်လည်း ညီ့ကို မဒီ မယုံပါ။ ဒေါက်တာထင်ကျော်ကလည်း ပြောပါသည်။

"သမီးက ခေတ်မီတာပဲ၊ ကောင်းတာပေါ့ကွာ. . . တို့သိ ထက်ထပ်ရမယ့် အမျိုးသားမှာရော၊ ကိုယ့်မှာပါ ဘာရောဂါ ရှိနိုင်



www.burmeseclassic.com

www.burmeseclassic.com



မလဲဆိုတာ သိထားမှ ဆောင်ရန်ရှောင်ရန်ကိစ္စတွေ ဆက်လုပ်နိုင်မယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ အန်ကယ်. . . ဒါမှလည်း သူရော သမီးပါ စိတ်ရှင်းကြမှာမို့ပါ၊ ကူညီပေးတဲ့အတွက် ကျေးဇူးပါ အန်ကယ်"

"မလိုဘူး သမီး၊ အန်ကယ်တို့က တစိမ်းတွေမှ မဟုတ်တာကွာ၊ ကူညီရမှာပေါ့၊ စိတ်ချ. . . အန်ကယ် အကောင်းဆုံးဖြစ်အောင် ကူညီပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့. . . အန်ကယ်"

ညီကတော့ မျက်နှာမကောင်းပါ။

မဒီ့ကိုတော့ ရှည်ရှည်ဝေးဝေး ဘာမှ မပြောတော့။ ဒီကိစ္စကို ဖေဖေတို့ကိုလည်း မဒီ အသိမပေးပါ။

စုစုကိုတော့ မဒီ ပြောဖြစ်တော့ စုစုက. . .

"အေး. . . သူ လျှောလျှောရှူရှူ လက်ခံတာပေါ့ ဟုတ်လား"

"ဒါပေါ့. . . လက်ခံရမှာပေါ့၊ ဒါ . . . သေရေးရှင်ရေးကိစ္စပဲ၊ နှင့်အကြံကို ငါက ကျေးဇူးတင်နေမိတာ သိလား စုစု"

"မဒီ"

"ဟင်"





"နှင်. . . ဘယ်လိုထင်လဲ"

"အဟင်း. . . ညီ့ကိုတော့ သူငယ်ချင်းတစ်ယောက်ရဲ့ သံယောဇဉ်တွေ ငါ့မှာ ရှိပြီးသားပါဟာ"

"အင်း. . ."

"သူ ဟိုဖက်မှာ အကြာကြီး သွားနေထားတဲ့လူဆိုတော့ ငါ သံသယ ရှိတာတော့ အမှန်ပဲ စုစု"

"အင်း. . . ဖွ. . မပြောကောင်း ပြောကောင်းဟယ်၊ ငါ ညီ့ကို အဲဒီရောဂါ မရှိပါစေနဲ့လို့ ဆုတောင်းမိတယ် မဒီရာ"

"ဟင်. . . ဒါဆိုရင် နှင်က သူ့ကို ငါနဲ့ ဖြစ်သွားစေချင်တဲ့ သဘောလား စုစုရဲ့ ပြောပါဦး"

"ဟဲ့. . . အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ မဒီရယ်၊ နှင်က ရော သူ့ကို မယူချင်တိုင်း အဲဒီဟာကြီး ရှိနေစေချင်လို့လား ကဲ"

"အို. . ."

မဒီ့စိတ်ထဲ နှင့်ကနဲ ဖြစ်သွားရ၏။

ဟုတ်တော့လည်း ဟုတ်သား။

စုစု မေးစရာပင်။

တကယ်တော့လည်း မဒီ့စိတ်ထဲမှာ စုစုပြောသလို ညီ့ကို ဆိုးဝါးသော ရောဂါဆိုးကြီး ရှိမနေစေချင်တာ အမှန်ပါ။



www.burmeseclassic.com

သို့သော် . . .

"ပြောလေ မဒီ၊ သူ့မှာ အဲဒါကြီး ဖြစ်နေမှ နင် လွတ်မှာ မဟုတ်လားလို့ ကိစ္စတွေက အားလုံး ချည်ပြီး တုတ်ပြီးသား ဖြစ်နေတာကို"၊

"အင်း . . . ဟုတ်တော့ ဟုတ်တယ် စုစုရာ၊ ငါလည်း သူ့ကို မယူချင်ပေမယ့် အဲဒီရောဂါတော့ လုံးဝ မရှိစေချင်ပါဘူးဟာ၊ ဒါပေမယ့် . . . သူ ကံကောင်းတာနဲ့ ငါ ကံဆိုးတော့မှာ စုစုရဲ့"

"ဒါနဲ့ . . . ပြောပါဦး၊ ဆေးသွားစစ်တော့ သူ့အနေအထားက ဘယ်လိုရှိလဲ ဟင် မဒီ"

"မျက်နှာတော့ မကောင်းဘူးပေါ့ဟာ"

"ဟင် . . . ဟုတ်လား၊ ဒေန္တ . . . သူ့နောက်ကြောင်းတွေ ပေါ်တော့မယ်ဆိုပြီး မျက်နှာပျက်နေတာများလား မသိ . . ."

"ဖြစ်နိုင်တယ် . . . မျက်နှာတော့ တကယ်ကို ပျက်နေရော၊ ငါ့ကိုတောင် စကားဟဟ သိပ်မပြောတော့ဘူးလေ၊ မချို လေးနဲ့ပဲ နေတော့တာ"

"ကိုစိုင်းကိုရော နင် အသိပေးလိုက်ပြီလားဟင် မ

"ဟင့်အင်း . . ."





"ဟင် . . . တစ်ခုခုတော့ နင် ပြောရမှာပေါ့ဟာ၊ တော် ကြာ . . ."

"ပြောမှာပါ စုစု"

"ဟင်"

"လောလောဆယ်က အဖြေ မထွက်သေးဘူးလေ"

"အင်း"

"ညီ့ကို လက်ထပ်စရာ မလိုတော့ဘူးဆိုရင်တော့ ငါ စိုင်းကို အမြန်ဆုံး လက်ထပ်တော့မယ်ဟာ"

"ဟင် . . . ဒါပေမယ့် ညီ့မှာ ဘာချို့ယွင်းချက်မှ ရှိမနေ ဘူးဆိုရင်ကော"

"အဲဒါဆိုရင်လည်း စိုင်းကို အသိပေး တောင်းပန်ပြီး နှုတ်ဆက်စကား ပြောရုံပဲ ရှိတော့မှာပေါ့ဟာ"

စကားအဆုံး မဒီ့မျက်ဝန်းတွေ အိကနဲ စိုလာရတော့

စုစုက သက်ပြင်းမသိမသာ ချလိုက်ပြီးမှ . . .

"အင်း . . . ညီကလည်း နင့်မှနင်၊ နင်ကလည်း စိုင်း စိုင်းဆိုတော့ ခက်နေတာပေါ့ဟာ"

"ဘယ်တတ်နိုင်မလဲ စုစုရာ၊ ငါ့ကံတရားလို့ပဲ သူ့အရေး ပေါ့၊ ညီ့အပေါ်မှာ ငါ ဝင်မိတဲ့ သံသယဟာ မှန်ပါစေလို့ယည်း

www.burmeseclassic.com



ငါ့ဆုမတောင်းရက်သလို၊ မှားပါစေလို့လည်း ငါ ဆုမတောင်းရဲ ပြန်ဘူး၊ ခုလို လုပ်ရတာကိုလည်း ငါ အားနာမိပါတယ်၊ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာကို မယုံကြည်ဘူးဆိုတဲ့ သံသယဟာ အဲဒီလူကို စော်ကားလိုက်တာ၊ အထင်သေးလိုက်တာပဲ မဟုတ်လားလို့"

"အင်း. . ."

စုစုလည်း မဒီ့ကို ကရုဏာမျက်ဝန်းဖြင့် ကြည့်မိတော့၏။

စေ့စပ်ရက်မတိုင်မီ တစ်ရက်အလိုခန့်မှာ ဆေးစစ်ချက်ထွက်လာပါတော့၏။

ဒေါက်တာ ထင်ကျော်က မဒီ့ကို ဝမ်းသာအားရ ပြောသည့်စကားက. . .

"သမီးရေ. . . မောင်ညီမင်းခန့်မှာ ဘာရောဂါမှ မရှိဘူးကွာ၊ အားလုံး Clear ပဲ၊ သွေးလည်း ဘာမသန့်စရာ ပိုးမှ မရှိဘူး၊ ကံကောင်းတယ် သမီး၊ သံသယတွေ ရှင်းပေတော့ ဟုတ်လား"

"ဟင်"

မဒီ့မှာ ကြိုးမိန့်အကျခံလိုက်ရသော တရားခံပမာ ရုတ်ချည်း စိတ်ဓာတ်ကျသွားရပါပြီ။





ညီ့အတွက် ဝမ်းသာရပေမယ့် မိမိအတွက်တော့ သေမိန့်ပင် မဟုတ်ပါလား။

ထိုအဖြေကို ညီသိတော့ ဘာမှ မထူးခြားဟန် ထုံးစံအတိုင်း မချိုပြုံးလေး ပြုံးကာ ပြောပါတော့၏။

"ကိုယ့်အပေါ် မဒီ အဲဒီသံသယကြီး ဝင်နေတာ သိရတော့ အရမ်းခံစားရတယ်ကွာ သိလား. . ."

မဒီကလည်း မလျှော့ချင်ပါ။

တောင်းပန်သင့်မှန်း နားလည်ပေမယ့် မဒီ တောင်းပန်ချင်စိတ်လည်း မရှိပါ။

ပြောသင့်သည်ထင်၍ မဒီ ပြန်တော့ ပြောလိုက်ပါသည်။

"မကျေနပ်လည်း ညီ့သဘောပဲလေ. . . မဒီက ကိုယ့်အန္တရာယ် ကိုယ် ကာကွယ်သင့်တယ် ထင်လို့ပါ၊ စိတ်ရှင်းချင်လို့ပါ"

"ခုတော့. . . မဒီ စိတ်ရှင်းသွားပြီ မဟုတ်လား"

မဒီ စိတ်မဝင်စားဟန် မျက်နှာလွှဲထားလိုက်ပြီးမှ. . .

"စိတ်ရှင်းပေမယ့် ရင်ထဲမှာ ဆန္ဒမရှိဘူးဆိုတာ သိရေ ရက်နဲ့ ညီ ဇွတ်တိုးမယ်ဆိုလည်း တိုးပေါ့၊ ခန္ဓာကိုယ်ကိုသာ ရမယ်၊ မေတ္တာ စေတနာတွေတော့ မရနိုင်ပါဘူး"

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



"မဒီရာ"

ညီ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီးမှ တောင်းပန်ဟန် မျက်ဝန်းဖြင့်. . .

"ကိုယ့်ရင်ထဲမှာ မဒီ့ကို ဘယ်လောက် အလေးထားသလဲဆိုတာ မသိသေးလို့ မဒီ ဒီစကားတွေ ပြောရက်တာပါကွာ၊ ငွေရှိရင် ဘာမဆို လိုချင်တာ လုပ်ချင်တာတွေ ထင်တိုင်းကြနိုင်တဲ့နေရာမှာတောင် ကိုယ်လေ ဘယ်တော့မှ မဒီ့အပေါ် သစ္စာမဲ့တဲ့ အလုပ်မျိုး မလုပ်ခဲ့ဖူးဘူးကွာ၊ မိန်းမကိစ္စ ကင်းရှင်းခဲ့တဲ့ ကိုယ့်အပေါ် မဒီ သံသယဝင်တာ တကယ် စိတ်မကောင်းဘူး၊ ဒါပေမယ့် ခုတော့ မဒီ့ကို ကိုယ် ကျေးဇူးတင်တယ်ကွာ"

"ဟင်"

ပြုံးတုံ့တုံ့ ပြောနေသော ညီ့ကို မဒီ နားမလည်ပါ။

ညီက. . .

"ဘာလို့လဲသိလား. . . ကိုယ်ဟာ မဒီ ထင်သလို အပျော်အပါး လိုက်စားတတ်တဲ့ ယောကျ်ား မဟုတ်ဘူးဆိုတာ သက်သေပြနိုင်လို့ပဲလေ"

"ဒီမယ်. . . ညီ"

"အင်း. . . ပြောပါမဒီ"





"ဖေဖေ့ဆန္ဒကို မလွန်ဆန်နိုင်လို့ မဒီ ညီ့ကို လက်ထပ်ဖြစ်ခဲ့ရင်တောင်မှ မဒီ့ရင်ထဲမှာ ညီ့အတွက် နေရာ မရှိဘူးဆိုတာ သိထားပါ၊ မဒီ့ကိုယ် မဒီလည်း ချစ်သူအပေါ် သစ္စာမဲ့တဲ့ မိန်းမတစ်ယောက်အဖြစ် တစ်သက်လုံး စိတ်ဆင်းရဲသွားတော့မှာပါ"

"အဟင်း. . . ဟင်း မဒီရာ၊ ညီ့ကို ဒီလောက်ထိ လျှော့မတွက်ပါနဲ့လားကွာ"

"ဟင်"

"ကိုယ်တို့နှစ်ယောက်က တစ်ခါမှ မသိဘူး၊ မမြင်ဘူးကြတဲ့ အစိမ်းသက်သက်တွေ မဟုတ်ဘူးလေ၊ အင်မတန် ခင်မင်ရင်းနှီးခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပါကွာ၊ မဒီ့ကို ကိုယ် ဘယ်လောက်အထိ တန်ဖိုးထား မြတ်နိုးသလဲဆိုတာ တကယ် လက်ထပ်ပြီးတဲ့အချိန်ကျမှ ကိုယ့်စေတနာ မေတ္တာတွေအပေါ် မဒီ အံ့ဩတုန်လှုပ်သွားစေရမှာပါ. . . သိလား. . . ခုချိန်မှာ မဒီ့ရင်ထဲစိတ်ရှုပ်နေမယ်၊ စိတ်ညစ်နေမယ်ဆိုတာ ကိုယ်နားလည်ပါတယ်၊ ဒါတာ အခိုက်အတန့်လေးပါပဲကွာ၊ မဒီ ပျော်ရွှင်အောင်၊ စိတ်ချမ်းသာအောင် ကိုယ် ထားပါ့မယ်၊ ကိုယ့်ကို မချစ်နိုင်ဘူးလို့ မဒီ ပြောချင်သလောက်ပြော၊ ကိုယ် ကျေနပ်တယ်၊ ဘာလို့လဲဆိုတော့ ကိုယ့်အချစ်က မဒီ့ဆီက တုန့်ပြန်မှုတွေထက် ကိုယ့်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် ပေးဆပ် ဖြည့်ဆည်းခွင့်နဲ့ မေတ္တာ အကြင်နာတွေ ဖော်ပြခွင့် ရနိုင်ဖို့သာ အဓိကပါကွာ၊ မဒီဟာ သက်မဲ့ သစ်ငုတ်တိုမှ မဟုတ်တာ၊ လူဖြစ်တဲ့အတွက် ကိုယ့်အပေါ် မှာ တစ်ချိန်ချိန်ကျရင် တုံ့ပြန်မှုတွေ ရှိကို ရှိလာလိမ့်မယ်လို့ ယုံကြည်တယ် သိလား၊ ကိုယ့်အချစ်ကို ကိုယ် လုံးဝ စိတ်ချတယ်ကွာ"

မဒီ လက်လျှော့ဟန် ညှို့ကို မကြည့်တော့ဘဲ ပြောလိုက်၏။

"ကောင်းပြီလေ. . . ညှို့ဆန္ဒအတိုင်းပဲ စီစဉ်ပေါ့ မဒီ့ဖက်က ပြောစရာ ဘာမှ မရှိတော့ပါဘူး"

တကယ်ပင် စကားပြောချင်စိတ်လည်း မရှိလောက်အောင် ညှို့အပေါ် စိတ်ကုန်ခန်းသွားရပါပြီ။

ဖြစ်ချင်ရာဖြစ်. . . မဒီ ကျောက်ရုပ်တစ်ရုပ်အဖြစ်သာ နေသွားပါတော့မည်။

ညှိုက ဝမ်းသာအားရ ရှိသွားရဟန်ဖြင့်. . .

"စေ့စပ်ပြီးတာနဲ့ တစ်ပတ်အတွင်း မင်္ဂလာဆောင်ဖို့ကိစ္စကို အမြန်ဆုံး ကိုယ် စီစဉ်တော့မယ် မဒီရာ. . . နော်"

မဒီ ဘာမှ မပြောတော့။ တုန့်နှေးလေးကန်စွာဖြင့် မိမိအခန်းရှိရာ တက်လာခဲ့ကာ ကုတင်ပေါ် ဝုန်းကနဲ လှဲချပြီးမှ





တင်းထားသမျှ စိတ်ကို လျှော့ချလိုက်ချိန်မှာ မျက်ရည်များက တာကျိုးသလို ဝေါကနဲ သွန်ကျလာရပါတော့၏။

ငိုနေမိတာမှ အကြာကြီးပင်တည်း။ ထိုအချိန်မှာပင် ဖုန်းက မြည်လာသဖြင့် မျက်ရည်သုတ်ကာ ဖုန်းကို အသာယူကာ နားထောင်လိုက်ရ၏။

"ဟုတ်ကဲ့. . . မဒီပါ"

"မဒီ. . . ကိုယ်ပါ"

"ဟင်"

စိုင်းအသံကြောင့် မဒီ ဆတ်ကနဲ တုန်သွားရတော့၏။

"နေကောင်းလား မဒီ၊ အသံက တစ်မျိုးဖြစ်နေသလားလို့"

ငိုထားသဖြင့် နှာသံပါနေရသော မဒီ့အသံက ဖုံး၍မရ။

"ကောင်းပါတယ်. . . စိုင်း၊ မဒီ ပြောစရာရှိတယ် စိုင်းရယ်"

"အင်း. . . ပြော၊ ကိုယ်လည်း အရမ်းသတိရလို့ ဆက်တာပါ"

"စိုင်း"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မဒီ့ကို မေ့လိုက်ပါတော့ စိုင်းရယ်"

"ဟင်. . . ဘာ. . . ဘယ်လို မဒီ"

မဒီ ဖုန်းကို အမြန်ဆုံးချကာ တဆက်တည်းမှာပင် ဖုန်းမှ ဓာတ်ခဲကိုပါ ဖြုတ်ထားလိုက်ပါတော့၏။

မျက်ရည်များက တားမရ ဆီးမနိုင် ကျလာရပြန်လေသည်။

စိုင်းရယ်. . . ခွင့်လွှတ်ပါတော့။ မဒီ့ကို မေ့လိုက်ပါတော့နော်။

ချစ်ခဲ့ပေမယ့် မဒီတို့ မဆုံနိုင်တော့ပါဘူး စိုင်းရယ်။

တကယ် ဝေးကြရတော့မှာပါ။ မဒီ့ရင်တွေ နာကျင်နေပါပြီ စိုင်းရယ်။



## အခန်း [ ၂၃ ]

ဇမ္ဗူရစ် မင်္ဂလာခန်းမထဲမှာ စေ့စပ်မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်လာကြသော ဧည့်ပရိသတ်များဖြင့် စည်ကားနေပါပြီ။

ခေတ္တနားနေခန်းထဲမှာတော့ မဒီတစ်ယောက် ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ထိုင်နေပါသည်။ အနားမှာတော့ စုစု ရှိ၏။

စုစုက မဒီ့အရိပ်အကဲကို အမြဲ ဂရုတစိုက်လေး အတဲခတ်နေသူမို့ ကျောက်ရုပ်တစ်ရုပ်လိုပင် ခံစားမှုမဲ့နေသော မဒီ့ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း မဒီကို စိုးရိမ်နေဟန်ပင်။ ဧည့်သည်များကို ကြိုဆိုဧည့်ခံနေရာမှ မဒီဆီ ဝင်လာကာ အကဲခတ်နေလေသည်။

"သမီး. . . နေကောင်းရဲ့လား"

မဒီပုံစံက ခုပင် ပိုကနဲ လဲကျတော့မည့် လူမမာပုံများ ပေါက်နေလား မသိပါ။

မေမေက နေကောင်းရဲ့လားဟူသော အမေးကို မဒီ မျက်လွှာလေး စင်းစင်းချကာ ခေါင်းညိတ်သည်ဆိုရုံမျှ အဖြေပေးလိုက်သဖြင့် စုစုနှင့် မေမေတို့ တစ်ယောက်ကိုတစ်ယောက် မသက်မသာလေး ကြည့်လိုက်ကြတော့၏။

မေမေ ထွက်သွားတော့မှ စုစုက ဖျောင်းဖျ နှစ်သိမ့်ဟန်လေးဖြင့် နှစ်ကိုယ်ကြားလေး တတွတ်တွတ် ပြောနေပြန်၏။

"မဒီ. . . စိတ်ကို လျှော့ထားလိုက်ပါဟာ၊ ဘာပဲဖြစ်ဖြစ် နင် အရမ်းကံကောင်းပါတယ်နော်၊ ခုပဲကြည့်လေ. . . ငါတို့မြို့မှာ စေ့စပ်မင်္ဂလာပွဲဆိုတာ ဒီလို ကြီးကျယ်စည်ကားတာမျိုး တစ်ခါမှ မမြင်ဖူးသေးပါဘူးဟာ၊ ဒါဟာ . . . နင့်အတွက် ဂုဏ်ယူစရာ မိဘတွေအတွက် ကျေနပ်ပီတိဖြစ်စရာပဲလေ၊ ညီမင်းခန့်ရဲ့ နင့်အပေါ် တန်ဖိုးထားမှုဟာ အားလုံးက ရင်သပ်ရှုမော အံ့သြ





အားကျရလောက်အောင်ကို ရာဇဝင် တွင်သွားစေရပြီလေ၊ ညီ့အပေါ်မှာ နင် သိပ်မတင်းပါနဲ့ဟာ၊ သူဟာ နင့်သူငယ်ချင်း အရင်းခေါက်ခေါက်ပဲလေ၊ လောကမှာ ချစ်တိုင်းမညားဆိုတဲ့ စကားလည်း ရှိတာပဲ မဒီရာ၊ အချစ်ကို ရှေ့တန်းတင်ပြီး နင် ကလေးဆန်နေရင် အိမ်ထောင်ရေးမှာ အဖုအထစ်တွေ ဖြစ်တတ်တယ်၊ ညီက နင့်ကို အရမ်းချစ်ရှာတာပါဟာ"

စုစု စကားတွေကို မဒီရင်ထဲမှာသာ ချေပ ပြောဆိုနေမိ၏။

လူကတော့ ငုတ်တုတ်ကလေးပင်။

*'သူ ဘယ်လောက် ချစ်ပါစေ၊ ငါမှ မချစ်နိုင်တာ စုစုရယ်၊ ဒါပေမယ့် ငါ သူ့အပေါ် ဇနီးတစ်ယောက်ရဲ့ ဝတ္တရား မပျက်ကွက်အောင် နေသွားမှာပါလေ'*

စက္ကန့်၊ မိနစ်တွေသာ တရွေ့ရွေ့ ကုန်သွား၏။ ညီ ရောက်မလာသေးသဖြင့် စုစု အပါအဝင် လူကြီးတွေ လည်တဆန့်ဆန့် ဖြစ်နေကြလေသည်။ စုစုက အထဲဝင်လာလိုက်၊ အပြင်ထွက်သွားလိုက်နှင့် ဂဏာမငြိမ်တော့။

"ဒီကောင်. . . ဘာလုပ်နေတာလဲ၊ ခုထိ မလာသေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



တပြစ်ပြစ် ပြောနေသော စုစုကို မဒီ လုံးဝ မကြည့်ဘဲ စိတ်ထဲ ပြော်နေမိ၏။

'စုစု...ယ်... မဒီ ဆုတောင်းနေတယ် သိလား၊ ညီ ရောက်မလာရင် ကောင်းမှာလို့'

"ငါ ဖုန်းဆက်ပြီး မေးမယ်ဟာ၊ ခဏ... နေဦး"

လောလောဆယ်မှာ မဒီ့ဖုန်းလေးက အိမ်မှာကျန်ခဲ့သဖြင့် စုစုက ခန်းမဖုန်းဖြင့် ဆက်ရန်အတွက် အံ့ဩသံလေးဖြင့် စုစု ခေါ်လိုက်သော အမည်က...

"ဟင်... ကိုစိုင်း"

ကျောခိုင်း ထိုင်နေသော မဒီ ဆတ်ကနဲ ဖြစ်သွားရစွာ အမြန်ဆုံး လှည့်ကြည့်လိုက်တော့ တကယ်ပင် စိုင်း ဖြစ်နေလေပြီ။

"အို"

မဒီ့မျက်နှာတစ်ခုလုံး ဖွေးကနဲ ရှိသွားရပါတော့၏။ စိုင်းကလည်း မျက်နှာအပျက်ကြီးပျက်ကာ နားမလည် နိုင်ဟန်ဖြင့်..

"စုစု... ဘယ်လိုဖြစ်ကုန်တာလဲဗျာ၊ မဒီ ဒါ... ဒါ တကယ်ပဲ၊ မဒီ့ စေ့စပ်မင်္ဂလာ အခမ်းအနားလား ဟင်၊ ကိုယ့်ကို မေ့လိုက်ပါတော့လို့ ပြောတာ... ဒါကြောင့်လား၊ ဖုန်းဆက်လည်း မရလို့ ကိုယ် အမြန်ဆုံး ထွက်လာခဲ့တာ၊ ခုတော့...





နောက်ကျသွားပြီလား မဒီရာ၊ ဟင်... ကိုယ်တို့ တကယ်ပဲ ရေစက် မဆုံနိုင်တော့ဘူးလားကွာ"

မဒီ ဘာမှ မပြောနိုင်တော့။ ရင်ထဲ တလှပ်လှပ် ခေါင်းထဲ တရိပ်ရိပ် မူးနောက်ရီဝေ ကြေကွဲဝမ်းနည်းရလွန်းစွာ စိုင်းမျက်နှာကိုပင် မကြည့်ရဲတော့ဘဲ ခေါင်းတွင်တွင်ရမ်းကာ မျက်နှာကို ငုံ့ထားနေမိတော့၏။

စိုင်းရယ်... မဒီ ဘာမှ မပြောတတ်တော့ပါဘူးနော်။ မဒီ့ကို မုန်းလိုက်ပါ၊ မေ့လိုက်ပါတော့ စိုင်းရယ်...။

စိတ်ထဲမှာပင် စိုင်းကို တတွတ်တွတ် တောင်းပန်နေမိချိန်မှာ မေမေ ဟျာယီဟျာယာ ရောက်လာကာ စိုင်းကိုပင် သတိမထားမိဘဲ မေမေ မျက်စိမျက်နှာပျက်သွားရစွာ ပြောလိုက်လေသည်။

"သမီးရယ်... ဒုက္ခတွေတော့ များပါပြီကွယ်"

"ဟင်"

မေမေ့ တုန်ရင်စွာ ညည်းညူသံကြောင့် မဒီ မေမေ့ကို ဆတ်ကနဲ ကြည့်မိတာမှ အလန့်တကြားလေး...

စိုင်းရောက်လာ၍ မေမေ ပြောနေတာများလားမှ...

သို့သော် မေမေ ဆက်ပြောလိုက်သော စကားတွေက တကယ့်ကို အံ့ဩ ထိတ်လန့်တုန်လှုပ်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ညီမင်းခန့်ကို လာဖမ်းသွားပြီတဲ့ကွယ်"

"ရှင်. . . မေမေ"

"မူးယစ်ဆေးဝါးမှုနဲ့တဲ့လေ၊ အခု. . . အချုပ်ထဲမှာ"

"အို"

"သူ့အိပ်ခန်းထဲမှာ ဘိန်းဖြူတွေ အများကြီးနဲ့ လက်ပူး လက်ကြပ် ဖမ်းလိုက်တာတဲ့ သမီးရယ်"

"ဒို. . . ဘုရားရေ"

စုစုလည်း ရင်ဘတ်လေးဖိကာ ပါးစပ်ဟောင်းလောင်းဖြင့် ဘာမှ မပြောနိုင်။ မဒီ ဘာမပြော ညာမပြော ဆတ်ကနဲထကာ စိုင်းဆီ လျှောက်လာလိုက်ပြီးမှ မေမေ့ကို ပြောလိုက်၏။

"မေမေ. . . သမီးဖက်က တာဝန်ကျေပါပြီနော်၊ ဖေဖေ့ကို ပြောလိုက်ပါတော့ မေမေရယ်၊ သမီး စိုင်းနဲ့ လိုက်သွားပါရစေတော့နော်၊ လာ. . . စိုင်း သွားကြပါစို့၊ မေမေ. . . သမီးတို့ကို ခွင့်ပြုပါဦးနော်"

"သမီး"

နံဘေးတွင် မလွယ်ပေါက်မှတဆင့် မဒီ၊ စိုင်းနှင့်အတူ ထွက်လာခဲ့၏။ ကားပေါ်ရောက်မှ မဒီ တင်းထားသမျှ စိတ်ကို လျှော့ချလိုက်တော့ စိုင်း ပုခုံးလေးမှာ ခေါင်းသာမှီရင်း နွမ်းလျစွာ ပြောလိုက်၏။





"တော်ပါသေးရဲ့ စိုင်းရယ်၊ မဒီ့စိတ်ထဲမှာ ဝေးကြပါပြီလို့ အရမ်း ဝမ်းနည်းနေမိတာ၊ ရောက်လာပေးတဲ့အတွက် ကျေးဇူးပါပဲ စိုင်းရယ်၊ ကျေးဇူးတင်ပါတယ်နော်၊ မဒီလေ. . . အရမ်းကို ပင်ပန်းလှပါပြီ၊ စိုင်းကိုလည်း တကယ် တောင်းပန်ပါတယ်"

တိုးတိမ်စွာ တတွတ်တွတ် ပြောနေသော မဒီ့ပုခုံးလေးတို ကြင်နာစွာ သိုင်းဖက် ဆုတ်ညှစ်လိုက်ပြီးမှ စိုင်းလည်း မေးလိုက်၏။

"မဒီ. . . အခု ဘယ်သွားချင်လဲဟင်၊ ပြော. . . မဒီ ဖြစ်ချင်တာ စိုင်း ဖန်တီးပေးမယ် ဟုတ်လား"

စိုင်းစကားကို အပြုံးယဲ့ယဲ့လေးဖြင့် မဒီ ခေါင်းညိတ်ကာ ပြောလိုက်၏။

"စိုင်းသွားချင်တဲ့ နေရာပါပဲ စိုင်းရယ်၊ မဒီလေ စိုင်းရင်ခွင်ထဲမှာ စိတ်ချလက်ချ နားခိုပါတော့မယ်နော်"

"တကယ်လား မဒီ"

"အင်း"

"ကောင်းပြီ. . . ဒါဖြင့် အခုပဲ မဒီ့ကို ကိုယ် ရန်ကုန်ကို ခေါ်သွားတော့မယ်ကွာ. . . ဟုတ်လား"

"စိုင်း သဘောပါပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဒီ"

"ဟင်"

"ရန်ကုန်မှာ ကိုယ်တို့နှစ်ယောက်နေဖို့ ခြံဝင်းလေးနဲ့ လုံးချင်းတိုက်က အဆင်သင့်ပါပဲကွာ"

"ရှင်. . . စိုင်း"

"မဒီ့ဖေဖေ ကျေနပ်စေမယ့် အနေအထားတွေ ကိုယ့်မှာ ရှိနေပြီးသားပါ၊ ကိုယ် မကြွားချင်လို့ ချိုထားတာ၊ ကံကောင်းလို့ အချစ်ကို ဆုံးရှုံးရတော့မလိုလို ဖြစ်သွားတာ တော်ပါသေးရဲ့ကွာ"

"စိုင်း"

"တောင်ကြီးနဲ့ ရန်ကုန်မှာ ကိုယ့်တည်းခိုခန်းတွေ ရှိတယ် မဒီ၊ ဘာမှ မစိုးရိမ်နဲ့တော့ ဟုတ်လား"

"စိုင်းရယ်. . ."

စိုင်းလက်ကို မဒီ တင်းကြပ်စွာ ဆုပ်ကိုင်ထားမိ၏။

ရင်ထဲမှာတော့ နွေးထွေးချိုမြိန်သော ကြည်နူးမှုများဖြင့် ချမ်းမြေ့ရပါဘိခြင်း။

**စာရှုသူများ၏ မေတ္တာရိပ်မှ...**

ခင်သူဇာ



BURMESE CLASSIC
www.burmeseclassic.com